စီစဉ် ထုတ်လုပ်မှု - ရာပြည့် ဦးစိုးညွန့်

မျက်နှာဖုံးပန်းချီ - ဝင်းမြင့်ဦး

စာအုပ်ချုပ် - ကိုမြင့်

အုပ်ရေ (၁၀၀၀)

တန်ဖိုး - ၁၀၀၀ ကျပ်

ပုံနှိပ်ခြင်း

ပထမအကြိမ် - (၁၉၆၃) အမျိုးသား

ဒုတိယအကြိမ် - (၁၉၆၅) အမျိုးသား

တတိယအကြိမ် - (၁၉၇၀) လောကစာပေ

စတုတ္ထအကြိမ် - (၁၉၇၇) သုတေသီစာပေ

ပဥ္စမအကြိမ် - (၁၉၈၀) နဝဒေးစာပေ

ဆဋ္ဌမအကြိမ် - (၁၉၈၉) စာပေလောက

သတ္တမအကြိမ် - (၁၉၉၇) ရာပြည့်စာအုပ်တိုက်

မျက်နှာဖုံးရိုက်

ဦးမြသိန်း (၀၁၄၂၇)၊ သိန်းမြင့်ဝင်း အော့ဖ်ဆက်

အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်တင်တင်ဌေး (၀၅၂၄၀)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်

အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးလှကြိုင် (၀၂၃၃)၊ လောကစာပေ

အမှတ် ၃၊ ငါးထပ်ကြီး ဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် ၄၁၄ / ၉၇ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၅၃ / ၉၇ (၈)

# ညီတော် မင်းနန်

## ပါရဂူ

*(ကဗျာဆရာ၊ ဗုဒ္ဓ အဘိဓမ္မာဆရာ အသဃဃောသ၏ သက္ကတ ကဗျာ 'ဆောက်ဒရ နန္ဒ' ကို မြန်မာစကားပြေဖြင့် ဘာသာပြန်ဆိုသည်။)*

## မာတိကာ

နိဒါန်း


၁။ ကပိလဝတ် နေပြည်တော် ...... စာ-၁၃
၂။ ဘုရင် သုဒ္ဓေါဒန ...... စာ-၁၆
၃။ တထာ ဂတ ...... စာ-၁၈
၄။ နန္ဒနှင့် သုန္ဒရီ ...... စာ-၂၀
၅။ နန္ဒ ရဟန်းပြုခြင်း ...... စာ-၂၃
၆။ သုန္ဒရီ၏ အပူမီး ...... စာ-၂၆
၇။ နန္ဒမင်းသား၏ အပူမီး ...... စာ-၃၀
၈။ မိန်းမ အပြစ် ...... စာ-၃၂
၉။ မာန်မာန၏ အပြစ် ...... စာ-၃၇
၁၀။ နတ်ပြည်သို့ ...... စာ-၄၁
၁၁။ နတ်ပြည်၏ အပြစ် ...... စာ-၄၆
၁၂။ ယုံကြည်သဒ္ဓါ ...... စာ-၅၁
၁၃။ အကျင့်သီလ ...... စာ-၅၄
၁၄။ သတိတရား ...... စာ-၅၇
၁၅။ ဝိတက်ကို ပယ် ...... စာ-၆၁
၁၆။ အရိယ သစ္စာ ...... စာ-၆၅
၁၇။ အမြိုက် ချမ်းသာ ...... စာ-၇၁
၁၈။ တရားဟောသူ နန္ဒ ...... စာ-၇၆

## နိဒါန်း

စာဖတ်သူများ၏ လက်ဝယ်တွင် ရောက်ရှိနေသော သုန္ဒရနန္ဒ (လှသော နန္ဒ) ခေါ် ညီတော်မင်းနန် သည် ကဗျာဆရာ၊ သို့မဟုတ် ဗုဒ္ဓ အဘိဓမ္မာဆရာ အသဃောသ၏ သက္ကတဘာသာဖြင့် ဖွဲ့ဆိုသီကုံးထားသော ဆောက်ဒရ နန္ဒ ခေါ် ကဗျာအဖွဲ့ကို မြန်မာ စကားပြေဖြင့် ဘာသာပြန်ဆိုထားသည့် စာအုပ် ဖြစ်သည်။ ဤကဗျာ ဝတ္ထု၏ အဓိက ဇာတ်ဆောင်ပုဂ္ဂိုလ်မှာ ဗုဒ္ဓရှင်တော်ဘုရား၏ ညီတော် နန္ဒ ဖြစ်သည်။

သိဒ္ဓတ္ထနှင့် နန္ဒသည် ညီနောင် တော်ကြသော်လည်း သူတို့နှစ်ဦး၏ သဘော သဘာဝသည် ငယ်စဉ် ကတည်းကပင် တောင်နှင့် မြောက်ပမာ ဖီလာ ဖြစ်လာခဲ့ကြသည်။ သိဒ္ဓတ္ထသည် ငယ်စဉ် ကာလကပင် လောကကို ငြီးငွေ့ပြီး သစ္စာတရားကို မရှာမှီးလိုသည့် ဆန္ဒ ရှိခဲ့သည်။ ထီးနန်းစည်းစိမ်ကို စွန့်ပယ်ပြီး မလျှော့သော လုံ့လဖြင့် သမ္မာသမ္ဗုဒ္ဓဖြစ်အောင် ကြိုးပမ်း အားထုတ်ခဲ့သည်။ နန္ဒကမူ ထိုကဲ့သို့ မဟုတ်ပေ။ လောကီအာရုံကို ခုံမင်တွယ်တာခြင်းသည် သူ့စရိုက် သူ့ဝသီ ဖြစ်သည်။ ကာမဂုဏ် ညွှန်တွင်း၌ ကျွံနစ်နေသည့် နန္ဒအား ဗုဒ္ဓက ထုတ်ဆယ် ကယ်တင်ခဲ့ရသည်။ ယင်းအကြောင်းကို ကဗျာဆရာ အသဃောသက သုန္ဒရ နန္ဒတွင် အနုပညာ မြောက်စွာ ကဗျာ ဖွဲ့ထားသည်။

## နန္ဒ၏ အကြောင်း

သုန္ဒရ နန္ဒတွင် ပါသော နန္ဒ၏အကြောင်းကို အကျဉ်းချုပ် ဖော်ပြရမည်ဆိုလျှင် ...

သုန္ဒရီသည် နန္ဒ၏ ကြင်ဖက်ဇနီး ဖြစ်သည်။ နန္ဒသည် ဗုဒ္ဓ၏ညီတော် ဖြစ်သည်။ နန္ဒနှင့် သုန္ဒရီတို့သည် တစ်ဦးနှင့်တစ်ဦး အလွန်တရာပင် ချစ်ခင် မြတ်နိုးကြသည်။ တစ်နေ့သ၌ ဗုဒ္ဓသည် နန္ဒအား ကျောင်းတော်သို့ ခေါ်ဆောင်သွားပြီး ရဟန်းပြုပေးလိုက်၏။

ချစ်သူနန္ဒ ပြန်မလာသဖြင့် သုန္ဒရီ အပူမီး တောက်လောင်နေသကဲ့သို့ပင် နန္ဒလည်း ချစ်သူ သုန္ဒရီနှင့် ကွဲကွာနေရသဖြင့် အတိဒုက္ခ ရောက်နေရှာသည်။ မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်နေသည်။ ရဟန်းများက နန္ဒအား တရားပြကြ၏။ သို့ရာတွင် အရာမထင် အချည်းနှီး အလဟဿပင်။

ထိုအခါ ဗုဒ္ဓသည် နန္ဒအား ဟိမဝန္တာတောင် ခေါ်ဆောင်သွား၏။ ဟိမဝန္တာတောင်၌ မျောက်မ မျက်ကန်း တစ်ကောင်ကို ပြပြီး ဗုဒ္ဓက နန္ဒအား "နန္ဒ၊ ဒီ မျောက်မ မျက်ကန်းနှင့် သင့်ချစ်ဇနီး သုန္ဒရီ ဘယ်သူက လှသနည်း" ဟု မေးလေသည်။ နန္ဒက ပြုံးပြီး "ဒီ မျောက်မ မျက်ကန်းနှင့် အရှင်ဘုရား၏ ခယ်မတော်ဟာ မနှိုင်းအပ် မယှဉ်အပ်ပါ" ဟု ပြန်လျှောက်ထားသည်။

ထို့နောက် ဗုဒ္ဓသည် နန္ဒအား ဟိမဝန္တာတောင်မှ တစ်ဆင့် နတ်ပြည်လောကသို့ ခေါ်ဆောင်သွားပြန်သည်။ နတ်လောက၌ နတ်ကညာများကို တွေ့မြင်ရသောအခါ ဗုဒ္ဓသည် နန္ဒအား နတ်ကညာများနှင့် သုန္ဒရီ၏ ခြားနားချက်ကို မေးမြန်းသည်။ ထိုအခါ နန္ဒက "မျောက်မ မျက်ကန်းနှင့် အရှင်ဘုရား၏ ခယ်မတော် မနှိုင်းအပ် မယှဉ်အပ်သလို ဒီနတ်ကညာများနှင့်လည်း အရှင်ဘုရား၏ ခယ်မတော်ဟာ မနှိုင်းအပ် မယှဉ်အပ်ပါ" ဟု လျှောက်ထားသည်။

နန္ဒသည် သုန္ဒရီကို မေ့ပြီး နတ်ကညာများကို စွဲစွဲလမ်းလမ်း ဖြစ်သွားသည်။ နတ်ကညာများကို ရယူပေါင်းသင်းလိုသည့် အာသာဆန္ဒ ပြင်းပြလာသည်။ ထိုအခါ ဗုဒ္ဓက နန္ဒအား ယင်းနတ်ကညာများကို ရရာရကြောင်း နည်းလမ်းကား တရားအကျင့်ကို ကျင့်ကြံအားထုတ်ခြင်းပင် ဖြစ်၏ဟု ပြောပြသည်။

နန္ဒသည် နတ်ကညာများကို ရလိုစိတ်ဖြင့် တရားအကျင့်ကို ကျင့်ကြံ အားထုတ်သည်။ ထိုအခါ အာနန္ဒာက နန္ဒအား နတ်စည်းစိမ်ဟူသည်မှာ မမြဲကြောင်း၊ တစ်ခဏသာ ခံကြောင်း၊ ကံကုသိုလ် ကုန်ဆုံးပါက နတ်ပြည်လောက က ပြန်ဆင်းလာရတတ်ကြောင်းကို ရှင်းလင်း ပြောပြ၏။ နန္ဒ သဘောပေါက်သွားသည်။ ဗုဒ္ဓ အထံတော်မှ တရား အဆုံးအမကို နာကြားရပြီးနောက် တရားအကျင့်ကို ကျင့်ကြံ အားထုတ်သောအခါ နန္ဒသည် ရဟန္တာ ဖြစ်သွားသည်။

## မူကွဲ

နန္ဒ၏ အကြောင်းအရာသည် ဥဒါန်း၌ လည်းကောင်း၊ ဇာတ်တော်၌ လည်းကောင်း၊ ဓမ္မပဒ အဋ္ဌကထာ၌ လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ဤ သုန္ဒရ နန္ဒတွင် ဖော်ပြပါရှိသည့် နန္ဒ၏ အကြောင်းအရာနှင့် ပါဠိစာပေများတွင် ပါရှိသည့် နန္ဒ၏ အကြောင်းအရာတို့သည် အတန်ငယ် ကွဲပြားခြားနားမှု ရှိသည်။

သုန္ဒရ နန္ဒ ကဗျာအဖွဲ့သည် တရားနှင့် အချစ်၏ စစ်ပွဲကို သရုပ်ဖော်ထားသည့် ကဗျာအဖွဲ့ ဖြစ်သည်။ နန္ဒ၏ စိတ်နှလုံးထဲတွင် ကာမဂုဏ် အာရုံနှင့် တရားဓမ္မတို့သည် တိုက်ပွဲ ဖြစ်ကြသည်။ အပြီးသတ်တွင်မူ တရားဓမ္မက အနိုင်ရသွား၏။

သုန္ဒရ နန္ဒ၌ နန္ဒနှင့် သုန္ဒရီ ချစ်သူ မောင်မယ်တို့၏ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ကြပုံကို ဖွဲ့ဆိုရာ၌ အောင်မြင်မှု ရရှိသည်။

## ကဗျာစွမ်းရည်

ကဗျာသည် လူသား၏ စိတ်နှလုံးကို ဆွဲဆောင်ယူရာ၌ အထိရောက် ဆုံးသော၊ အရေးပါ အရာရောက် ဆုံးသော လက်နက် ကိရိယာတစ်ခု ဖြစ်သည်။ သို့ဖြစ်၍ ခက်ခဲ နက်နဲသည့် အဘိဓမ္မာနှင့် တရားဓမ္မ သဘောများကို ရိုးရိုး ပြည်သူလူထု၏ နှလုံးအတွင်း ထွင်းဖောက် ဝင်ရောက် သွားစေရန်အတွက်

အချို့ပညာရှင်များသည် ယခင်အခါကလည်း ကဗျာ၏ အကူအညီကို ယူဖူးခဲ့ကြလေပြီ။ ယနေ့လည်း ယူနေကြသည်။ နောင်ကိုလည်း ယူကြပေဦးမည်။

ဤ သုန္ဒရ နန္ဒ ကဗျာကို ဖွဲ့သူ အသဃောသသည် ထင်ရှားကျော်ကြားသည့် ဗုဒ္ဓအဘိဓမ္မာ ဆရာကြီးတစ်ဦး ဖြစ်၏။ သို့ရာတွင် သူသည် ကဗျာအနုပညာကို လက်မလွှတ်ပေ။ ကဗျာ တန်ဖိုးထားပုံကို သုန္ဒရ နန္ဒ ကဗျာအဆုံးသတ်တွင် အသဃောသက အောက်ပါအတိုင်း ရှင်းလင်းပြသထားသည်။

"လွတ်ငြိမ်းမှု တရားဓမ္မ ဟောပြောချက်များ အပြည့်ရှိသော ဤကျမ်းသည် ငြိမ်းချမ်းမှု ပေးရန်အတွက် ဖြစ်သည်။ ရွှင်ပျော်မှု ပေးရန်အတွက် မဟုတ်ပေ။ စာဖတ်သူများအား ဆွဲဆောင်ရန်အတွက် ဤကျမ်းကို ကဗျာအဖွဲ့ဖြင့် ဖွဲ့ဆိုရေးသားခြင်း ဖြစ်သည်။ ဤကျမ်း၌ လွတ်ငြိမ်းမှု တရားဓမ္မများမှတစ်ပါး ကျွန်ုပ်ထည့်သွင်း ဖော်ပြထားသည့် အရာများမှာမူ ကဗျာသဘောအရ ရသ ရှိစေရန်အတွက် ဖြစ်သည်။ ဆေးခါးကို သောက်ရန်အတွက် အချို ရောထားသကဲ့သို့ ဖြစ်သည်"

## သုန္ဒရ နန္ဒ

သုန္ဒရ နန္ဒသည် အခန်း ၁၈ ခန်း ပါဝင်သည့် ကဗျာအဖွဲ့ ဖြစ်သည်။ ယင်း ကဗျာအဖွဲ့၌ ဗုဒ္ဓတရားများကို ပေါ်လွင်ထင်ရှားသော စကားလုံးများဖြင့် သီကုံးဖွဲ့ဆိုထားသည်။ ယင်း ကဗျာအဖွဲ့သည် ထေရဝါဒီ အယူအဆကို အဓိကထားပြီး ဖွဲ့သည့်ကဗျာ ဖြစ်သည်ဟု ဆိုကြသည်။

သုန္ဒရ နန္ဒ ကဗျာအဖွဲ့ကို နီပေါဘုရင်၏ စာကြည့် ပိဋကတိုက်၌ ပထမဆုံး စ၍ တွေ့၏။ ထို စာကြည့် ပိဋကတ်တိုက်၌ သုန္ဒရ နန္ဒ ကဗျာ ရေးဟောင်းလက်ရေး ပရပိုက်မူ နှစ်ခုကို တွေ့ကြသည်။ ထိုမူ နှစ်ခုလုံးမှာ မူကောင်း မူသန့်များ မဟုတ်ကြပေ။ ယင်းမူများကို အခြေခံပြီးလျှင် ပဏ္ဍိတ် ပရာပရဆတ် ရှာဆတရီ ဆိုသူက သုန္ဒရ နန္ဒကို တည်းဖြတ်သုတ်သင်ပြီးလျှင် ၁၉၁၀ ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေလိုက်သည်။ ထိုနောက်တွင် ဥရောပတိုက်မှ ပညာရှင်ပေါင်း များစွာက သုန္ဒရနန္ဒ ကဗျာကို မူကောင်း မူသန့် ဖြစ်လာအောင် အပင်ပန်းခံပြီး တည်းဖြတ် သုတ်သင်ကြသည်။ ၁၉၂၈ ခုနှစ်တွင် မူလ မူဟောင်းများနှင့် သုတ်သင် တည်းဖြတ်ပြီးဖြစ်သည့် မူများကို အခြေခံပြီးလျှင် ဒေါက်တာ ဂျွန်စတန်က သုန္ဒရနန္ဒ ကဗျာ မူကောင်း မူသန့် စာအုပ်တစ်အုပ် ရိုက်နှိပ် ထုတ်ဝေခဲ့သည်။

သုန္ဒရ နန္ဒ၌ ကဗျာ၏ အင်္ဂါရပ်ဖြစ်သော သိင်္ဂါရ ရသ၊ သန္တ ရသ စသည်တို့ အပြည့်အဝ ပါရှိသည်။ သုန္ဒရနန္ဒတွင် ပါဝင်သည့် ကဗျာအဖွဲ့ အချို့ကို ဤနိဒါန်းတွင် မိတ်ဆက် သဘောဖြင့် ထုတ်နုတ် ဖော်ကြရမည်ဆိုလျှင် ...

## မိတ်ဆက်ကဗျာ

ဗုဒ္ဓသည် နန္ဒ၏ နန်းဆောင်သို့ ဆွမ်းခံ ကြွလာသည်။ သို့ရာတွင် မည်သူကမှ ဆွမ်းမလောင်းသဖြင့် ပြန်လှည့်ထွက်သွားသည်။ ထိုအကြောင်းကို နန္ဒ ကြားသိသောအခါ စိတ်မကောင်း ဖြစ်သွားပြီး သုန္ဒရီအား စိတ်မချတချဖြင့်

ဗုဒ္ဓနောက်သို့ လိုက်သွား၏ ထိုပန်းချီကားကို သုန္ဒရ နန္ဒ၌ ဤသို့ သရုပ်ဖော်ထားသည်။

"ဗုဒ္ဓအား ကြည်ညိုလေးစားသည့် စိတ်ဓာတ်သည် နန္ဒ မင်းသားအား ရှေ့သို့ ဆွဲခေါ်သွားသည်။ သို့ရာတွင် မယားစိတ်က သူ့ကို နောက်သို့ ပြန်တုံ့ ဆွဲနေသည်။ မရေမရာ ဖြစ်နေသဖြင့် သူသည် ရှေ့သို့လည်း တိုးမသွားပေ။ ရပ်တန့်၍လည်း မနေပေ။ လှိုင်းတံပိုးပေါ်၌ ကူးနေသော ဟင်္သာမင်းသည် ရှေ့သို့လည်း တိုးမသွား၊ ရပ်တန့်၍လည်း မနေသကဲ့သို့ ထိုနည်းအတိုင်းပင် နန္ဒ၏ အခြေအနေ ဖြစ်နေသည်"

ရေလှိုင်းသည် ရေပေါ် ကူးသွားနေသည့် ဟင်္သာအား နောက်သို့ ပြန်ပို့သည်။ ကူးခတ်နေသော ဟင်္သာငှက်ကမူ ရှေ့သို့ တိုးသွားနေသည်။ ထိုအခါ၌ ဟင်္သာငှက်သည် ရှေ့သို့လည်း တိုးမသွား၊ တစ်နေရာတည်းတွင်လည်း ရပ်မနေနိုင်ပေ။ ထိုဟင်္သာငှက်နှင့် နန္ဒကို ဥပမာ ပေးထားသည်။ အလွန်လှပသည့် ဥပမာဖြစ်ပြီး နန္ဒ၏ စိတ်အခြေအနေကို ကွက်ခနဲ ပေါ်မြင်စေခဲ့သည်။ ယင်းအသုံးမျိုးကို အတုလိုက်ပြီး ကဗျာဆရာကြီး ကာလီဒါသသည် ကုမာရသမ္ဘဝ တွင် သုံးနှုန်းဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

ယင်း အနက် အဓိပ္ပာယ်ကိုပင် ကဗျာဆရာ အဿဃောသသည် နောက်ထပ် လှပသည့် ဥပမာတစ်ခုဖြင့် ဖော်ပြပြန်သည်။

"သုန္ဒရီအား မျက်နှာလွှဲခဲ့ပြီးလျှင် နန္ဒသည် နန်းတော် အောက်သို့ လျင်မြန်စွာ ဆင်းသက်လာခဲ့သည်။ သို့ရာတွင် ခြေချင်းသံ ကြားရပြန်သဖြင့် နောက်ဆံ တင်းသွား ပြန်သည်။ ကာမဂုဏ်အာရုံက သူ့အား တုပ်နှောင်ထားသည်။ သို့ရာတွင် တရားဓမ္မစိတ်က သူ့ကို ရှေ့သို့ ဆွဲဆောင် ခေါ်ငင်နေသည်။ သို့ဖြစ်၍ သူသည် ရေဆန်ကို လှော်တက်နေရသည့် လှေနာဝါကဲ့သို့ ခဲယဉ်းစွာဖြင့်ပင် ရှေ့သို့ တိုးသွားနေရ၏"

နန္ဒသည် သုန္ဒရီအား အလွန်တရာ ချစ်မြတ်နိုးသည်။ သုန္ဒရီသည် နန္ဒအား မခွဲနိုင် မခွာရက်ပေ။ သူတို့နှစ်ဦး၏ ချစ်ခင်ကြင်နာပုံကို ကဗျာဆရာက ဤသို့ ခြယ်မှုန်းရေးပြထားသည် ...

" နန္ဒက စက္ကဝက်ငှက်ဖိုဆိုလျှင် သူ၏ကြင်ရာ သုန္ဒရီက စက္ကဝတ်ငှက်မ ဖြစ်သည်။ ဇနီးမောင်နှံ နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အရိပ် တကြည့်ကြည့် ဖြစ်နေကြ၏။ နန္ဒသည် သုန္ဒရီနှင့် ကင်းကွာနေလျှင် လည်းကောင်း၊ သုန္ဒရီသည် နန္ဒနှင့် ကင်းကွာနေလျှင် လည်းကောင်း လမင်းနှင့် ကင်းကွာနေသည့် ညဉ့်ကဲ့သို့ လည်းကောင်း တင့်တယ်ခြင်း မရရှိပေ"

သုန္ဒရနန္ဒ ကဗျာ၌ ဗုဒ္ဓ အဘိဓမ္မာနှင့် တရားတော် အချက်အလက်များကို လှလည်း လှပ၊ သိလည်း သိလွယ်သည့် စကားလုံးများဖြင့် ဖွဲ့ဆိုရေးပြထားသည်ကို တွေ့ရသည်။ နိဗ္ဗာန်၏ အကြောင်းကို ဤကဲ့သို့ ရှင်းလင်းထားသည်။

“ချုပ်ငြိမ်းသွားသည့် ဆီမီးသည် မြေကြီးပေါ်မှာလည်း ရှိမနေပေ။ ကောင်းကင်သို့လည်း ရောက်မသွား။ ဘယ်အရပ် မျက်နှာများသို့မှလည်း ရောက်မသွား။ ဆီကုန်ခန်းသွားသည်ဖြစ်၍ ငြိမ်းချမ်းမှု ရရှိသွားခြင်း မျှသာလျှင် ဖြစ်၏။ ထိုနည်းတူစွာ နိဗ္ဗာန်သို့ ရောက်ရှိသွားသည့် ပုဂ္ဂိုလ်သည် မြေကြီးပေါ်မှာလည်း ရှိမနေပေ။ ကောင်းကင်တို့လည်း ရောက်မသွား။ ကိလေသာဆီ ကုန်ခန်းသွားသည်ဖြစ်၍ ငြိမ်းချမ်းမှု ရရှိသွားခြင်းသာလျှင် ဖြစ်ပေ၏”

နိဗ္ဗာန်သဘောကို ဆီမီးနှင့် ဥပမာပေးပြီး လွယ်လွယ်ကလေး ပြောပြထားသည်။ အချို့ ပုဂ္ဂိုလ်များက သေသည်၏ အခြားမဲ့၌ နှစ်လိုဖွယ်ကောင်းသည့် ဘုံလောက တစ်ခုခု၌ နိဗ္ဗာန်ရှိသည်ဟု အထင်အမှတ် မှားနေကြသည်။ အမှန်ကား ယင်းသို့ မဟုတ်။ ဤလောက၌ပင် ကိလေသာ ဆီကုန်ခန်းသွားသောကြောင့် နိဗ္ဗာန်သို့ ရောက်သွားရခြင်း ဖြစ်သည်။ ငြိမ်းချမ်းမှု ရရှိသွားရခြင်း ဖြစ်သည်။

နိဗ္ဗာန်နှင့် ဆီမီး ဥပမာကိုမူ ကဗျာဆရာသည် ပါဠိပိဋကမှ ယူထားပုံရသည်။ မဇ္ဈိမနိကာယ် စူဠဟတ္ထိ ပဒေါပမသုတ်တွင် လည်းကောင်း၊ မဇ္ဈိမနိကာယ် ဓာတုဝိဘင်္ဂသုတ်တွင် လည်းကောင်း ဗုဒ္ဓသည် နိဗ္ဗာန်ကို ဆီမီးနှင့် ဥပမာပေးပြီး ညွှန်ကြားဟောပြ ထားတော်မူသည်။

နန္ဒသည် ရဟန်းပြုလိုက်သော်လည်း ကြင်ရာဒေဝီ သုန္ဒရီအား စွဲလမ်းတမ်းတနေသည့် စိတ်က သူ့ကို ဒုက္ခပေးနေသည်။ ရဟန်းဘဝမှာ မပျော်။ ချစ်ဇနီးဆီသို့သာလျှင် အာရုံရောက်နေ၏။ ထိုအခါ မေတ္တေယျ အမည်ရှိ ရဟန်းတစ်ပါးက နန္ဒအား အနိစ္စတရားကို ရှင်းလင်း ပြောပြသည်။ ကိုယ်ကာယ အမြဲမတည်ပုံကို ကဗျာဆရာက ဤသို့ ဖွဲ့နွဲ့ထားသည်။

“သင့်ကိုယ်ကို ခွန်အားဗလ ရှိသည်ဟု ထင်မှတ် နေပါသလော။ ဤကိုယ်ခန္ဓာသည် မြေအိုးထက်ပင် အနှစ်သာရ ကင်းမဲ့၏ဟု ကျွန်ုပ်ထင်သည်။ အဘယ့်ကြောင့်ဆိုလျှင် မြေအိုးကို စနစ်တကျထားလျှင် ကြာရှည် လေးမြင့်စွာ ခံ၏။ ကိုယ်ခန္ဓာကမူ စနစ်တကျ ထားစေကာမူ ကြာရှည်မခံ။ ပျက်စီးယိုယွင်းသွားတတ်၏။

“မိမိ၏ သစ်လွင်သည့် အရွယ်ကို ကြည့်ပြီး သင်၏စိတ်သည် ကာမဂုဏ်အာရုံခံစားဖို့ရန်အတွက် ရေးရှူနေသည် မဟုတ်လော။ တောင်ကျချောင်းကဲ့သို့ အဟုန်ပြင်းသည့် ယင်းစိတ်ကို ဟန့်တားထားပါလော့။ ဘယ်တော့မှ ပြန်မလာသည့် အရွယ်သည် အရှိန်ပြင်းစွာဖြင့် ရှေ့သို့ တိုးသွားနေ၏။ ကုန်လွန်သွားသည့် ဥတုသည် တစ်ဖန် ပေါ်လာပြန်သည်။ တဖြည်းဖြည်း ကုန်သွားသည့် လမင်းသည်လည်း တစ်ဖန် ပြန်ပြည့်လာသည်။ မြစ်ရေနှင့် လူတို့၏ အရွယ်ကမူ သွားပြီးသည့်နောက် တစ်ဖန် ပြန်လာသည် ဟူ၍ မရှိပေ”

ကဗျာဆရာ သို့မဟုတ် ဗုဒ္ဓ အဘိဓမ္မာ ဆရာကြီး အသဃောသသည် သုန္ဒရနန္ဒ၌ မိန်းမတို့၏ အကြောင်းကို ဤကဲ့သို့ ဝေဖန်ထားသည်။

“အဆိပ်နွယ်ပင်ကို ထိလျှင် လည်းကောင်း၊ မြွေရှိသည့် ဂူအတွင်း၌ နေလျှင် လည်းကောင်း၊ ဓားသွားကို ကိုင်လျှင် လည်းကောင်း ဒုက္ခ တွေ့ရတတ်သကဲ့သို့ မိန်းမများနှင့် နီးနီးကပ်ကပ် နေလျှင် ဒုက္ခ တွေ့ရတတ်၏။ မိန်းမများသည်

ယစ်မူးခြင်းကို ဖြစ်စေတတ်၏။ ယစ်မူးခြင်း ကုန်လွန်သွားသည့်အခါ ဘေးဘယကို ဖြစ်ပေါ်စေတတ်၏။

"မိန်းမများ၏ စကားသည် သကာလို ချိုသော်လည်း သူတို့၏ နှလုံးကမူ တမာလို ခါးသည်။ လောင်ကျွမ်းနေသည့် မီးကိုလည်း ဖမ်းကိုင်၍ ရ၏။ အထည်ကိုယ် ဒြပ်မရှိသည့် လေကိုလည်း ဖမ်းကိုင်၍ ရ၏။ ဒေါသပြင်းထန်သည့် မြွေကိုလည်း ဖမ်းကိုင်၍ ရ၏။ သို့ရာတွင် မိန်းမများ၏ စိတ်နှလုံးသည်ကား ဖမ်းကိုင်၍ ရသည့်အရာ မဟုတ်ပေ"

မေတ္တေယျ ရဟန်းသည် နန္ဒအား ကာမဂုဏ်အာရုံတို့၏ အပြစ်ဒေါသတို့ကို ညွှန်ပြပြီး ဆိုဆုံးမလေ၏။ သို့ရာတွင် နန္ဒသည် ကာမဂုဏ် အာရုံနယ်တွင်းမှာပင် တဝဲလည်လည် ဖြစ်နေတုန်း ရှိသေးသည်။ မေတ္တေယျ ရဟန်း၏ အဆုံးအမကို နာကြားရသော်လည်း တရားဓမ္မဆီသို့ စိတ်မရောက်။ ရဟန်းပြုထားသော်လည်း လူ့ဘောင်သို့ပင် ပြန်သွားချင်သည့် စိတ် ပေါက်နေ၏။ ထိုသဘောကို ကဗျာဆရာက ဤသို့ စိတ်ဝင်စားဖွယ် ဥပမာများဖြင့် ရေးသား ဖော်ပြထားသည်။

"မုဆိုး၏ ရန်ကို ကြောက်ပြီး လွတ်မြောက် ထွက်ပြေးလာသည့် မျက်စိပြူးတူးပြဲတဲနှင့် သမင်ကလေးသည် ကိုယ့်အသိုက်အဝန်း ရှိရာကို ပြန်သွားချင်သည့်စိတ် ပေါ်လာပေသေး၏။ ပိုက်ကွန်ထဲတွင် မိနေသည့် ငှက်ငယ်သည် သူ့ကို စိတ်ကောင်းရှိသည့် လူတစ်ဦးက ပိုက်ကွန်တွင်းက လွှတ်လိုက်သော်လည်း အသီးအပွင့်တွေ ဝေဆာနေသည့် တောထဲတွင် လှည့်လည် ပျံသွားရင်း လျောင်ချိုင့်ထဲ ဝင်ချင်သည့်ဆန္ဒ ပေါ်ပေါက်လာပေသေး၏။

"မြစ်ထဲက အနိုင်နိုင် အပေါ် တက်လာရသည့် ဆင်ပေါက်ကလေးသည် မြစ်ရေကို မက်မောသည့်အတွက် မြစ်ထဲပြန်ဆင်းချင်သည့် စိတ် ပေါ်လာပေသေး၏။ မြွေတက်နေသည့် အိမ်ပေါ်မှာ အိပ်ပျော်နေသည့် ကလေးကို နှိုးနေသည့် အခြားပုဂ္ဂိုလ်တစ်ဦးက နှိုးသော်လည်း ထိုကလေးသည် ထိတ်ထိတ်ပျာပျာဖြင့် ဆွဲမိဆွဲရာ ကြောက်မက်ဖွယ်မြွေကို ဖမ်းဆွဲချင်သည့်စိတ် ပေါ်ပေါက် လာပေသေး၏။ တောမီး လောင်နေသည့် တောအတွင်းရှိ သစ်ပင်မှ လွတ်မိလွတ်ရာ ပျံပြေးသည့် ငှက်ကလေးသည် မီးအလောင်ခံရခြင်းကို မေ့ပျောက်ပြီး အသိုက်အမြုံကို သံယောဇဉ် မပြတ်နိုင်သည့်အတွက် ထိုတောရှိရာကိုပင် ပြန်သွားချင်သည့်စိတ် ပေါ်လာပေသေး၏။ အသိဉာဏ် ကင်းမဲ့သည့် ခွေးသတ္တဝါသည် မိမိ အန်ထုတ်ပစ်လိုက်သည့် အစာကို တစ်ဖန်ပြန်ပြီး စားချင်သည့်အာသာ ပေါ်ပေါက်လာရပေသေး၏။"

အဿဃောသ၏ ရေးဟန်သည် သဘာဝ ကျ၏။ လွယ်၏။ မိလိန္ဒပဉှာထဲက ရှင်နာဂသိန်ကဲ့သို့ အဿဃောသသည် ဥပမာ ဥပမေယျ၏ အကူအညီဖြင့်သာလျှင် ခက်ခဲနက်နဲသည့် ဗုဒ္ဓ တရားများကို လွယ်လင့်တကူ ထုတ်ဖော် ရှင်းလင်းပြသည်။ အထူးအားဖြင့် အဿဃောသ၏ ဤ သုန္ဒရ နန္ဒ ၌ ပါသော 'ယုံကြည်မှုသဒ္ဒါ' ၊ 'အကျင့်သီလ' ၊ 'သတိတရား' ၊ 'ပီတိကိုယ်' ၊ 'အရိယသစ္စာ' ၊ 'အမြိုက်ချမ်းသာ' ကဏ္ဍတို့သည် ဝိပဿနာ ဘာဝနာကို ညွှန်ပြသော ကဏ္ဍများ ဖြစ်ကြသည်။

## အသဃောသနှင့် ကာလီဒါသ

သက္ကတစာပေ သမိုင်းအစဉ်၌ အသဃောသသည် ရာမာယဏကျမ်းပြု ဝါလမိကိထက် နောက်ကျပြီး ကဗျာဆရာကြီး ကာလီဒါသထက် ရှေးကျသည်။ ကာလီဒါသသည် အသဃောသ၏ ကဗျာအဖွဲ့များကို နေရာများစွာတွင် နည်းမှီထားသည်။ အသဃောသသည် ကာလီဒါသ၏ ရှေ့သွား ဖြစ်သည်။ ဤသို့ သက္ကတစာပေ ပညာရှင်များစွာက ဆုံးဖြတ်ကြသည်။ သို့ရာတွင် ကာလီဒါသနှင့် အသဃောသတို့သည် ကဗျာဖွဲ့ဆိုရာ၌ တစ်ဦးနှင့် တစ်ဦး ဦးတည်ချက်ချင်းမူ မတူကြ။

ကာလီဒါသသည် နှစ်သိမ့်မှု ပေးရန်အတွက် ကဗျာပြဇာတ်များကို ရေးသားဖွဲ့ဆိုသည်။ အသဃောသ ကမူ ကာမဂုဏ် အာရုံတွင်း၌ ကျံနစ်နေသည့် ပုဂ္ဂိုလ်များအား လမ်းကောင်း လမ်းမှန်သို့ ပို့ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကဗျာ ပြဇာတ်များကို ရေးသားဖွဲ့ဆိုခြင်း ဖြစ်သည်။ တရားဓမ္မ တည်းဟူသော ဆေးခါးကြီးကို အသဃောသသည် ကဗျာ တည်းဟူသော အချိုဖြင့် စားဝင်အောင် ဖန်တီးသည်။ ကာလီဒါသကဲ့သို့ အနုပညာနှင့် အလှအတွက် မဟုတ်ဘဲ တရားအဆုံးအမအတွက် ရေးသားဖွဲ့ဆိုခြင်း ဖြစ်သော်လည်း သူ၏ ကဗျာများသည် ကိုယ်ပိုင်ထူးခြားချက်ကြောင့် သက္ကတ စာပေလောက၌ ထိပ်တန်းက ပါဝင်နေသည်ကို တွေ့ရပေ၏။

အသဃောသ၏ အတ္ထုပ္ပတ်ကိုလည်း ရေးသားဖော်ပြဖို့ လိုပေလိမ့်ဦးမည်။

အသဃောသသည် ဗုဒ္ဓအဘိဓမ္မာ ဆရာကြီးများတွင် ထိပ်တန်းက ပါဝင်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ မဟာယာန အုတ်တံတိုင်းကြီးကို တည်တံ့ခိုင်ခံ့အောင် ပြုလုပ်သူ ပညာရှင်များအနက် အသဃောသ၏ နာမည်သည် ရှေ့တန်းက ပြေးနေသည်။

စာပေသမိုင်းနှင့် သာသနာ သမိုင်းတွင် အချိန်ကာလ အတန်ကြာအထိ အသဃောသအား ဗုဒ္ဓ အဘိဓမ္မာ ဆရာတစ်ဦး အဖြစ်ဖြင့်သာလျှင် သိရှိလာခဲ့ကြသည်။ သူ၏ အဘိဓမ္မာ ကျမ်းဂန်များမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် စတင်ပြီး တရုတ်ဘာသာ၊ တိဗက်ဘာသာ၊ ဂျပန်ဘာသာ စသော အရှေ့တိုင်း ဘာသာများဖြင့်ပင် ဘာသာပြန်ဆိုထားသည်။

သို့ရာတွင် ၁၈၉၃ ခုနှစ် နောက်ပိုင်းလောက် ရောက်သောအခါ အသဃောသအား အဘိဓမ္မာ ဆရာတစ်ဦး အဖြစ်သာလျှင် မကဘဲ ကဗျာဆရာတစ်ဦး အဖြစ်ဖြင့် လည်းကောင်း၊ ပြဇာတ်ဆရာတစ်ဦး အဖြစ်ဖြင့် လည်းကောင်း တွေ့မြင်သိရှိလာကြ၏။ အကြောင်းမူကား သူ ရေးသားခဲ့သည့် ကဗျာများနှင့် ပြဇာတ်များ တိမ်မြုပ်ပျောက်ကွယ် နေရာမှ သုတေသန ဆရာများ၏ ကြိုးပမ်းချက်အရ ပေါ်ထွက်လာသောကြောင့် ဖြစ်သည်။

ရှေးကျသည့် ပညာရှိများ၏ အတ္ထုပ္ပတ်များကို များသောအားဖြင့် အတိအကျ သိရခဲသည်။ အသဃောသ၏ အကြောင်း အတ္ထုပ္ပတ်လည်း ထိုနည်းနှင်နှင် ဖြစ်၏။ တညီတညွတ်တည်း ဆုံးဖြတ်ချက်ကျသော သူ့အကြောင်း အတ္ထုပ္ပတ် အတိအကျ အမှန်အကန်ကိုမူ မသိကြရပေ။

အိန္ဒိယနှင့် တရုတ်တို့၏ ရှေးဟောင်းစဉ်လာ စကားအရသာလျှင် အဿဃောသ၏ အကြောင်းကို သိရှိရသည်။ ယင်း အကြောင်းအရာများကိုလည်း ပညာရှင်များက သို့လော သို့လော ယုံမှားခြင်း ပြုကြ၏။

သုန္ဒရနန္ဒ အပြီးသတ်တွင် 'သုဝဏ္ဏကၡီ၏ သားဖြစ်သူ သာကေတသား မဟာကဗျာဆရာကြီး ရဟန်းတော် အဿဃောသ ရေးသားသည့် ကျမ်းစာ' ဟု ရေးသားပါရှိသဖြင့် အဿဃောသ အကြောင်းကို ပိုးတိုးဝါးတားသာ သိရှိကြရသည်။ ယင်းစကားအရ အဿဃောသ၏ ဇာတိ ရပ်ရွာကို သာကေတ (အယောဒ္ဓယ) ဟူ၍လည်းကောင်း၊ သူ၏ မိခင်အမည်ကို သုဝဏ္ဏကၡီ ဟူ၍လည်းကောင်း ပြောစမှတ် ပြုကြသည်။

သူ၏ ကဗျာအဖွဲ့များတွင် ဝေဒနှင့် သျှတ္တရကျမ်းဂန်များ အကြောင်းကို ထည့်သွင်း ရေးသားသည်ကို ထောက်၍ အဿဃောသသည် ဗြာဟ္မဏမျိုးနွယ်၌ မွေးဖွားသည်ဟု အယူရှိကြ၏။ ငယ်ရွယ်စဉ်က ဝေဒကျမ်းဂန်များကို သင်ကြား ဆည်းပူးသော်လည်း နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ရှင်ရဟန်း ပြုခဲ့သည်။

ရဟန်းပြုပြီးသော အခါတွင်မူ အဿဃောသသည် ဗုဒ္ဓတရားကို ဖြန့်ဖြူးရာ၌ ကိုယ်ရောစိတ်ပါ မြုပ်နှံခဲ့သည်။ ပါဋ္ဋလိပုတ်သို့ ကြွလာပြီးလျှင် အဿဃောသသည် ပြည်သူလူထုအား ဗုဒ္ဓတရား၏ နက်နဲသည့် အချက်အလက်များကို ချိုသာ လွယ်ကူသော ဝေါဟာရ စကားလုံးများဖြင့် ဟောကြားခဲ့သည်။

ဗုဒ္ဓတရားကို ဖြန့်ဖြူးရာ၌ အဿဃောသသည် ဒဿန ပညာဉာဏ်နှင့် ကဗျာဉာဏ်ကိုသာလျှင် မကဘဲ သူ၏ ထူးခြားအောင်မြင်သည့် ဂီတပညာကိုလည်း အသုံးပြုသည်။ ဓမ္မဂီတကို သီဆိုကျူးရင့်ပြီး တရားဓမ္မတို့ကို ညွှန်ကြား ဟောပြသည်ဟုလည်း အဆိုရှိသည်။ သူ၏ တရားဟောပြောသံမှာ ဘယ်လောက် သာယာ နှစ်လိုဖွယ် ရှိသနည်းဆိုလျှင် ဟီနေသည့် မြင်းပင်လျှင် အဟီရပ်ပြီး တရားဟောသံကို နားစွင့်ထောင်သည် ဟု ဆိုရိုးစကား ရှိသည်။

အိန္ဒိယပြည် သမိုင်း၌ အသောကမင်းကဲ့သို့ပင် ဗုဒ္ဓသာသနာကို ချီးမြှောက်ထောက်ပံ့ခဲ့သော ဘုရင်တစ်ပါး ရှိသည်။ ထိုဘုရင်၏ အမည်မှာ ကနိရှက ဟု ခေါ်သည်။ ကနိရှကသည် မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့၏ စတုတ္ထသင်္ဂါယနာကို တင်ခဲ့သည့် ဘုရင်ဖြစ်သည်။

ကနိရှက ဘုရင်သည် ပါဋ္ဋလိပုတ်ကို ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ ထိုအခါ ပါဋ္ဋလိပုတ် ဘုရင်သည် လက်နက်ချပြီးလျှင် ကနိရှက ဘုရင်အား ငွေခြောက်ကုဋေပေးရန် အာမခံ လိုက်ရလေသည်။ ခြောက်ကုဋေအနက် သုံးကုဋေအစား ဗုဒ္ဓ၏ သပိတ်တော်ကို လည်းကောင်း၊ ကျန် သုံးကုဋေအစား ရဟန်းတော် အဿဃောသကို လည်းကောင်း ပါဋ္ဋလိပုတ် ဘုရင်က ကနိရှက ဘုရင်အား ပေးအပ်ခဲ့သည်။ ကနိရှကသည် အဿဃောသအား နေပြည်တော် ပေရှဝါသို့ ပင့်ဆောင်သွားသည်။ ယင်းဆိုရိုးစကားမှာ မြန်မာရာဇဝင်တွင် ပါရှိသည့် အနော်ရထာဘုရင် သထုံပြည်ကို တိုက်ယူပြီး မနူဟာမင်းထံမှ မွန်ရဟန်းများနှင့် ပိဋကတ်သုံးပုံကို ပုဂံပြည်သို့ ဆောင်ကြဉ်းလာခဲ့ပုံနှင့် ဆင်တူလှပေသည်။

ကနိရှကဘုရင် တင်ခဲ့သော စတုတ္ထသင်္ဂါယနာ၌ အသင်္ဃဃောသက ဒုတိယသဘာပတိအဖြစ် ဆောင်ရွက်သည်ဟု သိရသည်။ ကနိရှကဘုရင် ထိုမျှလောက် ဗုဒ္ဓသာသနာကို ချီးမြှောက် ထောက်ပံ့ခြင်းမှာ အသင်္ဃဃောသ၏ ညွှန်ကြား ဆုံးမမှုကြောင့် ဖြစ်သည်ဟု အဆိုရှိသည်။

ယင်းသို့ဆိုလျှင် အစဉ်အဆက် မှတ်သား လာခဲ့ကြသော ဆိုရိုးစကားများနှင့် တရုတ်ပြည်မှ ယူဆချက်များအရ အသင်္ဃဃောသနှင့် ဘုရင် ကနိရှကတို့သည် နီးစပ်သော ဆက်သွယ်မှု ရှိသည်ဟု သိရှိရပေ၏။ သို့ဖြစ်၍ အသင်္ဃဃောသ၏ ခေတ်မှာ ခရစ်နှစ် ပထမရာစု နောက်ပိုင်းနှင့် ဒုတိယရာစု အစပိုင်း (၇၅-၁၅၀) ခုနှစ်လောက် ဖြစ်မည်ဟု ခန့်မှန်းကြ၏။

အသင်္ဃဃောသသည် သုန္ဒရနန္ဒအပြင် အခြား ကျမ်းဂန်များကိုလည်း ရေးသားစီရင်ခဲ့သည်။ သက္ကတဘာသာဖြင့် ရှိသော ထိုကျမ်းများမှာ ...

ဗုဒ္ဓ စရိတ = ဤကျမ်းသည် ဗုဒ္ဓဝင်ကို ကဗျာအဖွဲ့ဖြင့် သီကုံး ဖွဲ့ဆိုထားသည့် ကျမ်းဖြစ်သည်။ ခရစ်နှစ် ၄၁၄ ခုနှစ်လောက်က ထိုကျမ်းကို တရုတ်ဘာသာ ပြန်ဆိုပြီး ခရစ်နှစ် ၈၀၀ ပတ်ဝန်းကျင်လောက်တွင် တိဗက်ဘာသာ ပြန်ဆိုသည်။ ၁၈၉၁ ခုနှစ်က ပါမောက္ခ ကာဝေလ်က ထိုကျမ်းကို အင်္ဂလန်မှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ရေးဟန်မှာ အလွန်လွယ်ပြီး ညက်ညောလှပသည်။ ပေးထားသည့် ဥပမာများမှာလည်း အလွန်တရာ ထိမိပြီး အလွန်တရာ လှပသည်။ ထိုထိုနေရာ၌ ရေးသားထားသည့် သဘာဝ အဖွဲ့အနွဲ့များမှာ အလွန်ပင် အသက်ဝင်လှပေ၏။

သာရိပုတ္တ ပကရဏ = ဤကျမ်းကား သာရိပုတ္တရာ ရဟန်းပြုပုံ အကြောင်းကို ရေးထားသည့် ပြဇာတ် ဖြစ်သည်။ အခန်း ၉ ခန်း ရှိသည်။ ဤကျမ်းကို စတင်တွေ့ရှိသည်မှာ အချိန် သိပ်မကြာလှသေးပေ။ အာရှ အလယ်ပိုင်းတွင် တူးဖော်ရာမှ စတင် တွေ့ရှိခြင်း ဖြစ်သည်။ ဒေါက်တာ လူဒါဆ်က ဘာလင်မှ ယင်းပြဇာတ်ကို ပုံနှိပ် ထုတ်ဝေခဲ့သည်။ ယင်းပြဇာတ်၌ အခြားသက္ကတ ပြဇာတ်များမှာကဲ့သို့ ပြဇာတ်အင်္ဂါရပ်များ အပြည့်အစုံ ပါဝင်သည်ကို တွေ့ရသည်။

ဝဇရ သူစိ ဥပနိသျှဒ် = ဤကျမ်း၌ ဇာတ်ဝါဒကို တိုက်ဖျက်ထားသည်။ ဗုဒ္ဓဝါဒီတို့သည် ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားမှုကို အယူမရှိ။ အသင်္ဃဃောသသည် ဤကျမ်း၌ ဇာတ်နိမ့် ဇာတ်မြင့် ဝါဒကို ဝေဖန်ထားသည်။ အချို့ ပုဂ္ဂိုလ်များက ဤကျမ်းကို အသင်္ဃဃောသ ရေးသည့်ကျမ်း မဟုတ်ဟု အယူရှိကြသည်။

မဟာယာန သဒ္ဓါပ္ပါဒ သျှတ္တရ = ဤကျမ်းကို တရုတ်ဘာသာမှ အင်္ဂလိပ် ဘာသာသို့ ဂျပန်ပညာရှင် ဆုဇုကီးက ပြန်ဆိုသည်။ ဤကျမ်း၏ မူလ သက္ကတကျမ်းမှာမူ လုံးဝ ပျောက်ကွယ် တိမ်မြုပ်နေသည်။ ဤကျမ်း၌ မဟာယာန ဗုဒ္ဓဘာသာ၏ သဘောတရားများကို ရေးပြထားသည်။ ဤကျမ်းသည် အဘိဓမ္မာကျမ်း ဖြစ်သည်။ ဤကျမ်းကို ကြည့်လျှင် အသင်္ဃဃောသ၏ နက်နဲသည့် အဘိဓမ္မာ အသိဉာဏ်ကို ချင့်ချိန်နိုင်သည်။ ဤကျမ်းကိုလည်း အချို့က အသင်္ဃဃောသ ရေးသည့်ကျမ်း မဟုတ်ဟု အယူရှိကြသည်။

သတ္တရာ လင်္ကာရ = ဤကျမ်းကို တရုတ်ဘာသာမှ ပြင်သစ်ဘာသာသို့ ပြန်ဆိုထားသည်။ အင်္ဂလိပ် ဘာသာဖြင့်မူ မည်သူမှ မပြန်သေးဟု သိရ၏။ ဤကျမ်း၌ ဗုဒ္ဓတရား၏ ကျင့်ဝတ်သိက္ခာများ အကြောင်းကို ပုံဝတ္ထုကလေးများဖြင့် ရေးပြထားလေသည်။ ထိုခေတ်က အိန္ဒိယပြည် လူ့အဖွဲ့အစည်း အကြောင်းကို ခြယ်မှုန်းပြထားသည်။ ဤကျမ်းသည် ဝတ္ထု ပုံပြင်စာပေ၌လည်း စာရင်းဝင် ဖြစ်ပေ၏။

အထက်ပါ ကျမ်းများအပြင် အဿဃောသသည် ဗုဒ္ဓနှင့် သံဃာအား ချီးကျူးဖွဲ့ဆိုထားသည့် ဂဏ္ဍိတ္တောတ္တရဂါထာ အမည်ရှိ ကဗျာ အဖွဲ့တစ်ခုနှင့် ရဋ္ဌပါလ အမည်ရှိ ပြဇာတ်တစ်ခုကိုလည်း ရေးသားသည်ဟု အဆိုရှိသည်။

အဿဃောသသည် ရာမာယဏ ကဗျာကျမ်းကလွဲလျှင် ရေးအကျဆုံး သက္ကတ ကဗျာ ကျမ်းများကို ဖွဲ့ဆိုသူ ဖြစ်သည်ဟု ရာဟုလာ သံကိစ္စည်းတို့က အယူရှိသည်။ ဗုဒ္ဓ အဘိဓမ္မာ ဆရာတစ်ဦးဖြစ်သူ အဿဃောသသည် ကာလီဒါသ ကဲ့သို့သော ကမ္ဘာကျော် စာဆိုပညာရှိကြီး၏ ရှေ့သွား ခေါင်းဆောင် ဖြစ်နေခြင်းသည် လည်းကောင်း၊ သက္ကတ စာပေ၏ အဦးဆုံးသော ပြဇာတ်များကို ရေးသားသူ ဖြစ်နေခြင်းသည် လည်းကောင်း၊ သက္ကတ စာပေသမိုင်း၌ သူ၏ စာပေများကို ထိပ်တန်းက မော်ကွန်း ထိုးထားရခြင်းသည် လည်းကောင်း ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဂုဏ်မယူဘဲ နေ၍ မဖြစ်သည့် အချက်များပင် မဟုတ်ပါလော။

ဤ သုန္ဒရနန္ဒ မြန်မာဘာသာပြန်သည် မူလ ကျမ်းဂန်မှ အတိအကျ ဘာသာပြန်ထားခြင်း မဟုတ်ပေ။ ခြွင်းချန်ထားခဲ့သည့် အချို့ အချက်များလည်း ရှိသေးသည်။ အဓိပ္ပာယ် သဘောကိုသာလျှင် အဓိကထားပြီး ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ကဗျာဆရာ၏ ဆိုလိုရင်း ပျောက်မသွားစေရန်မှ အထူး ဂရုထားပါသည်။

ပါရဂူ

# ကပိလဝတ် နေပြည်တော်

ကပိလ ဂေါတမ ရသေ့သည် တရားရှင် အပေါင်းတို့တွင် မြင့်မြတ်သူတစ်ဦး ဖြစ်ပြီး တရားအကျင့်ကို ပြင်းပြင်းထန်ထန် အားထုတ်သူပုဂ္ဂိုလ် ဖြစ်သည်။ တရားအကျင့်ကို စိတ်တိုင်းကျ ကျင့်ကြံ အားထုတ်နိုင်ရန်အတွက် ဟိမဝန္တာတောင်စောင်း၌ သခ်မ်းကျောင်း ဆောက်လုပ်ထား၏။ သခ်မ်းကျောင်း၏ ပတ်ဝန်းကျင်ကား လှပသော နွယ်ပင်သစ်ပင်များ ပေါက်ရောက်နေသည့် တောဟောဝန် ဖြစ်သည်။ မြေပြင်ပေါ်၌ နူးညံ့ပျော့ပျောင်းသော မြက်ပင်များ ဖုံးလွှမ်းနေ၏။ ကြည်လင်သန့်ပြန့်သည့် ရေကန်များ၌ ကြာပွင့်များ ပွင့်လန်းနေကြသည်။ ပတ်ဝန်းကျင်တွင် ရှိသော အသီးအပွင့်တို့ဖြင့် ဝေဝေဆာဆာ ဖြစ်နေသည့် သစ်ပင် ပန်းပင်များကြောင့် သခ်မ်းကျောင်း၏ အသရေမှာ ပိုမို တိုးတက်နေသည်။ တော သစ်သီးဝလံများဖြင့် ရောင့်ရဲတင်းတိမ် နေကြသည့် ရသေ့များ အများအပြား ရှိသော်လည်း သခ်မ်းကျောင်းမှာ လူသူ မရှိသကဲ့သို့ တိတ်ဆိတ် နေ၏။ ကျေးငှက်များ၊ ဥဒေါင်းများ တွန်သံ မြည်သံ လောက်သာလျှင် ကြားရ၏။ သခ်မ်းကျောင်းဝင်း အတွင်း၌ ကျား စသော သားရဲတိရစ္ဆာန်များသည် သား သမင်ငယ်များနှင့် အတူတကွ သင့်တင့်စွာ၊ ငြိမ်းချမ်းစွာ လှည့်ပတ် သွားလာနေကြသည်။ ရသေ့များထံမှ တရားအဆုံးအမ ရရှိထားကြသကဲ့သို့ပင် ဖြစ်သည်။ သခ်မ်းကျောင်းရှိ ရသေ့အပေါင်းသည် အရိုးကြေကြေ အရေခန်းခန်း တရားအကျင့်ကို ကျင့်ကြံအားထုတ် ကြကုန်၏။

ဣက္ခာကု (ဩက္ကာကရာဇ်) မင်းမျိုးမင်းနွယ်မှ ဘုရင့်သားတော်အချို့သည် ရသေ့သူတော်စင်တို့ တရားအကျင့်ကို ကျင့်ကြံ အားထုတ်ရာဖြစ်သည့် ကပိလဂေါတမ ရှင်ရသေ့၏ ထိုသခ်မ်းကျောင်းသို့ နေထိုင်လိုသည့် စိတ်ဆန္ဒဖြင့် ရောက်လာကြ၏။ ထို ဘုရင့်သားတော်၏ ကိုယ်လုံးကိုယ်ထည်မှာ ရွှေတိုင်ကြီးများသဖွယ် ဖြောင့်တန်းပြီး ဝင်းဝါ တောက်ပ နေကြသည်။ သူတို့၏ ရင်အုပ်မှာ ခြင်္သေ့များ၏ ရင်အုပ်ကဲ့သို့ ပြန့်ကျက်လှပေသည်။ လက်ရုံးများမှာလည်း တုတ်ခိုင်ကြီးမား လှပေသည်။ သူတို့၏ ဖခမည်းတော်၏ အမိန့်ကို ဦးရွက်ပန်ဆင်ပြီးလျှင် တောအတွင်းသို့ တိမ်းရှောင် ထွက်ခွာလာခဲ့ကြ၏။

ကပိလ ဂေါတမသည် သူတို့၏ဆရာ ဖြစ်လာသည်။ သို့ဖြစ်၍ သူတို့သည် ယခင်က ကောသ ဟူသော အမည်ဖြင့် ထင်ရှားခဲ့သော်လည်း ကပိလ ဂေါတမ၏ တပည့်ဖြစ်သည့် အချိန်မှစ၍ ဂေါတမဟု တွင်လာခဲ့၏။ သူတို့ နေထိုင်သည့် နေရာတစ်ဝိုက်၌ သာက (ကျွန်း) ပင်များ အုပ်မိုး နေကြသည်။ သို့ဖြစ်၍ သူတို့ကို သကျဟုလည်း ခေါ်ဝေါ်ကြသည်။

ကပိလဂေါတမ ရသေ့သည် ထို ဘုရင့်သားတော်များ၏ တိုးတက် ကြီးပွားရေးကို လိုလားသည်ဖြစ်၍ တစ်နေ့သ၌ လက်ထဲတွင် ရေကရားကို ကိုင်ပြီးလျှင် ဘုရင့်သားတော်များအား မိန့်ကြား၏။

"ချစ်သားတို့၊ ကောင်းကင်ခရီးက ငါ ပျံသန်းသွားတဲ့ အခါမှာ ရေကုန်ခန်းခြင်း မရှိတဲ့ ဟောဒီ ရေကရားက ရေစက်များ ကျလိမ့်မည်။ သင်ချစ်သားတို့ ရေစက်ကျရာက မှန်းပြီး ငါ့မြောက်ကို လိုက်ခဲ့ကြ"

ဘုရင့်သားတော်တို့သည် ဆရာရှင်ရသေ့ကို ရှိခိုးဦးတင်ပြီးလျှင် ဆရာရှင်ရသေ့ အမိန့်ရှိသည့်အတိုင်း မြင်းကထားသည့် ယာဉ်ရထားပေါ် တက်ကြကုန်၏။ ရှင်ရသေ့သည် ကောင်းကင်သို့ ပျံတက်သွားပြီးလျှင် သခ်မ်းကျောင်း၏ လေးဘက် လေးရပ်၌ ရေစက်ကို သွန်းလောင်း ချပေး၏။ ဘုရင့်သားတော်များက ရေစက်ကျရာ လမ်းကြောင်းအတိုင်း ယာဉ်ရထားဖြင့် ဆရာရသေ့၏ နောက်သို့ လိုက်ကြသည်။ ထို့နောက် ရှင်ရသေ့သည် ဘုရင့်သားတော်များအား မိန့်ကြား၏။

"ရေစက်ကျတဲ့ နေရာ၊ ရထားဘီးရာ ထင်နေတဲ့ နေရာကို မှတ်ပြီး အဲဒီ နေရာမှာ ငါ ကွယ်လွန်သွားတဲ့အခါ သင် ချစ်သားတို့ မြို့ပြ တည်ကြလော့ ..."

ကပိလဂေါတမ ရှင်ရသေ့ ကွယ်လွန်သွားသည့်အခါ ထိုသူရဲကောင်း ဘုရင့်သားတော်တို့သည် အရွယ်ဖြင့် အမုန်ယစ်သော ဆင်ကဲ့သို့ ရမ်းချင်တိုင်းရမ်း ကြမ်းချင်တိုင်းကြမ်း နေကြ၏ လေးမြားကိုယ်စီနှင့် သားရဲတိရစ္ဆာန်များကို စည်းမဲ့ကမ်းမဲ့ ပစ်ခတ်ပြီး လက်စွမ်းပြနေကြသည့် ဘုရင့်သားတော်များ၏ ရက်စက် ကြမ်းတမ်းပုံကို တွေ့မြင်သိရှိရသည့်အခါ ရသေ့သူတော်စင်များသည် ထိုတောမြိုင်ကို စွန့်ခွာပြီး ဟိမဝန္တာဘက် ထွက်သွားကြ၏။

ရသေ့ ရဟန်းများ ဆိတ်သုဉ်းနေသော သခ်မ်းကျောင်းကို တွေ့ရသည့်အခါ ဘုရင့်သားတော်များသည် စိတ်ပျက်အားလျော့ သွားကြကုန်၏။ သို့ဖြစ်၍ သူတို့သည် စိတ်ညစ်ညစ်ဖြင့် တောအတွင်းတွင် လှည့်လည်သွားလာ နေကြရာ ကံအားလျော်စွာ တောအတွင်း၌ ရတနာအိုးများကို သွားတွေ့ကြလေ၏။

ထို ရွှေ ငွေ ရတနာများကို အသုံးပြုပြီးလျှင် သူတို့သည် ကပိလရှင်ရသေ့ ညွှန်ကြား ပြောပြထားသည့် နေရာ၌ လှပသောမြို့ကို တည်ကြလေကုန်၏။

ထိုမြို့၏ ပတ်ပတ်လည်တွင် ရှိသော ကျုံးများမှာ မြစ်များကဲ့သို့ ပြန့်ကျယ် ကြီးမားလှပေသည်။ မင်းလမ်းများမှာလည်း လှပဖြောင့်ဖြူး လှပေသည်။ မြို့တံတိုင်းများမှာလည်း တောင်ကြီးများ အသွင်ကဲ့သို့ ကြီးကျယ် မြင့်မားလှပေသည်။ မြို့မှာ ဒုတိယ ရာဇဂြိုဟ်မြို့သဖွယ် တင့်တယ်သာယာ လှပေ၏။ မြို့အတွင်း၌ ရှိသော ပြာသာဒ် ဗိမာန်များနှင့် စနစ်တကျ တည်ဆောက်ထားသည့် ဈေးရုံများမှာ အထူးပင် စိတ်ကြည်နူး နှစ်သက်ဖွယ် ဖြစ်၏။

ဝေဒကျမ်းတတ် ပြာဟ္မဏများကို ဖိတ်ခေါ်ပြီးလျှင် ဘုရင့်သားတော်များသည် မြို့၏ ငြိမ်းချမ်းရေး၊ စည်ပင် တိုးတက်ရေးအတွက် မန္တာန်များကို ရွတ်ဖတ် သရဇ္ဈာယ် စေခဲ့၏။ ကျူးကျော်တိုက်ခိုက် လာသူများအား ခုခံဟန့်တားရန် ခန့်ထားသည့် စစ်သည် တပ်သားများဖြင့် ဘုရင့်သားတော်များသည် အာဏာတန်ခိုး ပြည့်ဖြိုးကြွယ်ဝ နေကြသည်။

အကျင့်သီလ ရှိသူ၊ ဟိရီ ဩတ္တပ္ပ ရှိသူ၊ ပညာဉာဏ် ရှိသူ အိမ်ထောင် မိသားစုများကို ထိုမြို့၌ အိမ်ရာနေရာ ချပေးထား၏။ လုံ့လ ဝီရိယ ဉာဏ်ပညာ စသော ဂုဏ်အင်္ဂါရပ်တို့ဖြင့် ပြည့်စုံညီညွတ်သည့် အမတ်ကြီးများကို မိမိတို့နှင့် သင့်တင့်လျော်ညီသည့် တာဝန် ဝတ္တရားများတွင် ခန့်အပ်ထား၏။

မြို့သူမြို့သားများ အပန်းဖြေရန်အတွက် မြို့အတွင်း၌ ဥယျာဉ်များ ရှိသည်။ နေရာအနှံ့အပြားတွင် ရှိသော ရေကန်များမှာလည်း ကြည်လင် စိမ်လန်းသော ရေအပြည့်နှင့် ဖြစ်၏။ လမ်းဘေး နေရာများ၌ နေချင့်စဖွယ် ခရီးသည်တည်းခို စခန်းများကို ဆောက်လုပ်ထားသည်။ ဆင် မြင်း ယာဉ်ရထားတို့ အပြည့်ဖြစ်သော်လည်း မြို့မှာ သန့်ပြန့် စင်ကြယ်လှပေသည်။ ထိုမြို့၌ ဘယ်သူကမှ မိမိတို့၏ ဥစ္စာနေကို ဖုန်းတောင်း ယာစကာများအား ကွယ်ဝှက်မထားပေ။ မိမိတို့၏ ပညာနှင့် ခွန်အားကိုမူ ကွယ်ဝှက် ထားကြ၏။

ထိုမြို့၌ အခွန်အတုတ်ကို မတရား မစည်းကြပ်ပေ။ သို့ဖြစ်၍ တိုတောင်းလှသည့် အချိန်ကာလ အပိုင်းအတွင်း၌ပင် ထိုမြို့သည် ဥစ္စာရွှေငွေ ဆန်ရေစပါး ကြွယ်ဝပြီး လူနေစည်ကားသည့် မြို့တစ်မြို့ ဖြစ်လာ၏။ ကပိလ ရှင်ရသေ့၏ ကျောင်းသင်္ခမ်း နေရာ၌ တည်ထားသည့် မြို့ ဖြစ်ခြင်းကြောင့် ထိုမြို့ကို ကပိလဝတ္ထု ဟု ခေါ်လေသည်။

ကပိလဝတ္ထုမြို့သည် ဂုဏ်အင်္ဂါ အရပ်ရပ်နှင့် ပြည့်စုံငြားသော်လည်း အရာဝတ္ထုတစ်ခု ချို့တဲ့၍ နေ၏။ ထိုအရာကား အခြားမဟုတ်။ ဘုရင်ကေရာဇ် ဆိတ်သုဉ်းနေခြင်း ဖြစ်၏။ ဘုရင့်သားတော်များ ထင်ရှားရှိနေသော်လည်း ဘုရင်ကေရာဇ် ဟူ၍ မရှိသေးသဖြင့် ထိုမြို့မှာ ကြယ်တာရာ အရာအထောင် ရှိသော်ငြားလည်း စန္ဒာလဝန်း မရှိသော ကောင်းကင်ပြင်ကဲ့သို့ တင့်တယ်ထည်ဝါခြင်း မရှိ ဖြစ်နေသည်။ သို့ဖြစ်၍ ဘုရင့်သားတော်တို့သည် ပြည်သူတို့၏ ဆန္ဒအရ အရွယ်အားဖြင့် လည်းကောင်း၊ ဂုဏ်သိက္ခာအားဖြင့် လည်းကောင်း ကြီးသော နောင်တော် အကြီးဆုံးအား ဘုရင့်အရာ တင်မြှောက်ကြသည်။

ဘုရင့်အရာ တင်မြှောက်ခြင်းခံရသော သားတော် အကြီးဆုံးမှာ အကျင့်သိက္ခာနှင့်လည်း ပြည့်စုံ၏။ လိမ္မာရေးခြားလည်း ရှိ၏။ နည်း ပရိယာယ်လည်း နိုင်နင်း၏။ ထထကြွကြွလည်း ရှိ၏။ သူသည် စည်းစိမ် ခံစား စံစားရန်အတွက် မဟုတ်ဘဲ တရားဓမ္မအတွက် ဘုရင့်အရာကို လက်ခံလိုက်ခြင်း ဖြစ်သည်။ နတ်ဒေဝတာများနှင့် အတူတကွ သိကြားမင်းသည် နတ်ပြည် နတ်လောက၌ စိုးမိုးအုပ်ချုပ်သကဲ့သို့ နောင်တော် ဘုရင်မင်းကြီးသည်လည်း မိမိ၏ ညီတော်များနှင့် အတူတကွ ကပိလဝတ် နေပြည်တော်၌ စိုးမိုးအုပ်ချုပ်၍ နေလေ၏။

## ဘုရင် သုဒ္ဓေါဒန

အချိန်ကာလ ကုန်ဆုံးကျော်လွန် လာခဲ့ပြီးသည့်နောက် တစ်ခုသော အချိန်သမယ၌ သကျ အဆက်အနွယ် ဖြစ်သော ဘုရင်သုဒ္ဓေါဒနသည် ထို ကပိလဝတ် နေပြည်တော်၌ ထီးနန်း စိုးစံတော်မူလေသည်။

သုဒ္ဓေါဒနဘုရင်သည် ခွန်အားဗလ ရှိသည်။ တော်တည့် ဖြောင့်မတ်သည်။ ပညာရှိသည်။ လုံ့လ ဝီရိယနှင့် ပြည့်စုံသည်။ နည်းပရိယာယ် လိမ္မာ ကျွမ်းကျင်သည်။ တည်ကြည်သည်။ တင့်တယ်လှပသည်။ ဏ္ဍန္ဒေတို့ကို ချုပ်တည်း ထိန်းသိမ်းထားသူ ဖြစ်သည်။ ကာမဂုဏ် အာရုံတို့ကို ခုံမင် မက်မောခြင်း မရှိ။ စည်းစိမ်ဥစ္စာ ကြွယ်ဝသော်လည်း သူတစ်ပါးအား မစော်ကား။ ရုပ်ရည်ရူပကာယနှင့် ပြည့်စုံသော်လည်း ခြေဖျား မထောက်။ ရှေး ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ စံနမူနာအတိုင်း တရားနှင့်ညီစွာ အုပ်ချုပ်မင်းလုပ်၏။ သူ၏ စိုးမိုးအုပ်ချုပ်မှု အောက်၌ တိုင်းသူပြည်သားတို့သည် ဖခင်၏ ရင်ခွင်တွင် အိပ်သော သားငယ်၊ သမီးငယ်ကဲ့သို့ အကြောက်အရွံ့ ကင်းမဲ့စွာဖြင့် ချမ်းချမ်းသာသာ အိပ်စက်ကြရသည်။

ဘုရင်မင်းကြီးသည် အကျိုးဖြစ်ထွန်းမည့် စကားမှန်လျှင် နစ်မြို့ဖွယ် မဟုတ်စေကာမူ လေးလေးစားစားနှင့် နားထောင်သည်။ အကျိုးမဲ့ ပြုချက်ပေါင်း များစွာကို မေ့ဖျောက်ထားပြီးလျှင် အကျိုးပြုချက်ကိုမူ အဏုမြူမျှပင် ဖြစ်လင့်ကစား နှလုံးတွင် မှတ်သားထား၏။ ခိုကိုးလာသူတို့အား ချီးမြှောက် ထောက်ပံ့၏။ ရန်သူတို့အား တိုက်ခိုက် ချေမှုန်း၏။ ဒုက္ခသည်တို့အား ကြည့်ရှုစောင်မ၏။ တရားလမ်းကြောင်းက လျှောက်မသွားသူများအား နှိပ်ကွပ်၏။ ဒုက္ခသည်တို့၏ ဒုက္ခကို ဖယ်ရှားပေး၏။ နည်းပရိယာယ်ဖြင့် တိုင်းပြည်နိုင်ငံကို အုပ်ချုပ်၏။ အခွန်အတုတ်ကို တရားမဲ့ မစည်းကြပ်။

သူ၏ တိုင်းနိုင်ငံ၌ မည်သူမှ အနိုပ်အစက် အညှင်းပန်း မခံရ။ မိမိ ဘုန်းရိပ်အောက် ဝင်ရောက် ခိုလှုံလာသူဆိုလျှင် အပြစ်ရှိသူ ဖြစ်စေကာမူ ဘုရင်မင်းကြီးသည် မေတ္တာပြည့်လျှမ်းသော အကြည့်ဖြင့် လည်းကောင်း၊ နူးညံ့ချိုသာသော စကားဖြင့် လည်းကောင်း ကြိုဆိုသည်။

သိကြားမင်းနှင့် ပမာတူသော သုဒ္ဓေါဒန ဘုရင်မင်းမြတ် ကပိလဝတ် နေပြည်တော်တွင် ထီးနန်းစိုးစံ နေသည့်အခါ တရားလိုလားသည့် နတ်ဒေဝတာများသည် ဗြဟ္မာလောက တစ်ခွင်တွင် လှည့်လည်ပြီး တရားရှင်ကို ရှာဖွေကြ၏။ ထိုအခါ တရားရှင်အစစ် သုဒ္ဓေါဒနဘုရင်ကို တွေ့ကြ၏။ ဘုရားအလောင်း နတ်သားသည်လည်း ပထဝီမြေပြင်သို့ ဆင်းသက်လာပြီးလျှင် သုဒ္ဓေါဒန၏ အမျိုးအနွယ်ထဲ၌ သန္ဓေ တည်နေရန် ဆုံးဖြတ်ချက် ချလိုက်သည်။

ဘုရင် သုဒ္ဓေါဒနတွင် မာယာ အမည်ရှိသည့် မိဖုရားတစ်ပါး ရှိသည်။ တစ်နေ့သ၌ မိဖုရားကြီး မာယာသည် ဧရာဝဏ် ဆင်ကဲ့သို့ တောင့်တင်းသန်မာပြီး အစွယ် ခြောက်ချောင်းရှိသည့် ဆင်ဖြူတော် ဝမ်းဗိုက်တွင်း ဝင်ရောက်လာသည်ဟု အိပ်မက် မြင်မက်သည်။ အိပ်မက်အကြောင်းကို ကြားရသည့်အခါ အိမ်မက်ဖတ် ပညာရှိ ဗြာဟ္မဏများက ဘုန်းကျက်သရေနှင့်

ပြည့်စုံသည့် ထူးခြားသော သားတော်တစ်ယောက် ဖွားမြင်လတ္တံ့ဟု နိမိတ်ဖတ်ကြ၏။

မွေးဖွားမှု ဇာတိကို အပြီးသတ်လိုသည့် ဘုရားအလောင်း မွေးဖွားလာသည့်အချိန်၌ တောင်နှင့် တကွသော ပထဝီ မြေပြင်သည် လှိုင်းတံပိုး ပုတ်ခတ်သည့် သင်္ဘောပမာ လှုပ်ရှားသွားသည်။ နေရောင်ခြည်ဖြင့် ဖျန်းပက်စိမ့်ထုံထားသည့် ပန်းပွင့်များသည် ကောင်းကင်ယံမှ မိုးရွာချသကဲ့သို့ ကျလာကြ၏။ ဝေဟင်ပြင်၌မူ နတ်ဒေဝတာများ ပျော်မြူးကြသည့်ပမာ နတ်စည်များကို ဆော်ရွမ်းကြသည်။ သူရိယာ နေမင်း၏ အရောင်လည်း ထူးထူးခြားခြား တောက်ပသည်။ အေးမြပြီး မွှေးရနံ့ ကြိုင်ထုံနေသည့် မဂ်လာလေပြည် လေညင်းလည်း ညင်းညင်းသာသာ တိုက်ခတ်သည်။ ထိုအခါ နတ်ဒေဝတာ အပေါင်းတို့မှာ နစ်ထောင်းအားရ ဖြစ်ကြကုန်၏။

ထိုအချိန်၌ပင် သုဒ္ဓေါဒန မင်းကြီး၏ မိဖုရားငယ်တွင် နန္ဒ အမည်ရှိ သားတော်ကလေး ဖွားမြင်လာသည်။ နန္ဒမင်းသား၏ လက်ရုံးတို့မှာ ရှည်လျားကြီးမားလှသည်။ ရင်အုပ်ကလည်း ပြန့်ကျယ်လှသည်။ ပခုံးမှာမူ ခြင်္သေ့မင်း၏ ပခုံးနှင့် ပမာတူ၏။ မျက်လုံးကလည်း နွားလား ဥသဘ၏ မျက်လုံးကဲ့သို့ ဝိုင်းစက်ပြူးကျယ်၏။ ရုပ်ရည်ရူပကာယ အလွန်တရာ လှပသူ ဖြစ်သောကြောင့် သူ့ကို သုန္ဒရ (လှသူ) ဟုလည်း ခေါ်ကြသည်။

သိဒ္ဓတ္ထနှင့် နန္ဒမင်းသား နှစ်ဦးတို့သည် မင်းညီ မင်းသားများ တတ်အပ်သည့် အတတ်ပညာများကို အတူတကွ သင်ကြားဆည်းပူးသည်။ နန္ဒမင်းသားသည် ကာမဂုဏ် အာရုံတို့ကို တွယ်တာကပ်ငြိပြီး သိဒ္ဓတ္ထ မင်းသားကမူ ကာမဂုဏ် အာရုံတို့ကို ခုံခုံမင်မင် မရှိပေ။ သူအို၊ သူနာ၊ သူသေ တို့ကို တွေ့ရပြီးသည့်နောက် သိဒ္ဓတ္ထသည် ကမ္ဘာလောကအား အမိုက်တိုက် လွှမ်းနေသည်ဟု ထင်မှတ်သွားသည်။ သူ၏ စိတ်နှလုံး၌ တခြား ပုဂ္ဂိုလ်များအား ကြင်နာသနားသည့် ကရုဏာတရားကို ဖျက်ဆီးပစ်လိုသည့် စိတ်ဆန္ဒ ပေါ်ပေါက်လာသည်။

လောကီအာရုံကို ငြီးငွေ့လာသည်ဖြစ်၍ သိဒ္ဓတ္ထသည် လွတ်မြောက်မှုကို ရှာဖွေရန်အတွက် တောထွက်ရန် ပိုင်းဖြတ်လိုက်၏။ ညကာလတွင် မောင်းမမိသံများ အိပ်စက်နေသည့် နန်းတော်ဆောင်မှ ကြာပွင့်များ ဖရိုဖရဲဖြစ်နေသည့် ရေအိုင်မှ ထွက်ခွာသွားသော ဟင်္သာကဲ့သို့ စိတ်ပျက်စွာဖြင့် ထွက်ခွာသွားလေ၏။

စည်ကားသိုက်မြိုက်လှသော ကပိလဝတ် နေပြည်တော်ကို စွန့်ခွာ၍လည်းကောင်း၊ မိမိအား ချစ်ခင်ယုယသည့် လူအပေါင်းအား ခွဲခွာ၍လည်းကောင်း၊ လောကီ စည်းစိမ်ချမ်းသာကို မျက်နှာလွှဲ၍ လည်းကောင်း သိဒ္ဓတ္ထမင်းသားသည် အကျင့်တရားကို ကျင့်ကြံအားထုတ်ရန် တောဝနာသို့ ထွက်ခွာသွားလေ၏။

သစ္စာတရားကို ရှာမှီးလိုသည့် သိဒ္ဓတ္ထသည် ပထမ ကျွေဝါဒီ အာဠာရနှင့် သမ (ငြိမ်းချမ်းမှု) ဝါဒီ ဥဒကတို့၏ အထံသို့ ရောက်သွားပြီးလျှင် တပည့်ခံသည်။ သို့ရာတွင် ထိုဆရာအရှင်များထံမှ သူရှာမှီးနေသည့် သစ္စာတရားကို မရရှိသဖြင့် ထိုဆရာရှင်များအား စွန့်ခွာပြီး ထွက်သွား ပြန်လေ၏။ သူတစ်ပါး၏ အကူအညီဖြင့် သစ္စာတရားကို ရှာမတွေ့သောအခါ သိဒ္ဓတ္ထသည် ခက်ခဲသည့်အကျင့် (ဒုက္ကရစရိယာ) ကို ကျင့်ကြံ အားထုတ်သည်။ ခက်ခဲသည့် အကျင့်ကို ကျင့်ကြံ အားထုတ်သော်လည်း သစ္စာတရားကို မတွေ့ပြန်သောအခါ ခက်ခဲသည့် အကျင့်ကိုလည်း စွန့်ပယ် လိုက်ပြန်သည်။

ထိုနောက် အစာအာဟာရကို မှီဝဲပြီး ဗောဓိညောင်ပင်ရင်းတွင် သွားထိုင်နေသည်။ သစ္စာတရားကို မသိမမြင်မချင်း ထိုနေရာမှ မထ ဟုလည်း အဓိဋ္ဌာန် ပြုလိုက်သည်။ မာရ်မင်း၏ စစ်တပ်သည် အနှောင့်အယှက် ပြုလာသည်။ သိဒ္ဓတ္ထသည် မာရ်မင်း၏ စစ်တပ်ကို အနိုင် ရရှိပြီးနောက် ပျက်စီးယိုယွင်း မသွားသည့် ထာဝစဉ် တည်မြဲနေသော သစ္စာတရားကို သိမြင်သွားလေသည်။

သိဒ္ဓတ္ထမင်းသား မိမိကိစ္စ ပြီးစီးအောင်မြင် သွားပြီဟူသည့် သတင်းကို ကြားရသည့်အခါ နတ်ဒေဝတာ အပေါင်းသည် နှစ်ထောင်းအားရ ဖြစ်ကြသည်။ သို့ရာတွင် ထိုနေရာမှ တပ်ခေါက်ပြန်လာရသူ မာရ်မင်း၏ စစ်တပ်မှာမူ စိတ်ပျက်ဝမ်းနည်းခြင်း ဖြစ်နေသည်။

တောင်များနှင့် တကွသော ပထဝီမြေပြင်သည် သွက်သွက်ခါ တုန်လှုပ်သွားသည်။ မင်္ဂလာ လေပြည်လေညင်းလည်း ညင်ညင်သာသာ တိုက်ခတ်လာသည်။ နတ်စည်များလည်း ဆော်ရွမ်းကြသည်။ မိုးသားတိမ်လိပ် မရှိဘဲ ကောင်းကင်ပြင်မှ မိုးရွာချသည်။

ပျက်စီးယိုယွင်းခြင်း မရှိသည့် ပရမတ္ထ သစ္စာတရားကို တွေ့မြင်သိရှိသည်ဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရားသည် အမြိုက်တရားကို ဟောကြားရန် ဗာရာဏသီသို့ ကြွရောက်လာခဲ့သည်။ ဗာရာဏသီ မိဂဒါဝုန်၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ ထို့နောက် ပထမ ဦးစွာ ကောဏ္ဍညကို ရဟန်းပြုပေး၏။

ဗုဒ္ဓသည် လောဘ၊ ဒေါသ၊ မောဟ လှိုင်းတံပိုးများ လွှမ်းလျက်ရှိသော သံသရာပင်လယ်ပြင်၌ ဓမ္မစကြာ တရားဖောင်ကို စီးပြီးလျှင် မိမိကိုယ်တိုင်လည်း ကူးမြောက်ခဲ့သည်။ သူတစ်ပါးတို့အားလည်း ကူးမြောက်စေခဲ့သည်။ ဗာရာဏသီ၊ ဂယာ၊ ရာဇဂြိုဟ်မြို့တို့၌ လူပေါင်းများစွာအား အမြိုက်တရားကို ဟောတော်မူသည်။

ထို့နောက် ဖခမည်းတော်၏ မြို့တော်သို့ ကြွရောက်ပြီး ချီးမြှောက်လိုသည့်ဆန္ဒ ပေါ်လာသည် ဖြစ်၍ ကပိလဝတ်သို့ ကြွရောက်လာခဲ့သည်။ ထွက်ပြူ ထွန်းပ လာသော နေမင်းနှင့်တူသော ဂေါတမ မြတ်စွာဘုရားသည် လမ်းတကာတွင် လှုပ်ရှားသွားလာ နေကြသော လူအပေါင်းတို့၏ အဝိဇ္ဇာတရားကို နေမင်းသည် အမိုက်မှောင်ကို ပယ်ရှား ဖျောက်ဖျက်ပစ်သကဲ့သို့ ဖယ်ရှား ဖျောက်ဖျက်ပစ်လေသည်။

ကပိလဝတ် နေပြည်တော်သို့ ရောက်သောအခါ အလွန်တရာ လှပတင့်တယ်သော ဘုံဗိမာန်တို့ဖြင့် ဝင့်ကြွားနေသော၊ စိတ်နှလုံး မွေ့လျော်ဖွယ်ရာ ဥယျာဉ်တို့ရှိသော ကပလဝတ် နေပြည်တော်အား ဂေါတမ မြတ်စွာဘုရားသည် တောကြီးတစ်တောကို ကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်တော်မူသည်။ အကြောင်းမူကား မိမိ၏မြို့ရွာမှ ဆွေမျိုး မိတ်သင်္ဂဟများနှင့် လည်းကောင်း၊ စည်းစိမ်ဥစ္စာများနှင့် လည်းကောင်း အဆက်အသွယ် ဟူသမျှကို လုံးဝ ဖြတ်တောက်ထားပြီးပြီ ဖြစ်သောကြောင့်တည်း။

သားတော် ဂေါတမဗုဒ္ဓ နေပြည်တော်သို့ ကြွရောက်လာပြီ ဟူသည့် သတင်းကို ကြားရသည်ဖြစ်၍ သုဒ္ဓေါဒန မင်းကြီးသည် သားတော်အား တွေ့လိုသည့် ဇောဖြင့် မင်းပရိသတ်အချို့ကို ခေါ်ဆောင်ပြီး နန်းတော်အပြင်ဘက် အတင်းပြေးထွက် လာလေ၏။ ပျာယီးပျာယာ ဖြစ်နေသော ခမည်းတော်နှင့် လူအပေါင်းကို တွေ့ရသောအခါ ဂေါတမဗုဒ္ဓသည် ယင်းတို့အား တရားဓမ္မ ဟောပြလိုသည့် ဆန္ဒဖြင့် ကောင်းကင် ပျံကြွပြီး တန်ခိုးပာဋိဟာ ပြတော်မူလေ၏။ တန်ခိုးပာဋိဟာကို တွေ့မြင်ရသည့်အခါ ဘုရင်မင်းကြီးနှင့် လူအပေါင်းတို့မှာ နှစ်ထောင်းအားရ ဖြစ်သွားကြပြီးလျှင် ဂေါတမ ဗုဒ္ဓအား ဦးညွှတ် အရိုအသေ ပြုကြ၏။ ခမည်းတော်မင်းကြီးနှင့် လူအပေါင်းတို့ မိမိအား ဦးညွှတ်လာပြီ ဖြစ်ကြောင်းကို သိရှိရသည်ဖြစ်၍ ဂေါတမဗုဒ္ဓသည် ယင်းတို့အား တရားဓမ္မကို ဟောကြား ပြသတော်မူသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အကျွတ်တရား ရသွားပြီးလျှင် သားတော် ဂေါတမဗုဒ္ဓအား ဆရာတစ်ဆူကို ရှိခိုးသကဲ့သို့ ရှိခိုးသည်။ ဇာတိဒုက္ခနှင့် မရဏဒုက္ခကို ထိတ်လန့် ကြောက်ရွံ့ကြသည့် အခြား လူပေါင်းများစွာလည်း အိမ်ရာကို စွန့်ပြီး ရဟန်း ပြုကြသည်။

## နန္ဒနှင့် သုန္ဒရီ

ဗုဒ္ဓသည် ကပိလဝတ် နေပြည်တော်၌ တရားဒေသနာကို ဟောကြားနေတော်မူ၏။ ဆွေမျိုးဉာတကာ အပေါင်းတို့သည် ဗုဒ္ဓ၏တရားကို နာကြားနေကြ၏။ သို့ရာတွင် ဗုဒ္ဓ၏ ညီတော် နန္ဒ တစ်ယောက်မှာမူ မိမိ၏ အဆောင်တော်၌ ချစ်သူသက်ထားနှင့် မခွဲနိုင် မခွာရက် ဖြစ်နေသည်။ နန္ဒနှင့် သူ၏ ကြင်ရာတို့သည် လင်မယားချစ်၏ စံနမူနာ ဖြစ်ကြသည်။ နန္ဒက စက္ကဝက် ငှက်ဖိုဆိုလျှင် သူ၏ ကြင်ရာဒေဝီ သုန္ဒရီသည် စက္ကဝက်ငှက်မ ဖြစ်သည်။ ဇနီးမောင်နှံ နှစ်ဦးတို့သည် တစ်ဦးနှင့် တစ်ဦး အရိပ်တကြည့်ကြည့် ဖြစ်နေကြသည်။ နန္ဒသည် သုန္ဒရီနှင့် ကင်းကွာနေလျှင် လည်းကောင်း၊ သုန္ဒရီသည် နန္ဒနှင့် ကင်းကွာနေလျှင် လည်းကောင်း လမင်းနှင့် ကင်းကွာနေသော ညဥ့်ကဲ့သို့ လည်းကောင်း၊ ညဥ့်နှင့် ကင်းကွာနေသော လမင်းကဲ့သို့ လည်းကောင်း တင့်တယ်ခြင်း မရှိပေ။

တစ်နေ့သ၌ သုန္ဒရီသည် သူ၏လင်တော်မောင် နန္ဒ၏လက်ထဲ ကြေးမုံတစ်ချပ် ထည့်ပြီး "မောင်တော်၊ ဒီကြေးမုံကို ကြည့်ပြီး အလှပြင်ပါရစေ" ဟု ပြောသည်။ နန္ဒသည် ပြောသည့်အတိုင်း ကြေးမုံကို ကိုင်ထားသည်။ သုန္ဒရီသည် နန္ဒ၏ နှုတ်ခမ်းမွေးကို ကြည့်ရင်း ပါးပြင်တွင် နံ့သာ ခြယ်မှုန်းနေသည်။ ထိုအခိုက် နန္ဒသည် ကျီစယ်လိုသည့် သဘောဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီးလျှင် တမင်တကာ ကြေးမုံပြင်ကို မှုန်သွားအောင် လုပ်လိုက်သည်။

လင်တော်မောင် ကျီစားပုံကို တွေ့ရသည့်အခါ သုန္ဒရီသည် စိတ်ထဲက ပြုံးရယ်လိုက်သော်လည်း အပြင်ပန်းကမူ စိတ်ဆိုးချင်ယောင် ဆောင်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ ပန်ဆင်ထားသော ပန်းများကို ဖြုတ်ပြီး လွှင့်ပစ်လိုက်သည်။ ထိုအခါ နန္ဒသည် သုန္ဒရီ တကယ် စိတ်ဆိုးသွားသည် ထင်ပြီး ချော့မော့ရတော့သည်။ သုန္ဒရီ၏ ရှေ့တွင် ဦးခေါင်းကို ညွတ်ပြီးလျှင် အောက်တွင် ကျနေသော ပန်းများကို ဦးခေါင်းဖြင့် ထိပြီးလျှင် အနူးအညွတ် တောင်းပန်သည်။ ထိုအခါကျမှ သုန္ဒရီက နန္ဒကို လက်ဖြင့် မ ထူလိုက်ပြီးလျှင် "ဘယ်လိုဖြစ်တာလဲ" ဟု ပြောပြောဆိုဆို ရယ်လိုက်လေ၏။

ထို့နောက် သုန္ဒရီသည် ကြေးမုံကို ကိုင်ပေးထားသော မောင်တော် နန္ဒမင်းသား၏ မျက်နှာကို ကြည့်ရင်း နံ့သာခြယ်သည့် အလုပ်ကို ဆက်လုပ်ပြန်လေ၏။ နန္ဒမင်းသားကလည်း ချစ်သူ သုန္ဒရီ၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ပီတိဖြစ်နေသည်။

နတ်ဘုံ နတ်နန်းနှင့် ပမာတူသော နန်းတော်အဆောင်ထဲ၌ နန္ဒနှင့် သုန္ဒရီတို့သည် ယင်းကဲ့သို့ အကြည်ဆိုက်နေစဉ် ဆွမ်းခံချိန် ရောက်လာပြီ ဖြစ်၍ ဗုဒ္ဓသည် ဆွမ်းခံရန် ထိုနန်းတော် အဆောင်တံခါးဝသို့ ကြွလာတော်မူ၏။ ဗုဒ္ဓသည် တခြားပုဂ္ဂိုလ်များ၏ အိမ်မှာကဲ့သို့ပင် ညီတော်၏ အိမ်၌လည်း စက္ခုန္ဒြေချပြီး ဆွမ်းရပ်နေသည်။ သို့ရာတွင် အလုပ်အကျွေး အစေအပါးတို့၏ နမော်နမဲ့ နိုင်မှုကြောင့် ဗုဒ္ဓသည် ဆွမ်းမရဘဲ တံခါးဝမှ ပြန်ကြွသွားရသည်။

အဆောင်ထဲ၌ အချို့မိန်းမများသည် စန္ဒကူးနံ့သာ သွေးနေကြသည်။ အချို့က အဝတ်အစားများကို ရန့်ကြိုင်သင်းအောင် ပြုလုပ်နေကြသည်။ အချို့က ရေချိုးဖို့ စီမံနေကြသည်။ အချို့က ပန်းကုံးများကို သီကုံး နေကြသည်။ သို့ဖြစ်၍ သူတို့သည် ဗုဒ္ဓ ဆွမ်းရပ်နေသည်ကို သတိမမူမိခြင်း ဖြစ်သည်။

ထိုအခိုက် နန်းဆောင်ပေါ်၌ မိန်းမတစ်ဦးသည် ပြတင်းပေါက်မှ ရပ်ပြီး အပြင်ဘက်သို့ ကြည့်လိုက်သောအခါ မိုးသားတိမ်လိပ်တို့၏ အကြားမှ ထွက်ပြူလာသော တောက်ပနေသည့် နေမင်းကြီးကဲ့သို့ ဗုဒ္ဓဘုရား ထိုနေရာမှ ထွက်ခွာသွားသည်ကို တွေ့မြင်လိုက်ရ၏။ ထိုအခါ နန္ဒမင်းသား၏ ရှေ့မှောက်သို့ ကပျာကသီ သွားပြီး ကြားလျှောက်လေသည်။

"ဘုရား ကျွန်မတို့ကို ချီးမြှောက်လိုတဲ့ ဆန္ဒရှိလို့နဲ့ တူပါတယ်။ ဗုဒ္ဓဘုရားဟာဘုရာ့ကျွန်မတို့ရဲ့ နန်းတော်အဆောင်ကို ကြွလာပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘုရားဟာ တောကြီးတစ်ခုထဲက ပြန်ကြွသွားရသလိုပဲ ဘုရာ့ကျွန်မတို့ရဲ့ နန်းတော်အဆောင်က ဆွမ်းမရ ဘာမရနဲ့ လက်ချည်း ပြန်ကြွသွားရရှာတယ် ..."

ဗုဒ္ဓဘုရားရှင် စံနန်းထဲ ကြွရောက်လာပြီး ဆွမ်းမရ ဘာမရနှင့် မသိလိုက် မသိဘာသာ ပြန်ကြွသွားရသည်ဆိုသည့် သတင်းကို ကြားရသည့်အခါ လေကြီး မိုးကြီး ဝှေ့ယမ်း တိုက်ခတ်လာသဖြင့် လှုပ်ယမ်းသွားသော ပဒေသာပင်ကဲ့သို့ ထူးခြားဆန်းကြယ်သည့် လက်ဝတ်တန်ဆာများ ဆင်ယင် ဝတ်စားထားသည့် နန္ဒမင်းသားသည် တုန်လှုပ်သွားသည်။ ထိုအခါ နန္ဒမင်းသားသည် ချစ်သူ သုန္ဒရီအား "နမတော် ... မောင်တော် ရှင်တော်ဗုဒ္ဓကို ဖူးမြော်ရအောင် ခဏ လိုက်သွားဦးမယ်၊ မောင်တော့်ကို ခွင့်ပေးပါ ... " ဟု ခွင့်ပန်သည်။

နန္ဒမင်းသား၏ စကားကို ကြားရသည့်အခါ သုန္ဒရီသည် တုန်လှုပ်သွားပြီးလျှင် မောင်တော် နန္ဒမင်းသားကို လှမ်းဖက် လိုက်လေသည်။ လေတိုက်ခတ်သဖြင့် လှုပ်ရှားသွားသော နွယ်ပင်သည် အင်ကြင်းပင်ကို ရစ်ပတ်လိုက်သည်နှင့် ပမာတူသည်။ မျက်ရည်ရွှဲလျက် ရှိသော မျက်လုံးများဖြင့် မောင်တော် နန္ဒမင်းသားကို ကြည့်နေသည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှူပြီး ပြော၏။

"မောင်တော် ... ဘုရားရှင်ကို ဖူးတွေ့ရအောင် သွားချင်တယ် ဆိုရင်တော့ နမတော် မောင်တော်ရဲ့ တရားနဲ့ ပတ်သက်တဲ့ အလုပ်မှာ အနှောင့်အယှက် မပေးလိုပါဘူး။ ဒါပေမယ့် ဟောဒီ နမတော်ရဲ့ ပါးပြင်ပေါ်မှာ လိမ်းထားတဲ့ စန္ဒကူးနံ့သာ ခြောက်မသွားခင် မောင်တော် နမတော်ဆီကို အရောက် ပြန်လာခဲ့ရမယ်။ တကယ်လို့ မောင်တော် ကြာနေရင် မောင်တော်ကို အပြစ်ဒဏ် ပေးရလိမ့်မယ်။ မောင်တော် အိပ်ပျော်နေတဲ့အခါ ခဏခဏ နှိုးနေမှာပဲ။ နမတော် ပြောတဲ့အတိုင်း နမတော်ရဲ့ ပါးပြင်ပေါ်မှာ လိမ်းထားတဲ့ စန္ဒကူးနံ့သာ ခြောက်မသွားခင် မောင်တော် ပြန်ရောက်လာရင်တော့ မောင်တော့်ကို ဟောဒီ လက်နှစ်ဖက်နဲ့ ပွေ့ဖက်မယ် ..."

"မောင်တော် ခဏချက်ချင်း ပြန်လာခဲ့ပါ့မယ်"

ယင်းသို့ ပြောပြီးလျှင် နန္ဒမင်းသားသည် ခန်းဆောင်ထဲမှ ထွက်သွားသည်။ စိတ်မချသည့် အကြည့်မျိုးဖြင့် သုန္ဒရီသည် နန္ဒမင်းသား သွားရာကို လှမ်းကြည့်နေသည်။ အဝေးသို့ ထွက်သွားသော သမင်ဖိုကို

သမင်မသည် လည်ပြန်လှည့်လျက်၊ နားရွက်ကို ထောင်လျက်၊ ပါးစပ်ထဲက မြက်ကို အောက်သို့ ကျစေလျက် ကြည့်နေသည်နှယ် ပုံပမာ တူလှပေသည်။

ဗုဒ္ဓကို ဖူးတွေ့လိုသည့်ဆန္ဒ ပြင်းပြလာသည်ဖြစ်၍ နန္ဒမင်းသားသည် ခပ်သုတ်သုတ် သွားသည်။ သို့ရာတွင် သုန္ဒရီကို ပြန်လှည့်ကြည့်လိုက်သည့် အခါတွင်မူ ဆင်မကို မြင်သော ဆင်ထီးကဲ့သို့ အသွား နှေးသွားပြန်သည်။ ခါးသေးရင်ချီ သုန္ဒရီကို ကြည့်ရသည်မှာ နန္ဒမင်းသားအဖို့ လက်ခုပ်တစ်ဖက် တည်းနှင့် ရေခပ်ပြီး သောက်ရသကဲ့သို့ တင်းမတိမ် အားအရ ဖြစ်နေသည်။

ဗုဒ္ဓအား ကြည်ညို လေးစားသည့် စိတ်ဓာတ်သည် နန္ဒမင်းသားအား ရှေ့သို့ ဆွဲခေါ်သွားသည်။ သို့ရာတွင် ချစ်သူ မယားစိတ်က သူ့ကို နောက်သို့ ပြန်တုံ့ဆွဲနေသည်။ မရေ မရာ ဖြစ်နေသဖြင့် သူသည် ရှေ့သို့လည်း တိုးမသွားပေ။ ရပ်တန့်၍လည်း မနေပေ။ လှိုင်းတံပိုးပေါ်၌ သွားနေသော ဟင်္သာမင်းသည် ရှေ့သို့လည်း တိုးမသွား၊ ရပ်တန့်၍လည်း မနေသကဲ့သို့ ထိုနည်းအတိုင်းပင် နန္ဒမင်းသား၏ အခြေအနေ ဖြစ်နေသည်။

ထို့နောက် သုန္ဒရီအား မျက်နှာလွှဲခဲ့ပြီးလျှင် နန္ဒမင်းသားသည် နန်းတော်အောက်ဘက် လျင်မြန်စွာ ဆင်းသက်လာသည်။ သို့ရာတွင် ခြေကျင်းသံ ကြားရပြန်သဖြင့် နောက်ဆံ တင်းသွားပြန်သည်။ ကာမဂုဏ် အာရုံက သူ့အား တုပ်နှောင်ထားသည်။ သို့ရာတွင် တရားဓမ္မစိတ်က သူ့ကို ရှေ့သို့ ဆွဲဆောင် ခေါ်ငင်နေသည်။ သူသည် ရေဆန်ကို လှော်တက်နေရသည့် လှေနာဝါကဲ့သို့ ခဲခဲယဉ်းယဉ်း ရှေ့သို့ တိုးသွားနေရသည်။

နန္ဒမင်းသားသည် 'ဗုဒ္ဓရှင်တော်မြတ်ဘုရား အဝေးရောက် မသွားခင် ခပ်မြန်မြန် သွားရောက်ဖူးမြော်ပြီး ခပ်မြန်မြန် သုန္ဒရီထံ ပြန်လာမည်' ဟု စိတ်ကူးပြီးလျှင် ဗုဒ္ဓနောက်သို့ ခြေလှမ်းကျဲကျဲ လှမ်းပြီး လိုက်သွားသည်။ လမ်းမပေါ်၌ ဗုဒ္ဓကို လှမ်းတွေ့လိုက်သော အခါတွင်မူ ဗုဒ္ဓအား လူထု ပရိသတ်ကြီးက ဝိုင်းရံပြီး ဖူးမြော်ကန်တော့ နေကြသည်။ ဗုဒ္ဓအနီးသို့ ထိုးဖောက်ဝင်ရောက် သွားဖို့ရန်ပင် မလွယ်ကူသည့် အဖြစ်ကို တွေ့ရပေ၏။

## နန္ဒ ရဟန်းပြုခြင်း

သကျ သာကီဝင် မင်းပရိသတ်အပေါင်းသည် မြင်းများပေါ်မှ လည်းကောင်း၊ ဆင်များပေါ်မှ လည်းကောင်း၊ ယာဉ်ရထားများပေါ်မှ လည်းကောင်း ဆင်းသက်ကြပြီးလျှင် ဂေါတမ ဗုဒ္ဓအား ရှိခိုး ဦးညွှတ်ကြသည်။ သူဌေးသူကြွယ် စသော အခြားသော မြို့သူမြို့သားတို့သည်လည်း မဟာကရုဏာရှင်၏ ခြေတော်အစုံကို ဦးတိုက်ကြသည်။ တချို့မှာ ရှိခိုးကန်တော့ပြီးနောက် ခဏမျှ ဗုဒ္ဓ၏ နောက်သို့ လိုက်သွားကြသည်။ အချို့က ရှိခိုးကန်းတော့ပြီးနောက် မိမိတို့ လိုရာသို့ သွားကြသည်။ အချို့ကမူ မိမိတို့၏ အိမ်မှ ရပ်ပြီးလျှင် လက်အုပ်ချီလျက် ဗုဒ္ဓရှိရာသို့ ငေးမျှော်နေကြသည်။

ဗုဒ္ဓသည် မင်းလမ်းမအတိုင်း အကြည်ညို ပွားနေကြသည့် လူထု ပရိသတ်ကြီး ကြားထဲက ရှေ့သို့ ကြွတော်မူသည်။ နန္ဒမင်းသားသည် ထိုလူထု ပရိသတ်ကြီးကို တိုးဝှေ့ပြီး ဗုဒ္ဓ၏ အနီးသို့ ရောက်မသွားနိုင်အောင် ဖြစ်နေသည်။ သို့ရာတွင် ဗုဒ္ဓ၏ ဘုန်းသမ္ဘာကြီးမားပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရ၍ တစ်ဖက်မှလည်း ဝမ်းသာမဆုံး ဖြစ်နေသည်။ တဖြည်းဖြည်း ပရိသတ် စဲသွားသည်။ နန္ဒမင်းသားသည် ဗုဒ္ဓ၏ အနီးသို့ တိုးသွားပြီး ရှိခိုးလိုက်၏။ ထို့နောက် ဤသို့ လျှောက်လိုက်သည် ...

"အရှင်ဘုရား၊ တပည့်တော်တို့ကို ချီးမြှောက်လိုတဲ့အတွက် တပည့်တော်တို့ရဲ့ နန်းဆောင်ကို ကြွလာတယ်လို့ ကြားရပါတယ်။ အရှင်ဘုရား ကြွလာစဉ် တပည့်တော်ကို ဘယ်သူကမှ အကြောင်းမကြားဘူး။ ဒါကြောင့် တပည့်တော် သူတို့ကို ဆူပူကြိမ်းမောင်းပြီး အရှင်ဘုရားထံ အမြန်လာခဲ့ခြင်း ဖြစ်ပါတယ်။ အရှင်ဘုရား အခု တပည့်တော်ရဲ့ နန်းတော်ဆောင်ကို ကြွပြီး ဆွမ်းဘုဉ်းပေးတော်မူပါ ဘုရား"

ဗုဒ္ဓသည် နေကို လှမ်းကြည့်ပြီး ထိုနေ့အဖို့ မလိုတော့ဟူသည့် အကြောင်းကို ပြောပြလိုက်သည်။ ထိုအခါ နန္ဒမင်းသားသည် ဗုဒ္ဓအား ရှိခိုးဦးညွှတ်လိုက်ပြီးလျှင် နန်းတော်သို့ ပြန်ရန် ဟန်ပြင်သည်။ ထိုအခိုက် ဗုဒ္ဓသည် နန္ဒမင်းသားအား သပိတ်ကို လှမ်းပေးလိုက်သည်။ နန္ဒက လှမ်းယူလိုက်သည်။ လက်ထဲတွင် သပိတ်ကိုင်ထားသော်လည်း နန္ဒသည် ချစ်သူရှိရာ အိမ်ဂေဟာသို့သာလျှင် ပြန်မည် တကဲကဲ လုပ်နေသည်။ ဗုဒ္ဓသည် နန္ဒမင်းသားအား ပြန်ခွင့်မပေးဘဲ သပိတ်ကို ပိုက်စေပြီးလျှင် ကျောင်းသို့ ခေါ်ဆောင်သွားသည်။

နန္ဒမင်းသားသည် မလိုက်ချင် လိုက်ချင်နှင့် ဗုဒ္ဓနောက်သို့ လိုက်သွားရသော်လည်း စိတ်ကမူ နန်းတော်ဆောင်တွင် ကျန်ရစ်ခဲ့သော စန္ဒကူးနံ့သာ မခြောက်တခြောက်နှင့် ချစ်သူ၏ မျက်နှာဆီသို့ ရောက်နေသည်။ ကျောင်းရောက်သည့်အခါ ဗုဒ္ဓသည် စိတ်မကြည်မသာ ဖြစ်နေပုံရသည့် နန္ဒ၏ ဦးခေါင်းကို လက်တော်ဖြင့် ပွတ်သပ်ပြီး ဤသို့ မိန့်ကြားတော်မူ၏။

"နန္ဒ၊ သေမင်းနိုပ်စက်ချိန် ရောက်မလာခင် ငြိမ်းချမ်းမှုကို သိအောင် ကြိုးစားလော့။ သေမင်းဟာ ဒီကမ္ဘာလောကမှာ ဘယ်လို အခြေအနေရှိတဲ့ လူကိုဖြစ်ဖြစ် လူမှန်သမျှ သတ္တဝါ မှန်သမျှကို သတ်ဖြတ် ဖျက်ဆီးပစ်တယ်။ လူအပေါင်းတို့ သုံးဆောင်ခံစားနေကြတဲ့ အိပ်မက်ကဲ့သို့ အနှစ်သာရ ကင်းမဲ့တဲ့ ကာမသုခဆီ ရောက်မသွားအောင် မိမိရဲ့ လျှပ်ပေါ်တဲ့စိတ်ကို တားမြစ်ပိတ်ထားလော့။ လေပင့်ပေးတဲ့ မီးဟာ ထောပတ် စတဲ့ လောင်စာ ဘယ်လို ထည့်ထည့်၊ မတင်းတိမ် မရောင့်ရဲသကဲ့သို့ ကမ္ဘာလောက တစ်ခုလုံးဟာလည်း ကာမဂုဏ် အာရုံတို့ကို ဘယ်လောက် ခံစား ခံစား မတင်းတိမ် မရောင့်ရဲ ဖြစ်နေကြတယ်။

"ဥစ္စာနေထဲမှာလည်း သဒ္ဓါတရား တည်းဟူသော ဥစ္စာနေဟာ မြင့်မြတ်တယ်။ အရသာထဲမှာလည်း ပညာ အရသာဟာ ရောင့်ရဲတင်းတိမ်မှုကို ပေးတတ်တယ်။ သုခထဲမှာလည်း စိတ္တသုခဟာ အဓိက ဖြစ်တယ်။ ဒုက္ခထဲမှာဆိုရင်လည်း မသိတတ် မမြင်တတ်တဲ့ ဒုက္ခဟာ ဆင်းရဲဒုက္ခကို အပေးတတ်ဆုံး ဖြစ်တယ်။ အကျိုးရှိတဲ့ အကြောင်းကို ပြောပြတတ်တဲ့ မိတ်ဆွေဟာ မိတ်ဆွေထဲမှာ အမြင့်မြတ်ဆုံး ဖြစ်တယ်။ တရားဓမ္မအတွက် ကြိုးပမ်းတဲ့ ကြိုးပမ်းမှုဟာ ကြိုးပမ်းမှု ဟူသမျှတွေထဲမှာ ထိပ်ဆုံးက ဖြစ်တယ်။ အသိဉာဏ်ပညာအတွက် ပြုလုပ်တဲ့ အလုပ်ဟာ အလုပ်ဟူသမျှတွေထဲမှာ အမြင့်မြတ်ဆုံး ဖြစ်တယ်။ အာရုံခံ ဣန္ဒြေတို့ရဲ့ ကျေးကျွန် ဖြစ်ခြင်းအားဖြင့် ဘာ အကျိုးရှိမည်နည်း။ သို့အတွက်ကြောင့် ထိတ်လန့်မှု၊ ကြောင့်ကြမှု ကင်းသော၊ သူတစ်ပါးတို့ရဲ့ လက်အောက်ခံ မဟုတ်သော၊ သူတစ်ပါးတို့ အတင်းအဓမ္မ လုယူခြင်းငှာ မစွမ်းနိုင်သော၊ နိစ္စဓူဝဖြစ်တဲ့ သန္တိသုခကို ရအောင် အားထုတ်လော့။

"သတ္တဝါတို့ရဲ့ ရုပ်အဆင်းကို ဖျက်ဆီးပစ်တဲ့ နေရာမှာ ဇရာနဲ့တူတဲ့ အရာဝတ္ထုရယ်လို့ တခြား မရှိဘူး။ ကမ္ဘာလောကမှာ ရောဂါနဲ့တူတဲ့ အကျိုးမဲ့ ပြုတတ်တဲ့ အရာရယ်လို့ တခြား မရှိဘူး။ ပထဝီ မြေပြင်ပေါ်မှာ သေခြင်းတရားနဲ့ တူတဲ့ ဘေးရယ်လို့လည်း တခြားမရှိဘူး။ ယင်း သုံးမျိုးကို သတ္တဝါတို့ မတွေ့ဆုံဘဲ မနေရဘူး။

"ချစ်ခြင်းနဲ့တူတဲ့ ဘယ်လို အနှောင်အဖွဲ့မျိုးမှလဲ မရှိဘူး။ တဏှာနဲ့တူတဲ့ စီးဆင်းသွားတတ်တဲ့ ဘယ်လိုရေအလျဉ်မျိုးမှလဲ မရှိဘူး။ ရာဂမီးနဲ့တူတဲ့ ဘယ်လိုမီးမျိုးမှလဲ မရှိဘူး။ သင့်မှာ ယင်းသုံးမျိုး မရှိလျှင် သင်ဟာ ချမ်းသာသုခနှင့် ပြည့်စုံတဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်။ ချစ်သောသူနှင့် ကွေကွင်းရခြင်းမှာ မလွဲမရှောင်သာတဲ့ အရာသာဖြစ်တယ်။ အဲဒီအတွက် ပူဆွေး သောက ရောက်ကြရမည်သာ ဖြစ်တယ်။ သောက ဖိစီးနိုပ်စက်သဖြင့် လူတွေ အယောင်ယောင် အမှားမှား ဖြစ်ကုန်ကြတယ်။ အဲဒါကြောင့် ပညာတည်းဟူသော ချပ်မိန်ညိုကို ဝတ်ဆင်ထားပါ။ ဘာကြောင့်လဲဆိုလျှင် ပညာချပ်မိန်ညို ဝတ်ထားတဲ့ လူကို သောကမြှား ထွင်းဖောက် မသွားနိုင်ဘူး။ လက်ထဲမှာ ဆေးလုံး ကိုင်ထားတဲ့ မြွေဆရာကို မြွေမကိုက်နိုင်သလိုပဲ၊ မောဟ ကင်းကွာနေတဲ့ ပုဂ္ဂိုလ်ကို သောကမြွေဟောက်က ပေါက်မသတ်နိုင်ဘူး။ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်း အားထုတ်ခြင်းအားဖြင့် သစ္စာတရားကို သိမြင်ထားတဲ့ ပုဂ္ဂိုလ်ဟာ သေချိန် ရောက်လာတဲ့အခါ တုန်လှုပ်ကြောက်ရွံ့ခြင်း မဖြစ်ဘူး။ ချပ်မိန်ညိုဝတ်ပြီး

လက်နက်ကိုင်ထားတဲ့ သူရဲကောင်း စစ်သားဟာ စစ်မြေပြင် ရောက်သွားပေမယ့် တုန်လှုပ် ကြောက်ရွံ့ခြင်း မဖြစ်သလိုပဲ ...”

ယင်းသို့ တရားဓမ္မ ညွှန်ပြ ပြောဆိုပြီးလျှင် ဗုဒ္ဓသည် နန္ဒအပေါ်၌ ကရုဏာ ထားသည်ဖြစ်၍ ရှင်အာနန္ဒာကို ခေါ်ပြီးလျှင် “ငါ့ရှင် အာနန္ဒာ၊ နန္ဒကို ရဟန်းပြု ပေးလိုက် ...” ဟု မိန့်တော်မူလိုက်၏။ ထိုအခါ နန္ဒက ရဟန်း မပြုလိုကြောင်း ငြင်းဆန်နေသည်။ ရှင်အာနန္ဒာသည် ဗုဒ္ဓအား နန္ဒ၏ သဘောထားကို လျှောက်ထားပြလိုက်သည်။ နန္ဒ စိတ်မပါပုံကို သိရှိရသဖြင့် ဗုဒ္ဓသည် နန္ဒအား တရားပြ ပြန်လေသည် ...

“ညီတော်နန္ဒ၊ ငါဟာ သင်ညီတော်နန္ဒရဲ့ နောင်တော်ကြီး ဖြစ်တယ်။ ငါ အခု လူ့ဘောင်ကို စွန့်ပြီး ရဟန်းပြုလိုက်ပြီ။ ငါ့နောက် လိုက်ပြီး ငါ့ဆွေတော်မျိုးတော်တွေ ရဟန်းပြုကြတာလည်း မနည်းတော့ဘူး။ ဒါနဲ့တောင်မှ သင် သတိတရား မရသေးဘူးလား။ အပြီးမပျက်ဘဲ တောထွက်သွားကြတဲ့ ဘုရင်ဧကရာဇ်တွေ ဘယ်လောက် များနေပြီလဲ။ သူတို့ဟာ ငြိမ်းချမ်းမှုကို ရလိုတဲ့အတွက် ကာမဂုဏ် စည်းစိမ်တို့ကို စွန့်ပစ်လိုက်ကြတယ်။ အိမ်ရာတည်ထောင် လူ့ဘောင်ရဲ့ အပြစ် အနာအဆာနဲ့ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာသွားခြင်းအားဖြင့် ရရှိတဲ့ ငြိမ်းချမ်းမှုကို သိမြင်ပြီး ဖြစ်ပါလျက် ဘာဖြစ်လို့ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာဖို့ စိတ်မကူးသေးသလဲ။

“ဘေးပတ်လည် မီးဟုန်းဟုန်း တောက်နေတဲ့ အိမ်မှာ ထွက်ပြေးဖို့ မကြိုးစားဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတဲ့ လူလောက် မိုက်မဲတဲ့လူ ရှိဦးမည်လော။ ဇရာနဲ့ ဗျာဓိ မီးညွန့် မီးလျှံများ တက်နေတဲ့၊ အချိန်ကာလတည်းဟူသော မီးတောက်လောင်နေတဲ့၊ ကမ္ဘာလောကကြီးမှာ အမှုမဲ့ အမှတ်မဲ့ နေနိုင်တဲ့ လူလောက် အသိဉာဏ် ခေါင်းပါးတာ ဘယ်မှာ ရှိတော့မှာလဲ ...။

“ကမ္ဘာလောကမှာ အမြဲ တည်မြဲနေတဲ့ အရာရယ်လို့ ဘယ်မှာမှ မရှိဘူး။ ကမ္ဘာလောကကို အနိစ္စလို့ မှတ်ထင်ပြီးတော့သာ အကျွတ်တရား ရကုန်ကြခြင်း ဖြစ်တယ်။ သင်လည်းပဲ ကမ္ဘာလောကကို တံလျှပ်သဖွယ် သဘောထားပြီး ဒုက္ခကွန်ရက်ကို ဖြတ်တောက်ပစ်ချင်လျှင် သင့်သန္တာန်မှာ မောဟ ကင်းအောင် ပြုလုပ်လော့။

“အကျိုးရှိတဲ့ အစားအစာဟာ အရသာ မရှိပေမယ့် ကောင်းမြတ်တယ်။ အကျိုးမရှိတဲ့ အစားအစာ ကတော့ အရသာ ရှိပေမယ့် မကောင်းမြတ်ဘူး။ ဒါကြောင့် သင့်ကိုယ်သင် မနှစ်သက်ပေမယ့် ကောင်းမြတ်တဲ့ လမ်းပေါ် ရောက်အောင် ငါ ပို့ပေးရလိမ့်မယ်။ ကလေးထိန်းတဲ့ လူဟာ ကလေးကို ဖမ်းပြီး ကလေးပါးစပ်ထဲ ဝင်နေတဲ့ ခဲလုံးကို အတင်းထုတ်ယူ ပစ်သကဲ့သို့ သင့်နှလုံးသားထဲမှာ စိုက်ဝင်နေတဲ့ ရာဂလုံသွားကို ထုတ်ယူပစ်လိုတဲ့အတွက် ငါ အခုလို ခက်ထန်တဲ့ စကားလုံးများကို သုံးပြီး သင့်ကို ပြောပြနေခြင်း ဖြစ်တယ်။ ဆေးသမားဟာ လူနာကို နှစ်မြို့ဖွယ် မကောင်းတဲ့ ဆေးခါး တိုက်ကျွေးသလိုပဲ၊ ငါလည်း သင့်ကို ကယ်တင်လိုတဲ့အတွက် နှစ်မြို့ဖွယ် မဟုတ်ပေမယ့် အကျိုးရှိတဲ့ စကားကို ပြောပြရခြင်း ဖြစ်တယ်။ ဒါကြောင့် အသက်နှင့် ကိုယ်ခန္ဓာ ထင်ရှား

ရှိနေသရွေ့ သင်ညီတော် နန္ဒမင်းသား သစ္စာတရားကို ရရှိအောင် ကြိုးစားအားထုတ်ပါလော့ ...”

ဗုဒ္ဓက ယင်းသို့ ဆုံးမလိုက်သည့်အခါ နန္ဒမင်းသားသည် ... “တပည့်တော် အရှင်ဘုရား၏ စကားကို လိုက်နာပါမည် ဘုရား” ဟု ပြန်လည် လျှောက်ထားလိုက်လေ၏။

ထိုအခါ ရှင်အာနန္ဒာသည် စိတ်မပါ တပါ ဖြစ်နေသည့် နန္ဒကို ခေါ်သွားပြီးလျှင် မျက်ရည်စက်လက် ဖြစ်နေသည့် နန္ဒ၏ ဦးခေါင်းမှ ဆံကေသာကို ပယ်ချပေးလိုက်လေ၏။ ဆံပင်ကို ရိတ်သည့် ခဏ၌ မျက်ရည်စက်လက်နှင့် ငုံ့နေသော နန္ဒ၏ မျက်နှာသည် ရေကန် အတွင်းရှိ မိုးရေတင်နေသည်ဖြစ်၍ ငိုက်ကျနေသည့် ကြာပွင့်ကဲ့သို့ တင့်တယ် လှပ၍ နေသည်။

ထို့နောက် နန္ဒအား ဖန်ရည် သင်္ကန်းကို ဝတ်ရုံစေပြီးလျှင် ရဟန်းပြုပေးလိုက်လေ၏။ သင်္ကန်းဝတ်ရုံထားသော နန္ဒသည် ညဥ့်အမှောင်၏ အပြီးတွင် နေအရုဏ်ရောင်ဖြင့် ရစ်ပတ်ခြုံရုံထားသော လပြည့်ဝန်းကဲ့သို့ ကျက်သရေ ရှိနေပေသည်။

## သုန္ဒရီ၏ အပူမီး

အချိန် အနည်းငယ် ကြာသွား၏။ သို့ရာတွင် နန္ဒသည် နန်းတော်သို့ ပြန်ရောက်မလာ။ သုန္ဒရီသည် မောင်ဘုရား နန္ဒ ပြန်ရောက်မလာသဖြင့် အပူမီးတောက်လေတော့၏။ တံခါးဝတွင် သွားရပ်လိုက်၊ ပြတင်းပေါက်တွင် လာရပ်လိုက်နှင့် သူ့ မောင်တော် နန္ဒမင်းသား ပြန်လာမည့် လမ်းကို မျှော်မှန်းကြည့်ရှု နေရှာသည်။

အချိန်ကြာမြင့်စွာ မတ်တတ်ရပ်ပြီး ငေးမျှော်စောင့်စား နေရသဖြင့် သုန္ဒရီသည် ကိုယ်ကို မသယ်နိုင်ဖြစ်ပြီး သလွန်ပေါ်သို့ လဲကျသွား၏။ သူ၏ ပုလဲကုံးမှ ပုလဲလုံးကလေးများမှာ ဖရိုဖရဲ ပြန့်ကျဲသွားကြသည်။ သူ့ခြေထောက် တစ်ဝက်မှာ သလွန်ပေါ်မှ တွဲလဲကျနေသည်။

သုန္ဒရီ လဲကျသွားသည့် အသံကို ကြားရ၍ အပျိုတော် တစ်ဦးသည် လှေကားမှ အတင်း ပြေးတက်လာ၏။ အပျိုတော် တက်လာသည့် ခြေသံကို ကြားရသည့်အခါ သုန္ဒရီသည် သူ့မောင်တော် နန္ဒမင်းသား ပြန်လာပြီဟု အထင်ရှိသဖြင့် ဝမ်းသာအားရနှင့် အတင်း လူးလဲ ထသည်။ သို့ရာတွင် မောင်တော် နန္ဒမင်းသား မဟုတ်မှန်း သိရသောအခါ စိတ်ပျက် အားလျှော့သွားပြီးလျှင် တစ်ဖန် အိပ်ရာပေါ်တွင် လဲကျ သွားပြန်သည်။ ဆီးနှင်းကျသည့် ဟေမန္တဥတု ရောက်လာသည့်အခါ လရောင် မှေးမှိန်နေသဖြင့် အာကာသ ကောင်းကင်ပြင်သည် တင့်တယ်သာယာခြင်း မရှိသကဲ့သို့ မျက်နှာတွင် အရောင် ညှိုးနေသဖြင့် သုန္ဒရီသည် မလှမပ ဖြစ်နေရှာသည်။

လင်တော်မောင် နန္ဒကို မတွေ့မမြင်ရသဖြင့် သုန္ဒရီသည် စိတ်ဒုက္ခ အကြီးအကျယ် ရောက်နေသည်။ ရာဂမီး၊ ဒေါသမီး တောက်လောင်နေသည်။ လက်ပေါ်တွင် မျက်နှာကို တင်ပြီးလျှင် သောကရေလွှမ်းလျက်ရှိသော အတွေးပင်လယ်ကြော တွင် နစ်မျော ကူးခတ်၍ နေသည်။ လက်ပေါ်တွင် တင်ထားသော သူ့မျက်ဝန်းသည် ရေပေါ်တွင် ထင်နေသည့် ကြာပွင့်၏ အရိပ်ပေါ်တွင် ညွှတ်ကိုင်းကျနေသည့် ကြာပွင့်ကဲ့သို့ တင့်တယ်လှပ၍ နေသည်။

မိန်းမသားတို့၏ နလုံးသည် ပင်ကိုကပင် နူးညံ့ ပျော့ပျောင်းသည်ဖြစ်၍ သုန္ဒရီသည် တောင်တောင် မြောက်မြောက် တွေးတောပြီး ပူပန် နေရှာ၏။ သူ့ လင်ယောက်ျားသည် သူ့ကို ချစ်ခင်ကြင်နာသော်လည်း တရားဓမ္မ၏ ခိုကိုးလဲလျောင်းရာသို့ သွားခဲ့ရပြီ။ ယင်း အဖြစ်အပျက် အမှန်ကို မသိရှာသည်ဖြစ်၍ သုန္ဒရီသည် မျက်ရည် မဆည်နိုင် ဖြစ်ပြီး ငိုကြွေး မြည်တမ်းနေရှာသည်။

“နမတော် မျက်နှာက စန္ဒကူး နံ့သာ မသွေ့မီ မောင်တော် အရောက်ပြန်လာခဲ့မယ်လို့ ကတိပေးပြီး ထွက်သွားတယ်။ ကတိကို ချစ်မြတ်နိုးလှတဲ့ မောင်တော်ဟာ ဒီကနေ့ ကိုယ့်ကတိကို ချိုးဖောက် ဖျက်ဆီးနေပါ ပကောလား။ မောင်တော်ဘုရားဟာ ငါ့ကို အမြဲတမ်း ကြင်နာခဲ့တယ်။ လိုက်လျောခဲ့တယ်။ အခု ဘာကြောင့် သူ့သဘောထား ပြောင်းလဲသွားတယ် မသိဘူး။ ကာမဂုဏ် အာရုံကိုပဲ ငြီးငွေ့သွားလို့လား။ သို့မဟုတ် ငါ့မှာပဲ အပြစ်တစ်ခုခု တွေ့မြင် သွားလို့လား။

“ငါ့ကို ချစ်မြတ်နိုးခဲ့တဲ့ မောင်တော်ဟာ အခု ငါ့ကို မုန်းသွားပြီ။ တကယ်လို့ ငါ့ကို ချစ်ရိုးမှန်ရင် ငါ့ဆီကို ပြန်ရောက်လာမှာ အမှန်ဖြစ်တယ်။ ဧကန္တ ငါ့မောင်တော်ဟာ ငါ့ထက် ရုပ်ရော၊ သဘောရော သာတဲ့ မိန်းမပျို တစ်ယောက်ကို တွေ့ထားပြီ ထင်တယ်။ ဒါကြောင့်မို့သာ ငါ့ကို လှည့်စားပြီး စွန့်ခွာထွက်သွားခြင်း ဖြစ်လိမ့်မယ်။ ရှင်တော်ဗုဒ္ဓကို ကြည်ညိုပါတယ်၊ မြတ်နိုးပါတယ်လို့ သူပြောတာဟာ ငါ့ဆီက ထွက်ခွင့်ရအောင် လီဆယ်ခြင်းမျှသာ ဖြစ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် တကယ်လို့သာ ရှင်တော် ဗုဒ္ဓကို သူကြည်ညို

မြတ်နိုးရိုးမှန်ရင် မသားပြောရတာကိုလည်း သူ သေမင်းလို ထိတ်လန့်ကြောက်ရွံ့မှာ အမှန်ပဲ။ ငါ နံ့သာခြယ်နေတုန်းက ငါ့ရှေ့မှာ ကြေးမုံကိုင်ပြီး သူ စိတ်ထဲမှာ တွေးနေတဲ့ မိန်းမပျို တစ်ယောက်ယောက်ဆီ ရောက်ပြီး အဲဒီ မိန်းမပျိုရဲ့ ရှေ့မှာ ကြေးမုံ ကိုင်ပေးနေရင်တော့ အဲဒီလို ပဲပြားပင်လို အချစ်မျိုးကိုဖြင့် ရှိခိုးဦးတင်လိုက်ပါတယ်”

ယင်းသို့ အပူမီး တောက်နေစဉ် အလုပ်အကျွေး မိန်းမတစ်ယောက်သည် စံနန်းပေါ်သို့ ပြေးတက်လာပြီးလျှင် မျက်ရည်စက်လက်နှင့် ပြောလေ၏။

“သခင်မ၊ သခင်မရဲ့ မောင်တော်ဘုရား နန္ဒမင်းသားကို အရမ်းကာရော အပြစ်တင် စောမနေပါနဲ့။ သူ့ခမျာ သခင်မက လွဲပြီး တခြားမိန်းမကို ဖွဲဆန်ကွဲလို့ အောက်မေ့နေတဲ့ ပုဂ္ဂိုလ်ပါ။ စက္ကဝတ်ငှက်ဖိုဟာ မိမိရဲ့ စက္ကဝက်ငှက်မက လွဲပြီး တခြား စက္ကဝက်ငှက်မကို ဖွဲဆန်ကွဲ ထင်မှတ်သလိုပါပဲ။ သူ့ခမျာ သခင်မ အနားမှာပဲ အရိပ် တကြည့်ကြည့်နဲ့ နေချင်တဲ့သူပါ။ ဒါပေမယ့် နောင်တော်ဖြစ်တဲ့ ရှင်တော်ဗုဒ္ဓက သူ့ကို ရဟန်း ပြုပေးလိုက်ပြီ တဲ့ ...”

မောင်တော် မင်းသား၏အကြောင်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် သုန္ဒရီသည် ရတ်တရက် နလုံးတွင် အဆိပ်လူးမြား စူးဝင်သွားသော ဆင်မကဲ့သို့ ထိခိုက်သွားပြီးလျှင် ငိုကြွေး လေတော့သည်။ ငိုရင်း ငိုရင်း မျက်လုံး နီရဲလာသည်။ သောကမီးကြောင့် တစ်ကိုယ်လုံးလည်း ပူလောင်နေသည်။ သရက်သီးများ၏ ဝန်ကို မဆောင်နိုင်သဖြင့် ကျိုးကျသွားသော သရက်ကိုင်းကဲ့သို့ သုန္ဒရီသည် မထန်းနိုင်တော့ဘဲ ဖုန်းဖုန်းလဲကျ သွားသည်။ ရတနာ ပုလဲသွယ်သည် တစ်လုံးစီ တစ်လုံးစီ ပြန့်ကျဲသွားသည်။

သုန္ဒရီသည် ကြာပွင့်နှင့်တူသည့် အနီရောင် အဝတ်ကို ဝတ်ဆင်ထားသည်။ သူ၏ မျက်နှာဝန်းသည် ကြာပွင့်နှင့်ပမာ တူသည်။ သူ၏ မျက်လုံးက ကြာပွင့်လို နီရဲနေ၏။ သူသည် နေပူရှိန်ထဲတွင် ရှိနေသော ပဒုမ္မာကြာပွင့်ကဲ့သို့ ညှိုးနွမ်း၍ နေသည်။

မောင်တော် မင်းသား၏ ဂုဏ်ကျေးဇူးကို ထပ်ကာ ထပ်ကာ သတိရပြီးလျှင် သုန္ဒရီသည် သက်ပြင်း ရှူလိုက်သည်။ မိမိကိုယ်တွင် ဆင်မြန်းထားသော ရတနာ တန်ဆာများကို ချွတ်ပြီး လွှတ်ပစ်လိုက်၏။ ကိုယ်ပေါ်တွင် ရတနာ တန်ဆာများ မရှိသောအခါ ပန်းပွင့်များ ကြွေကျသွားသော နွယ်ပင်နှင့် တူနေ၏။ ‘သူကိုင်သွားတဲ့ ကြေးမုံ’ ဟု ပြောပြီး သုန္ဒရီသည် ရွှေဘောင်ကွပ်ထားသည့် ကြေးမုံကို ရင်ခွင်တွင် ပိုက်ထား၏။ ပါးပြင်ပေါ်တွင် လိမ်းကျံထားသော စန္ဒကူးနံ့သာကို စိတ်ဆိုးဆိုးနှင့် ဖျက်ပစ်လိုက်၏။ မောင်တော် နန္ဒ၏ အဝတ်တန်ဆာများ၊ အသုံးအဆောင်များ၊ စောင်း စသည်များကို တွေ့မြင်ရသောအခါ ပိုမို အပူမီး တောက်လောင်သွားပြီးလျှင် ရှိုက်၍ ရှိုက်၍ ငိုပြန်သည်။ သောကမီး တောက်လောင်သဖြင့် သူ၏နလုံး ကျွမ်းနေ၏။ စိတ် ဂနာမငြိမ် ဖြစ်နေသည်။ ငိုလိုက်၊ အော်လိုက်၊ ဦးခေါင်းကို ထုလိုက်၊ ဟိုဟိုဒီဒီ လျှောက်သွားလိုက်၊ ရပ်လိုက်၊ နှုတ်ခမ်းကို ကိုက်လိုက်၊ အဝတ်များကို ဆုတ်ဖြဲလိုက်နှင့် ကျွေမြေမရ ဖြစ်နေရှာသည်။

သုန္ဒရီ၏ ငိုကြွေးသံကို ကြားရသည့်အခါ နန်းတော် အဆောင်တွင်းရှိ အပျိုတော်များသည် ထိတ်ထိတ်ပျာပျာနှင့် ပြေးလာကြသည်။ သူတို့လည်း မျက်ရည် ဖြိုင်ဖြိုင် စီးကျလာကြသည်။ သူတို့၏ နံ့သာ လိမ်းခြယ်ထားသည့်

မျက်နှာများမှာ မိုးရေထိသည့် ကြာပွင့်များကဲ့သို့ စိုစွတ် သွားကြသည်။ နန်းတော် အဆောင်တော်ပေါ်၌ အပျိုတော်များ ဝင်းရံနေသော သုန္ဒရီသည် သရဒဥတု မိုးတိမ်များ၏ အလယ်တွင် လျှပ်စစ်လျှပ်ပန်းများ ရံ၍နေသည့် စန္ဒာလဝန်းကဲ့သို့ တင့်တယ်လှပ၍ နေသည်။ ထိုအပျိုတော်များအနက် အသက်အရွယ် အားဖြင့်လည်း ကြီး၊ လိမ္မာရေးခြားလည်း ရှိသော အပျိုတော်တစ်ဦးက သုန္ဒရီအား ပွေ့ပြီးလျှင် မျက်ရည် သုတ်ပေးပြီး ပြောလေ၏ ... ။

"သခင်မလေးဟာ ... မင်းညီမင်းသား သူတော်စင်ရဲ့ ကြင်ဖော်ကြင်ဖက် ဖြစ်ပါတယ်။ ကိုယ့်လင်ကိုယ့်သား တရားဓမ္မနယ်ထဲ ရောက်သွားတဲ့အတွက် သောက ဖြစ်နေစရာ မလိုပါဘူး။ ဣက္ခာကုမျိုးနွယ် ဘုရင်မင်းများ အတွက်ဆိုရင် ကျောင်းသင်္ခမ်းဆိုတာ ဘိုးဘွားရဲ့ အမွေအနှစ် ဖြစ်ပါတယ်။ သာသနာ့ဘောင် ဝင်ရောက်သွားတဲ့ သကျသာကီဝင် ဘုရင်များရဲ့ ကြင်ရာသက်ထားများအတွက် မိမိတို့ရဲ့ အိမ်ရာဟာ ကျောင်းသင်္ခမ်း ပမာအတိုင်း ဖြစ်ပါတယ်။

"တကယ်လို့ ရုပ်ရည်နဲ့ ဂုဏ်သိက္ခာသာတဲ့ မိန်းမပျို တစ်ဦးဦးက သခင်မလေးရဲ့ မောင်တော်ကို အပိုင်စီးသွားတယ် ဆိုရင်တော့ ငိုပါ၊ အားရအောင် ငိုပါ၊ ကိစ္စ မရှိပါဘူး။ စိတ်နှလုံးမှာ ထိခိုက်ဒဏ်ရာ ရသွားတဲ့ ဘယ်မိန်းမပျို မငိုဘဲ ရှိပါ့မလဲ။ တကယ်လို့ ကိုယ့်မောင်တော် မတော်လို့များ ဘေးဒုက္ခနဲ့ တွေ့နေရတယ် ဆိုရင်လည်း ငိုတာ မမှားပါဘူး။ အခုတော့ ဒီလို မဟုတ်ဘူး။ တရားဓမ္မရဲ့ နိဗ္ဗာန်လမ်းကြောင်းရာကို ထွက်သွားခြင်းသာ ဖြစ်တယ်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ့် အခါမျိုးမှာ ဘာဖြစ်လို့ တငိုငို တရယ်ရယ် ဖြစ်နေရတာလဲ သခင်မ"

ယင်းသို့ ယုယကြင်နာစွာဖြင့် ဖျောင်းဖျ ပြောဆိုပါသော်လည်း သုန္ဒရီသည် နားမဝင်။ ပူဆွေးမြဲ ပူဆွေးနေသည်။ ထိုအခါ အခြား အပျိုတော်တစ်ဦးက လူစွမ်းကောင်း လုပ်ပြန်သည်။

"သခင်မ၊ ကျွန်မ ပြောတာကို နားထောင်ပါ။ သခင်မရဲ့ ချစ်သူ ပြန်ရောက်လာပါလိမ့်မယ်။ သူ့ကို မကြာခင် တွေ့ရပါလိမ့်မယ်။ သခင်မကို မမြင်ရရင် သူ မနေနိုင်ပါဘူး။ နတ်သမီးရဲ့ ရင်ခွင်ထဲမှာ နေရ နေရ၊ သခင်မ အနားမှာ ရှိမနေရင် သူ သုခ မထင်ဘူး။ သခင်မသာ အနားမှာ ရှိနေရင် ဒုက္ခနဲ့ တွေ့ကြုံနေစေကာမူ ဒုက္ခလို့ သူ ထင်မှာ မဟုတ်ဘူး"

အပျိုတော်များက ဝိုင်းဝန်းပြီး အတန်တန် ဖျောင်းဖျနားချ ကြသည်ဖြစ်၍ သုန္ဒရီသည် စိတ်အနည်းငယ် သက်သာရာ ရသွားသည်။

## နန္ဒမင်းသား၏ အပူမီး

နန္ဒမင်းသားသည် စိတ်ဖြင့် မဟုတ်ဘဲ ကိုယ်ကာယဖြင့်သာလျှင် ရဟန်းအသွင်ကို ဆောင်ထား၏။ ကြင်ဘက် သက်ထားဆီသို့ စိတ်ရောက်နေသဖြင့် ရွှင်ရွှင်ပျပျ မရှိပေ။ နွေဦးကာလတွင် ပွင့်လန်းဝေဆာနေကြသော ပန်းပွင့်များ၏ တင့်တယ်လှပမှုကြောင့် လည်းကောင်း၊ ပျိုရွယ်မှု အရှိန်တက်နေသည် ဖြစ်သောကြောင့် လည်းကောင်း ကျောင်းအာရာမ်တွင် နေရစေကာမူ ငြိမ်းချမ်းမှု မရ ဖြစ်နေသည်။

ပိတုန်းများ ပျံဝဲနေကြသည့် သရက်ဉယျာဉ်ထဲတွင် ရပ်ပြီးလျှင် နန္ဒသည် ချစ်သူကို မှန်းပြီး တမ်းတနေ၏။ သရက်ပင်ပေါ်မှ ကြွေကျလာသည့် သရက်ပွင့်များ၏ အကြားမှ မိမိ ကြင်ရာကို လွမ်းဆွတ်တသ နေသည်။ ကျုံးသွင်းပြီး အဖမ်းခံရခါစ ဆင်ကဲ့သို့ သက်ပြင်းရှည်ကြီးကိုလည်း ဟင်းခနဲ ဟင်းခနဲ ချ ချ နေသည်။ ခိုကိုးမှီခို လာသူတို့၏ သောကကို ပယ်ဖျောက်ပြီး မာနတက်နေသူတို့အား သောက ရောက်စေတတ်သည့် နန္ဒမင်းသားသည် ကိုယ်တိုင် အသောက (သော်က)ပင်ရင်းမှာ မှီပြီးလျှင် ချစ်သူအတွက် သောက ရောက်နေရှာသည်။

ဖူးပွင့် ဝေဆာနေသည့် ပန်းပင်၏ ထိပ်၌ နားနေသော ဥဩငှက်ကို တွေ့မြင်ရသည့် ခဏ၌ နန္ဒသည် ပြာသာဒ်နန်းဆောင်ပေါ်၌ ရပ်နေသည့် ဖြူဆွတ်သော အဝတ်ကို ဝတ်ဆင်ထားသော ချစ်သူသက်ထား၏ ဦးခေါင်းကို သွားပြီး သတိရသည်။ သရက်ပင်အား အနီးတွင် ပေါက်နေသည့် ပန်းနွယ်ပင်က ရစ်ပတ်ထားသည်ကို တွေ့ရသည့်အခါ 'သုန္ဒရီလည်း ငါ့ကို ဒီလိုပဲ ပွေ့ဖက်တာပဲ' ဟု အတွေး ပေါက်လာမိသည်။

ဉဒေါင်း၏သာယာချိုအေးသော အသံဖြင့် လည်းကောင်း၊ ဥဩငှက်ပျို၏ ကြည်နူးဖွယ် အသံဖြင့် လည်းကောင်း၊ ပျားပိတုန်းတို့၏ နာပျော်ဖွယ် အသံဖြင့် လည်းကောင်း ပဲ့တင်ထပ်နေသည့် တောပတ်ဝန်းကျင်သည် နန္ဒမင်းသား၏ စိတ်နှလုံးကို လှုပ်ရှားစေသည်။ စိတ်နှလုံးတွင် သောကမီး စွဲလောင်နေသည့် နန္ဒမင်းသားသည် ညည်းတွားနေ၏။

'မျက်ရည်စက်လက်နဲ့ ချစ်သူကို စွန့်ခွာခဲ့ပြီး အကျင့်တရားကို ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အလွန်တရာ ခက်ခဲတဲ့ အလုပ်ကို ပြုလုပ်ရခြင်း ဖြစ်တယ် ဆိုတဲ့ အကြောင်းကို ယနေ့ ငါ သဘောပေါက်ပြီ၊ လောကမှာရှိတဲ့ သစ်သားအနှောင်အဖွဲ့၊ သားရေအနှောင်အဖွဲ့၊ သံအနှောင်အဖွဲ့တွေဟာ ပြုံးရယ်နေတဲ့ မျက်နှာလောက်လည်း မခိုင်မြဲဘူး။ ချိုသာနေတဲ့ စကားလောက်လည်း မခိုင်မြဲဘူး။ မိမိရဲ့ လုံ့လ ဉဿာဟအားဖြင့် လည်းကောင်း၊ မိတ်ဆွေသင်္ဂဟတွေရဲ့ လုံ့ဆော်မှုအားဖြင့် လည်းကောင်း လူတွေဟာ အဲဒီ ခိုင်မြဲတဲ့ ချစ်ခြင်း အနှောင်အဖွဲ့ဟာ အသိဉာဏ်နဲ့ ရက်စက်မှုကို အသုံးမပြုဘဲ ဖြတ်တောက်ပစ်လို့ ရတဲ့ အရာမျိုး မဟုတ်ဘူး။ ငြိမ်းချမ်းမှုကို ပေးမယ့် အသိဉာဏ်လည်း ငါ့မှာ မရှိဘူး။ ငါဟာ ရက်စက်မယ့် လူတစ်ယောက်သာ ဖြစ်တယ်။ တစ်ဖက်က ငါဟာ ကာမဂုဏ် အာရုံကို ခံမင် မက်မောတဲ့

လူတစ်ယောက် ဖြစ်တယ်။ အခြားတစ်ဖက်က ငါ့ဆရာသခင် ရှင်တော်ဗုဒ္ဓ ရှိနေတယ်။ ငါဟာ ရထားဘီး နှစ်ဘီးရဲ့ အကြားမှာ ထိုင်နေရသလိုပဲ။

'ငါဟာ ရဟန်းအသွင်ဆောင်ပြီး နောင်တော်ကြီး အနေဖြင့်လည်းကောင်း၊ ရသေ့ရဟန်း အနေဖြင့် လည်းကောင်း နှစ်မျိုးနှစ်စားအားဖြင့် ငါ့ဆရာသခင်ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ အဆုံးအမကို ခံနေရပေမယ့် ချစ်သူနဲ့ ကွဲကွာနေတဲ့ စက္ကဝက်ငှက်ဖိုလိုပဲ ငြိမ်းချမ်းမှုကို မရရှိဘူး။ ငါက ကြေးမုံကို မှုန်သွားအောင် လုပ်လိုက်တော့ သူ စိတ်ကောက်ချင်ယောင် ဆောင်လိုက်တယ်။ ပြီးတော့ ငါ စိတ်မကောင်း ဖြစ်သွားတာသိတော့ သူက "ဘာဖြစ်တာလဲ" လို့ ပြောတယ်။ အဲဒီ စကားလေးဟာ ယခုထက်တိုင်ပဲ ငါ့စိတ် နှလုံးမှာ စွဲနေတုန်းပဲ ရှိသေးတယ်။ မျက်ရည်စက်လက်နဲ့ သူ ငါ့ကို မှာလိုက်တဲ့ "ပါးပြင်ပေါ်က စန္ဒကူးနံ့သာ မခြောက်ခင် ပြန်လာခဲ့နော်" ဆိုတဲ့ စကားလေးဟာ ယခုထက်တိုင်ပဲ ငါ့ စိတ်နှလုံးကို ဂနာမငြိမ်အောင် လုပ်နေတယ်။

'တောင်ကျ ချောင်းနားမှာ ထိုင်ပြီး ဘာဝနာ ပွားနေတဲ့ ဟိုရဟန်းဟာ ငါ့လို အာရုံငါးပါးကို ခုံမင်တွယ်တာခြင်း မရှိဘူး။ ငြိမ်သက်အေးချမ်းမှု ရရှိနေတယ်။ သူ့ကို ကြည့်ရတာ အရာဝတ္ထု ဟူသမျှကို ရောင့်ရဲတင်းတိမ် နေသလိုပဲ။ ဥဩတွန်သံကိုလည်း သတိမထားဘူး။ နွေဦးရဲ့ တင့်တယ်သာယာခြင်းကိုလည်း ဂရုမစိုက်ဘူး။ ဘယ်လို ချစ်သူကမှလည်း သူ့စိတ်နှလုံးကို သွေးဆောင် မနေဘူး။ အဓိဋ္ဌာန် ခိုင်မြဲလှတဲ့၊ စိတ်နှလုံး ပျံ့လွင့်မှု မရှိတဲ့၊ ငြိမ်သက်အေးချမ်းနေတဲ့ ရဟန်းကို ရှိခိုးဦးညွှတ် လိုက်ပါတယ်။

'တရားဓမ္မရဲ့ ရန်ဘက်သဖွယ်ဖြစ်တဲ့၊ တန်ခူးလအခါ ကြာမျိုးစုံ ပွင့်နေတဲ့ ရေကန်နဲ့ ဥဩတွန်သံ လွှမ်းနေတဲ့ ပန်းဥယျာဉ်ကို မြင်ရ တွေ့ရလျှင် ဒီရဟန်းလို ဘယ်လုလင်ပျို စိတ်တည်ငြိမ်မှု ရရှိနိုင်မှာလဲ။ တရားပြည့်ဝတဲ့ ဘုရင်ဧကရာဇ်များ၊ ရသေ့ သူတော်စင်များ၊ နတ်ဒေဝတာများဟာ အမြောက်အမြားပဲ မိန်းမရဲ့ အလိုကို လိုက်ခဲ့ကြဖူးတယ်။ ငါလို အသိဉာဏ်နဲ့ စွမ်းရည်သတ္တိ နန့်နဲ့တဲ့ ပုဂ္ဂိုလ်မျိုးအဖို့ ချစ်သူသက်ထားကို မတွေ့ရတဲ့အတွက် အပူမီး တောက်လောင်နေခြင်းမှာ ဘာအံ့ဩစရာ ရှိသလဲ။

'ဒါကြောင့် ငါတော့ နန်းတော်ဆောင်ကိုပဲ ပြန်သွားပြီး သဘောရှိ ကာမဂုဏ် အာရုံကို ခံစားမယ်။ စိတ်နှလုံး ပျံ့လွင့်နေတဲ့၊ ဣန္ဒြေ လျှပ်ပေါ်နေတဲ့၊ ဓမ္မလမ်းကြောင်းက သွေဖည်သွားတဲ့ ပုဂ္ဂိုလ်အတွက် ရဟန်းအသွင် ဆောင်ထားရခြင်းဟာ မသင့်တော် မလျော်ပါဘူး။ ဆံကေသာ ပယ်ပြီး ဖန်ရည်သင်္ကန်းကို ဆင်မြန်း ဝတ်ရုံထားပေမယ့် စိတ်တွင်းက တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု မရှိလျှင် အမြင်အားဖြင့် ရဟန်းလို့ ထင်ရသော်လည်း အကယ် စင်စစ်တော့ ရဟန်း မဟုတ်ဘူး။ အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်ခွာသွားသော်လည်း စိတ်အတွင်းက ကာမ ရာဂ ထွက်ခွာမသွားလျှင် လည်းကောင်း၊ ဖန်ရည်သင်္ကန်း ဆင်မြန်း ဝတ်ရုံထားသော်လည်း စိတ်အတွင်းက အညစ်အကြေး လွင့်ပါး ကွယ်ပျောက် မသွားလျှင် လည်းကောင်း၊ သပိတ်ကို ကိုင်ဆောင်ထားသော်လည်း သူတော်ကောင်းတရား လက်ကိုင်မထားလျှင် လည်းကောင်း အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ ရဟန်းအသွင်ကို ဆောင်ထားပေမယ့် ရဟန်းလည်း မမည်ဘူး။ လူရိုးရိုးလည်း မဟုတ်ဘူး။

'အမျိုးကောင်းသား တစ်ဦး တစ်ယောက်အတွက် ရဟန်းဘောင်ဝင်ရောက်ပြီး တစ်ဖန် ရဟန်းဘဝကို စွန့်ပယ်မည်ဆိုလျှင် မသင့်လျော်ဘူးဆိုတဲ့ ဝါ့အတွေးလည်း ပျောက်သွားပြီ။ ဘာကြောင့်လဲဆိုလျှင် ကျောင်းသင်္ခမ်းကို စွန့်ခွာပြီး နန်းတော်ကို ပြန်ရောက်လာတဲ့ သူရဲကောင်း ဘုရင်တွေ အများအပြား ရှိခဲ့ဖူးတယ် မဟုတ်လား။ အဲဒီ ဘုရင်တွေဟာ သစ်ခေါက်လျှော်တေကို စွန့်ခွာပြီး ဝတ်လဲတော်ကို ဆင်မြန်းကြတယ်။ ဆံကျစ်ကို ပယ်ဖြတ်ပြီး မကိုဋ်ကို ဆောင်းကြတယ်။

'ဒါကြောင့် ဆရာသခင် ရှင်တော်ဗုဒ္ဓ ဆွမ်းခံကြွသွားတာနဲ့ တစ်ပြိုင်နက် ငါ လူဝတ်လဲပြီး နန်းတော်ကို ပြန်ပြေးတော့မယ်။ ဖန်ရည်သင်္ကန်းကို ဝတ်ရုံထားပေမယ့် စိတ်တွင်းက ဖောက်ပြားနေလျှင် ဒီလောကအတွက်လည်း အကျိုး မရှိဘူး။ နောင်တမလွန် လောကအတွက်လည်း အကျိုးမရှိဘူး'

ယင်းသို့လျှင် နန္ဒမင်းသားသည် ညည်းထွားနေသည်။

မိန်းမ အပြစ်

အိမ်ပြန်လိုသည့် စိတ်ကြောင့် နန္ဒသည် ဂနာမငြိမ် ဖြစ်နေ၏။ သူ၏ မျက်လုံးသည် ကြွေ့မရ ဖြစ်နေသည်။ ထိုအချိန်၌ မေတ္တေယျအမည်ရှိ ရဟန်းတစ်ပါးသည် နန္ဒ၏ အနီးသို့ ရောက်ရှိလာ၏။ နန္ဒမျက်နှာ မသာမယာ ဖြစ်နေပုံကို တွေ့မြင်ရ၍ ထိုရဟန်းက ပြောပြသည် ... ။

"မျက်ရည် စိုစွတ်နေတဲ့ သင့်မျက်နှာဟာ သင့်နှလုံးသားထဲက အဝိဇ္ဇာ အမိုက်မှောင်ကို ဖော်ပြနေတယ်။ သမာဓိတရားကို လက်ကိုင်ထားပါ။ စိတ်နှလုံးကို မဖောက်ပြန်စေပါနှင့် ငြိမ်းချမ်းမှုနဲ့ မျက်ရည် အတူတွဲနေတာ မတင့်တယ်ပါဘူး။ စိတ်ရောဂါ၊ ကိုယ်ရောဂါ ရယ်လို့ အနာရောဂါ နှစ်မျိုးနှစ်စား ရှိတယ်။ အဲဒီ ရောဂါဝေဒနာတွေကို ကုစားတဲ့ သမားလည်း နှစ်မျိုးနှစ်စား ရှိတယ်။ ပထမတစ်မျိုးက ကျမ်းဂန်ကို တတ်ကျွမ်းတဲ့လူ ဖြစ်ပြီး ဒုတိယတစ်မျိုးက ဆေးဝါးကို နားလည်တဲ့လူ ဖြစ်တယ်။ အကယ်၍ သင့်ရောဂါ ဝေဒနာဟာ ကိုယ်ကာယမှာ ဖြစ်တဲ့ ကာယိက ဝေဒနာ ဖြစ်လျှင် ဆေးဆရာကို အကြောင်းစုံ မြန်မြန် ပြောပြလိုက်။ ဘာကြောင့်လဲဆိုရင် အနာရောဂါကို ကွယ်ဝှက်ထားရင် ရောဂါသည်ဟာ ဒုက္ခကြီးစွာ ရောက်ရတတ်တယ်။ အကယ်၍ သင့်ရောဂါ ဝေဒနာဟာ စိတ်နှလုံးမှာ ဖြစ်တဲ့ မနသိက ရောဂါ ဖြစ်လျှင်တော့ ကျွန်ုပ်ကို ပြောပြပါ။ သင့် စိတ်ရောဂါအတွက် ကျွန်ုပ် ဆေးဝါး ညွှန်ကြား ပြောပြပါ့မယ်။ စိတ်ရောဂါကို ကုစားနိုင်သူမှာ စိတ်သဘောကို နားလည်တဲ့ ပညာရှင်များသာ ဖြစ်ကြတယ်။ ကျွန်ုပ်ကို ပြောပြသင့် ပြောပြထိုက်တဲ့ အကြောင်း ဆိုပါလျှင် ဟုတ်တိုင်းမှန်ရာကို မကွယ်မဝှက်ဘဲ ဖွင့်ဟ ပြောပြ စေလိုပါတယ်"

ယင်းသို့ မေတ္တေယျ ရဟန်းက ပြောလိုက်သောအခါ နန္ဒသည် မိမိ၏ စိတ်ဆန္ဒကို မေတ္တေယျ ရဟန်းအား ပြောပြမည်ဟု ပိုင်းဖြတ်ပြီးလျှင် မေတ္တေယျ ရဟန်းကို တောအတွင်း တစ်နေရာသို့ ဆွဲခေါ်လာခဲ့သည်။ ထိုနေရာ၌ သန့်ပြန့်စင်ကြယ်သည့် နွယ်ဇီမာန်၏ အောက်ဘက်တွင် သူတို့နှစ်ဦးသည် ထိုင်လိုက်ကြသည်။ လေပြည် လေညင်းကလေးများ ဝေ့ရမ်း တိုက်ခတ်လာသည်ဖြစ်၍ မြူးကြွ၍နေသော နုနယ်သည့် နွယ်ပင်ကလေးများသည် သူတို့နှစ်ဦးအား ဖက်လဲတကင်း ပြုလုပ်နေကြသည်။ နန္ဒသည် မေတ္တေယျ ရဟန်းအား သူ၏ သဘောထားကို ထုတ်ဖော် ပြောပြသည်။ သက်ပြင်းကြီးများကို ရှူနေရသဖြင့် စကားပြောရင်း ပြောရင်းလည်း မကြာခဏ ရပ်တန့် ရပ်တန့် နေရသည်။

"အရှင်ဘုရားဟာ သတ္တဝါတွေရဲ့ အကျိုးကို လိုလားတဲ့ ကရုဏာရှင်တစ်ပါး ဖြစ်ပါတယ်။ သို့အတွက်ကြောင့် တပည့်တော်ရဲ့ လျှို့ဝှက်ချက်ကို အရှင်ဘုရားအား အကျဉ်းရုံးပြီး လျှောက်ထား ပြောပြပါမယ်။ တပည့်တော်ဟာ ချစ်သူနဲ့ ကွဲကွာနေရတဲ့အတွက် တရားဓမ္မမှာ နည်းနည်းကလေးမှ စိတ်ပါဝင်စားခြင်း မရှိပါဘူး။ တောင်ထိပ်ပေါ်မှာ လှည့်လည်နေရတဲ့အခါ ပျော်ရွှင်ချမ်းမြေ့ခြင်း မဖြစ်သလိုပါဘဲ။ တောမှီတဲ့ ယောဂီအဖြစ်နဲ့ နေရတာ တပည့်တော် မပျော်ပါဘူး။ သို့အတွက်ကြောင့် တပည့်တော် အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ချစ်သူ သုန္ဒရီနဲ့ ကွဲကွာနေရင် တပည့်တော် ဘယ်တော့မှ ငြိမ်းချမ်းမှုရမှာ မဟုတ်ဘူး"

မိမိချစ်သူ သက်ထားအတွက် သောက မွှန်နေသည့် နန္ဒ၏ စကားကို ကြားရသည့်အခါ မေတ္တေယျ ရဟန်းသည် ဦးခေါင်းကို ယမ်းပြီး တစ်ကိုယ်တည်း စဉ်းစားကြည့်သည်။

'အင်း … မုဆိုးရဲ့ ရန်ကို ကြောက်ပြီး လွတ်မြောက် ထွက်ပြေးလာတဲ့ မျက်စိ ပြူးတူးပြဲတဲ ဖြစ်နေတဲ့ သမင်ကလေးဟာ ကိုယ့်အသိုက်အဝန်း ရှိရာကို ပြန်သွားချင်တဲ့ စိတ် ပေါ်လာတယ်။ သို့သော်လည်း ဂီတသံနဲ့ လှည့်ဖြားခံရတဲ့အခါ ထောင်ချောက်ထဲ ဝင်ချင်တဲ့ဆန္ဒ ဖြစ်လာသေးတာပဲ။ ပိုက်ကွန်ထဲမှာ မိနေတဲ့ ငှက်ငယ်ဟာ သူ့ကို စိတ်ကောင်းရှိတဲ့ လူတစ်ယောက်က ပိုက်ကွန်က လွှတ်လိုက်ပေမယ့် အသီးအပွင့်တွေ ဝေဆာနေတဲ့ တောထဲမှာ လှည့်လည် ပျံသွားရင်းနဲ့ လှောင်ချိုင့်ထဲ ဝင်ချင်တဲ့ ဆန္ဒ ပေါ်ပေါက် လာသေးတာပဲ။ မြစ်ထဲက အနိုင်နိုင် အပေါ်တက်လာရတဲ့ ဆင်ပေါက်ကလေးဟာ မြစ်ရေကို မက်မောတဲ့အတွက် မြစ်ထဲ ပြန်ဆင်းချင်တဲ့စိတ် ပေါ်လာသေးတာပဲ။ မြွေတက်နေတဲ့ အိမ်ပေါ်မှာ အိပ်ပျော်နေတဲ့ ကလေးကို နိုးနေတဲ့ အခြားလူက နှိုးပေမယ့် အဲဒီကလေးဟာ ထိတ်ထိတ်ပျာပျာနဲ့ ဆွဲမိဆွဲရာ ကြောက်မက်ဖွယ် မြွေကို ဖမ်းဆွဲချင်တဲ့စိတ် ပေါ်လာသေးတာပဲ။ တောမီးလောင်နေတဲ့ တောအတွင်းရှိ သစ်ပင်က လွတ်မိလွတ်ရာ ပျံပြေးတဲ့ ငှက်ကလေးဟာ မီးအလောင်ခံရတာကို မေ့ပျောက်ပြီး အသိုက်အမြုံကို သံယောဇဉ် မပြတ်နိုင်တဲ့အတွက် ထိုတောရှိရာကိုပဲ တစ်ဖန် ပြန်သွားချင်တဲ့စိတ် ပေါ်လာသေးတာပဲ။ အသိဉာဏ် ကင်းမဲ့တဲ့ ခွေးသတ္တဝါဟာ မိမိ အန်ထုတ်ပစ်လိုက်တဲ့ အစာကို တစ်ဖန် ပြန်ပြီး စားချင်တဲ့စိတ် ပေါ်ပေါက်လာသေးတာပဲ … '

ယင်းသို့ စဉ်းစားပြီးလျှင် မေတ္တေယျရဟန်းသည် နလုံးတွင် သောကမီး စွဲနေသည့် နန္ဒအား တစ်ချက် လှမ်းကြည့်လိုက်သည်။ ထိုနောက် နန္ဒအကျိုးကို ဆောင်လိုသည်ဖြစ်၍ နားဝင် ခါးသော်လည်း အကျိုးများမည့် စကားများကို ပြောပြသည်။

"သင့်စိတ်ဟာ ကာမဂုဏ် အာရုံထဲမှာသာ တဝဲလည်လည် ဖြစ်နေတယ်။ သင့်မှာ ပညာစက္ခု မရှိဘူး။ ဒါကြောင့် သာသနာ့ဘောင်မှာ မပျော်ပိုက်ဘူးဆိုတာ မဆန်းဘူး။ စိတ်နှလုံး ငြိမ်းချမ်းမှုကို မလိုလားတဲ့လူဟာ တရားဓမ္မမှာ ဘယ်မှာ ပျော်ပိုက်ပါ့မလဲ။ ကာမဂုဏ် အာရုံကို အပြစ်လို့မြင်ပြီး ငြိမ်းချမ်းတဲ့ အလုပ်တွေမှာ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ဟာ တရားဓမ္မမှာ ပျော်ပိုက်တယ်။ အာသာရမ္မက်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ဥစ္စာစည်းစိမ်မှာ မွေ့လျော် ပျော်ပိုက်တယ်။ ပညာမရှိတဲ့ လူ့အန္ဓဟာ ကာမချမ်းသာမှာ မွေ့လျော် ပျော်ပိုက်တယ်။ ပညာရှိတဲ့ သူတော် သူမြတ်များကတော့ ကာမဂုဏ် အာရုံခံစားမှုများကို ချိုးနှိမ်အောင်မြင်ပြီး ငြိမ်းချမ်းမှုမှာသာ မွေ့လျော် ပျော်ပိုက်တယ်။

"ပူဇော်အပ်တဲ့ ရဟန်းသာမဏေ အသွင်ကို ဆောင်ထားတဲ့ ပညာရှိ အမျိုးကောင်းသားအတွက် အိမ်ကို ပြန်မယ်လို့ ကြံတာ မသင့်လျော် မလျောက်ပတ်ဘူး။ လေတိုက်ခတ်တဲ့အတွက် တောင်ကြီး ယိမ်းယိုင်သွားတယ် ဆိုရင် မသင့်လျော် မလျောက်ပတ် သလိုပဲ။ မင်္ဂလာရှိတဲ့ ငြိမ်းချမ်းရေး လမ်းမပေါ်မှာ လျှောက်သွားနေတဲ့ ပုဂ္ဂိုလ်အတွက် အိမ်အကြောင်း တွေးတောတာဟာ မလျော်ပါဘူး။ မကောင်းမှုကို စွန့်ပစ်ပြီး တစ်ဖန်

မကောင်းမှုကိုပဲ ပြန် မှီဝဲလိုတဲ့ ပုဂ္ဂိုလ်ဟာ မကောင်းမှုနဲ့တူတဲ့ မိန်းမကို စွန့်ပစ်ပြီး တစ်ဖန် ပြန်မှီဝဲလိုတဲ့ ပုဂ္ဂိုလ်နှင့် ဘာမှ မထူးဘူး။ အဆိပ်နွယ်ပင်ကို ထိလျှင် လည်းကောင်း၊ မြွေရှိတဲ့ ဂူထဲမှာ နေလျှင် လည်းကောင်း၊ ဓားသွားကို ကိုင်လျှင် လည်းကောင်း ဒုက္ခ တွေ့ရတတ်တယ်။ မိန်းမပျိုများဟာ ယစ်မူးခြင်းကို ဖြစ်စေတတ်တယ်။ ယစ်မူးခြင်း ကုန်လွန်သွားတဲ့အခါ ဘေးဘယ ဖြစ်ပေါ်စေတတ်တယ်။ အဲဒီလို ဒေါသနဲ့ ဘေးဘယကို ဖြစ်ပေါ်စေတတ်တဲ့ မိန်းမများကို ဘယ်လိုလုပ် ဆည်းကပ် မှီဝဲလို့ ဖြစ်ပါ့မလဲ။ ညီအစ်ကိုချင်း၊ မိတ်ဆွေချင်းကို ခွဲပစ်သူမှာ မိန်းမမိုက်များသာ ဖြစ်တယ် ...။

“အမျိုးကောင်းသားများ မသင့်လျော် မလျောက်ပတ်တဲ့ အလုပ်များကို လုပ်ရခြင်းရဲ့ အကြောင်းမှာ မိန်းမသာလျှင် ဖြစ်တယ်။ မိန်းမများရဲ့ စကားဟာ သကာလို ချိုပေမယ့် သူတို့ရဲ့ နှလုံးသားကတော့ တမာလို ခါးတယ်။ လောင်ကျွမ်းနေတဲ့ မီးကိုလည်းပဲ ဖမ်းလို့ ကိုင်လို့ ရတယ်။ ဒေါသပြင်းနေတဲ့ မြွေကိုလည်းပဲ ဖမ်းလို့ ကိုင်လို့ ရတယ်။ သို့သော်လည်း မိန်းမများရဲ့ စိတ်နှလုံးကတော့ ဖမ်းလို့ ကိုင်လို့ရတဲ့ အရာမျိုး မဟုတ်ဘူး။ မိန်းမများဟာ ချိုချိုသာသာ ပြောပြတာကိုလည်း ဂရုမထားဘူး။ ခင်မင်မေတ္တာ ထားတာကိုလည်း အမှုမထားဘူး။ ဓမ္မတာ သဘောအားဖြင့် လျှပ်ပေါ်လော်လည် သူများ ဖြစ်ကြတယ်။ သို့အတွက် မိန်းမများဟာ ရန်သူလိုပဲ ယုံကြည် စိတ်ချရသူများ မဟုတ်ကြဘူး။

“မိန်းမများဟာ နိမ့်ချသူကို မောက်မောက်မာမာ ဆက်ဆံပြီး၊ မာန်မာန ရှိသူကိုမူ အောက်ကျို့ချင်တယ်။ ဂုဏ်ရှိသူကို အရှင်သခင်လို သဘောထားပြီး ဂုဏ်မဲ့သူကိုမူ ရန်သူလို ဆက်ဆံချင်ကြတယ်။ ပစ္စည်းရှိသူများကို အထင်ကြီးပြီး ပစ္စည်းမဲ့သူကို အထင်သေးချင်ကြတယ်။ သူခိုးနောက် ပါသွားတဲ့ နွားမဟာ တစ်နေရာက နေပြီး အခြားတစ်နေရာ ရောက်သွားပေမယ့် ပျော်ပိုက်စွာ ကျက်စားသွားလာ နေသကဲ့သို့ ထိုနည်းအတိုင်းပဲ မိန်းမများဟာ တခြားရပ်ရွာကို ရောက်သွားပေမယ့် မိတ်ဟောင်း ဆွေဟောင်းကို မေ့ပြီး မိတ်သစ် ဆွေသစ်နဲ့ပဲ မွေ့လျော်ကြတယ်။

“မိမိရဲ့ လင်ယောကျ်ားကို နတ်ဒေဝတာလို့ သဘောထားပြီး နည်းအမျိုးမျိုးနဲ့ ကျေနပ် နှစ်သိမ့်အောင် ပြုလုပ်တဲ့ မိန်းမများဟာ လျှပ်ပေါ်လော်လည်တဲ့ စိတ်နှလုံးကို ကျေနပ်နှစ်သိမ့်အောင် အကြိမ်ပေါင်း အရာအထောင် ပြုလုပ်ခဲ့ကြတယ်။ အဲဒီလို မတည်ကြည်တဲ့၊ သစ္စာမဲ့တဲ့၊ လျှပ်ပေါ်လော်လည်တဲ့ မိန်းမများအပေါ်မှာ ပညာဉာဏ်ရှိတဲ့ လူဟာဘယ်မှာ စိတ်ပါဝင်စား နိုင်ပါ့မလဲ။

“အကယ်၍ သင်ဟာ မိန်းမများရဲ့ သိမ်မွေ့တဲ့ စိတ်နှလုံးကို မြူမှုန်နှင့် အမိုက် လွှမ်းနေတဲ့အတွက် မမြင်ရ မတွေ့ရဘူးဆိုရင် အညစ်အကြေး ပြည့်နေတဲ့ သူတို့ရဲ့ ကိုယ်ခန္ဓာကိုကော မြင်တွေ့ပါမည်လော။ နေ့စဉ် နေ့တိုင်း ဝတ်စားတန်ဆာများ ဆင်ယင်ထားတဲ့ မစင်ကြယ်တဲ့ ကိုယ်ခန္ဓာ အတ္တဘောကို မျက်စိအမြင်မှာ အဝိဇ္ဇာအမှောင် လွှမ်းနေတဲ့အတွက် စင်ကြယ်တယ်လို့ပဲ ထင်မှတ်နေတယ်။ အသုဘကို သုဘလို့ပဲ ယူဆနေတယ်။

“အကယ်၍ သူတို့ရဲ့ ကိုယ်ခန္ဓာ အတ္တဘောကို မစင်ကြယ်ဘူးလို့ သင် ထင်မှတ်တယ် ဆိုလျှင်လည်းပဲ သင့်မှာ အသိဉာဏ် မရှိဘူးလို့ ကျွန်ုပ် ပြောရလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုရင် သူတို့ရဲ့ အညစ်အကြေး ဖယ်ရှားပစ်ရန် အတွက် မွှေးရနံ့များနဲ့ အလှအပများကို သင် စီမံ ဖန်တီးပေးတယ် မဟုတ်လော။

“အကယ်၍ သင့် သုန္ဒရီဟာ အဝတ်တန်ဆာမဲ့ ဖြစ်သွားပြီး သူ့ခြေသည်း လက်သည်းတို့၊ သွားတို့ကို သဘာဝ အတိုင်း ထားလိုက်ရင် အမုန်မုချ သင် ယနေ့ သူ့ကို လှတယ်လို့ ထင်တော့မှာ မဟုတ်ဘူး။ အကယ်၍ ပါးလွှာတဲ့ အရေကလေးနဲ့ ဖုံးအုပ်မထားရင် မစင်ကြယ် မသန့်ပြန့်တဲ့ မိန်းမရဲ့ ကိုယ်ခန္ဓာကို ဘယ်သူ ထိချင် ကိုင်ချင်ပါတော့မလဲ။ မိန်းမများရဲ့ ကိုယ်ခန္ဓာဟာ အရေနဲ့ ဖုံးအုပ်တဲ့ အရိုးစုမျှသာ ဖြစ်တဲ့အတွက် ဘာဖြစ်လို့ ဒါလောက် မက်မက်မောမော တွယ်တွယ်တာတာ ဖြစ်နေရသလဲ။ ခြေသည်း၊ လက်သည်း၊ သွား၊ ဆံပင် စတဲ့ ဒီ မစင်ကြယ်တဲ့ အရာဝတ္ထုတွေကို စင်ကြယ်တယ်လို့ သင် တွေးတော ထင်မှတ်နေပါသလော။ မိန်းမများကို ကိုယ်၏ အပြစ်အနာအဆာ၊ စိတ်၏ အပြစ်အနာတွေနဲ့ ပြည့်ဝနေတဲ့ အရာဝတ္ထုလို့ သဘောထားပြီး အိမ်ပြန်ချင်နေတဲ့ မိမိရဲ့ စိတ်ကို အသိဉာဏ် ခွန်အားနဲ့ တားမြစ် ပိတ်ပင်ထားပါလော့။

“သင်ဟာ အသိဉာဏ် ဗဟုသုတနဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသား တစ်ဦး ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုကို မြတ်နိုးတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါတယ်။ စည်းမျဉ်း ဥပဒေကို လက်ခံနာယူပြီးတဲ့နောက် အဲဒီ စည်းမျဉ်း ဥပဒေကို ချိုးဖောက်ဖျက်ဆီး ပစ်တယ်ဆိုတာ သင့်လိုလူအတွက် မလျော်ကန်ပါဘူး။ အကြင်ပုဂ္ဂိုလ်ဟာ အမျိုးမြင့်မြတ်တယ်၊ မိမိရဲ့ အကျော်အစောကို မြတ်နိုးတယ်၊ ဂုဏ်သိက္ခာကို လိုလားတယ်။ ထိုပုဂ္ဂိုလ်အတွက် စည်းမျဉ်းဥပဒေကို မြဲမြဲခိုင်ခိုင် ဆုပ်ကိုင်ပြီး သေရခြင်းက ကောင်းမြတ်ပါသေးတယ်။

“ချပ်မိန်ညိုကို ဝတ်ဆင်ပြီး၊ လေးကို ကိုင်ပြီး ယာဉ်ရထား စီးထားတဲ့ စစ်သားဟာ စစ်မြေပြင်က ပြန်ထွက်ပြေးလာရင် အကဲ့ရဲ့ အရှုတ်ချ ခံရသလို ရဟန်းအသွင်ဆောင်ပြီး ရဟန်းဘောင် ဝင်ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ကာမဂုဏ်အာရုံ ဆွဲဆောင်မှုကြောင့် လူ့ဘောင်ကို တစ်ဖန်ပြန်သွားမယ်ဆိုရင် အကဲ့ရဲ့ အရှုတ်ချ ခံရတယ်။ ကောင်းမြတ်တဲ့ ဝတ်စား တန်ဆာများကို ဝတ်ဆင်ပြီး ဦးခေါင်းပေါ်က မကိုဋ်အရောင် တောက်ပြောင်တဲ့ ပုဂ္ဂိုလ်ဟာ ခွက်လက်စွဲပြီး အတောင်း ထွက်မယ်ဆိုရင် ရယ်စရာ ဖြစ်နေသလို ရဟန်းအသွင် ဆောင်ထားတဲ့ ပုဂ္ဂိုလ်ဟာလည်း လူ့ဘောင်က သုခကို မျှော်လင့် တမ်းတမယ်ဆိုရင် ရယ်စရာမျှသာ ဖြစ်ပေလိမ့်မယ်။

“အစားကောင်းကောင်း ကျွေးပြီး နေရာကောင်းမှာ ထားပေမယ့် ဝက်ဟာ မစင်ဘင်ပုပ်ရှိရာ ပြေးသွားသလို ကာမဂုဏ် အာရုံကို ခုံမင်တွယ်တာတဲ့ ပုဂ္ဂိုလ်လည်း တရားဓမ္မကို ကြားနာပြီး သန္တိသုခကို တွေ့နေရပေမယ့် ငြိမ်းချမ်းတဲ့ တောဝနာကို စွန့်ပြီး အိမ်ဂေဟာကို ပြန်သွားချင်တဲ့စိတ် ပေါ်ပေါက်လာတယ်။

“ကျားပေါက်ကလေးဟာ အိမ်မှာ မွေးမြူထားပေမယ့် သတ်ချင် ဖြတ်ချင်တဲ့ သူ့ဝသီကိုတော့ မစွန့်လွှတ်ဘူး။ မိန်းမများလည်း အဲဒီလိုပဲ။ ဘယ်လောက်ပဲ ပြုပြင် ပြုပြင်၊ သူတို့ရဲ့ အကျိုးမဲ့ ပြုတတ်တဲ့ ဝသီကိုတော့ မစွန့်လွှတ်ကြဘူး။ သို့အတွက်ကြောင့် မိန်းမတွေမှာရှိတဲ့ ကိုယ်၏ အပြစ်

အနာအဆာ၊ စိတ်၏ အပြစ် အနာအဆာတွေကို သိအောင် လုပ်ပြီးလျှင်၊ ကာမသုခ ဆိုတာ မြစ်ရေလို တည်မြဲမှု မရှိ၊ ဒုက္ခနှင့် သောက၏ အကြောင်း ဖြစ်၏ဟု တွေးတောပြီးလျှင်၊ ကမ္ဘာလောက ဆိုတာ မြေအိုးပမာ မကြာခဏ ပျက်စီး ယိုယွင်းတတ်သော သဘောရှိ၏ဟု ဆင်ခြင်ပြီးလျှင် တရားဓမ္မကိုသာ အာရုံပြုပါလော့။ သို့မှသာ သင် ငြိမ်းချမ်းမှုကို ရရှိပေလိမ့်မည်"

## မာန်မာန၏ အပြစ်

မေတ္တေယျ ရဟန်းက တရားပြပြီး ဆုံးမ ညွှန်ကြားသော်လည်း နန္ဒသည် ချစ်သူအတွက် ဘဝင်မကျ ဖြစ်နေသည်။ မိမိချစ်သူဆီသို့သည် အာရုံ ရောက်နေသည်ဖြစ်၍ သတိမေ့နေသူကဲ့သို့ ရဟန်း၏ စကားကို နားမဝင်ပေ။ အလောသုံးဆယ် ဖြစ်နေသော လူနာသည် အကျိုးလိုလားသည့် ဆေးသမား၏ စကားကို နားမဝင်သကဲ့သို့ အားခွန်ဗလ အားဖြင့် လည်းကောင်း မာန်တက်နေသည့် နန္ဒသည် မေတ္တေယျ ရဟန်း၏ အကျိုးများမည့် စကားကို နားမဝင်ပေ။

အဝိဇ္ဇာမှောင် လွှမ်းနေသည့် စိတ်နှလုံး၌ ရာဂ အညစ်အကြေး စွန်းထင်း နေခြင်းမှာ အံ့သြဖွယ်ရာ မဟုတ်ပေ။ ယင်း အညစ်အကြေးသည် အဝိဇ္ဇာမှောင် ကွယ်ပျောက်သွားမှသာ သန့်ရှင်းစင်ကြယ် သွားပေလိမ့်မည်။

အားခွန်ဗလအားဖြင့် လည်းကောင်း၊ ရုပ်ရည်အားဖြင့် လည်းကောင်း၊ အရွယ်အားဖြင့် လည်းကောင်း မာန်တက်ပြီး အိမ်ပြန်မည် တကဲကဲ လုပ်နေသည့် နန္ဒကို တွေ့ရသည့်အခါ မေတ္တေယျ ရဟန်းသည် တစ်ဖန် နန္ဒအား တရားညွှန်ပြပြန်သည်။

"ခွန်အား၊ ရုပ်ရည်၊ အရွယ်တို့ကို ကျွန်ုပ်သိသလို သင်လည်း သိသည်။ သို့သော်လည်း ယင်းသုံးမျိုးဟာ အနိစ္စတရား ဖြစ်တယ်လို့ ကျွန်ုပ် သဘောပေါက်သလိုတော့ သင် သဘော မပေါက်ဘူး။ ဒီခန္ဓာကိုယ်ဟာ အနာရောဂါများရဲ့ အိမ်ဂေဟာ ဖြစ်တယ်။ ဇရာလွှမ်းမိုး အုပ်စိုးခြင်းကို ခံနေရတယ်။ မြစ်ကမ်းဘေးမှာ ပေါက်နေတဲ့ သစ်ပင်လို မရေရာဘူး။ ရေပွက်ပမာလို တစ်ခဏသာ ခံတယ်။ အဲဒီ သဘောတရားတွေကို သင် သဘော မပေါက်ဘူး။ ဒါကြောင့်မို့သာ ကိုယ့်ခွန်အားဗလကို ထာဝစဉ် တည်မြဲနေလိမ့်မယ်လို့ သင် ထင်မှတ်နေခြင်း ဖြစ်တယ်။

"စားခြင်း၊ သောက်ခြင်း၊ ထိုင်ခြင်း၊ သွားခြင်း စတဲ့ အလုပ်တွေကို မလုပ်လျှင် လည်းကောင်း၊ လွန်လွန်ကဲကဲ လုပ်လျှင် လည်းကောင်း ကိုယ်ခန္ဓာဟာ ယိုယွင်းတတ်တယ် မဟုတ်လား။ အဲဒီလို ဖြစ်ပါလျက် ခွန်အားဗလမာန် ဘာဖြစ်လို့ ဒါလောက် တက်နေရတာလဲ။ အအေး၊ အပူ၊ ဇရာ၊ ဗျာဓိ စတဲ့ တရားတွေကြောင့် ဒီကိုယ်ခန္ဓာဟာ တဖြည်းဖြည်း ကုန်ခန်းနွမ်းခြောက်နေတယ် မဟုတ်လား။ အသား၊ အသွေး၊ အရိုး၊ အရေတို့ဖြင့် စီမံဖန်တီးထားတဲ့ ကိုယ်ခန္ဓာဟာ အစာ အာဟာရပေါ်မှာ မှီတင်းနေရတယ်။ အမြဲမပြတ် နာကျင် ကိုက်ခဲနေတယ်။ အဲဒီလို ဖြစ်ပါလျက် "ငါဟာ ခွန်အားဗလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်" လို့ ဘာကြောင့် မာန်မာန တက်ကြွနေရတာလဲ။

"မြေအိုးရဲ့ အကူအညီနဲ့ အပြောကျယ်တဲ့ ပင်လယ် သမုဒ္ဒရာထဲ ကူးမယ်ကြံတဲ့ ပုဂ္ဂိုလ်လို ကာမဂုဏ် အာရုံ ခံစားဖို့ရန်အတွက် အနစ်သာရ ကင်းမဲ့တဲ့ ဓာတ်များရဲ့ အစုအဝေး ဖြစ်တဲ့ ကိုယ့်ကိုယ်ကို စွမ်းနိုင်တယ်၊ ခွန်အားဗလ ရှိတယ်လို့ ထင်မှတ်နေသလား။ ဒီ ခန္ဓာကိုယ်ဟာ မြေအိုးထက်တောင် အနစ်သာရ ကင်းမဲ့သေးတယ်လို့ ကျွန်ုပ်ထင်တယ်။ ဘာကြောင့်လဲဆိုရင် မြေအိုးကို စနစ်တကျထားရင် ကြာရှည်လေးမြင့်စွာ ခံတယ်။ ဒီ ကိုယ်ခန္ဓာကတော့ စနစ်တကျ ထားပေမယ့် ကြာရှည် မခံဘူး။ ပျက်စီး ယိုယွင်းသွားတယ်။

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်သဘောများဟာ ကိုယ်ခန္ဓာထဲမှာ နေရာ ယူကြပြီး တစ်ကောင်နဲ့တစ်ကောင် မတည့်တဲ့ မြွေများလို အချင်းချင်း ဆန့်ကျင် တိုက်ခိုက်ကြတယ်။ အဲဒီအခါမှာ ရောဂါ ဝေဒနာ ဖြစ်ပေါ်လာတယ်။ ဂါထာမန္တရား မန်းမှုတ်လိုက်လျှင် မြွေများဟာ တစ်ခါတည်း ငြိမ်သွားတယ်။ ကိုယ်ခန္ဓာထဲက ဓာတ်သဘောများကတော့ ဂါထာမန္တရားနဲ့ ထိန်းချုပ်လို့ မရဘူး။ မြွေများဟာ တစ်ခါတစ်ရံ တချို့တလေကိုသာ ကိုက်ကြတယ်။ သို့သော်လည်း ကိုယ်ခန္ဓာထဲက ဓာတ်သဘောများကတော့ အခါခပ်သိမ်း လူအားလုံးကို ညှင်းပန်း နှိပ်စက် နေကြတယ်။

"အိပ်ခြင်း၊ ထိုင်ခြင်း၊ စားခြင်း၊ သောက်ခြင်း တို့ဖြင့် အချိန်ကာလ ကြာမြင့်စွာ မွေးထားအပ်ပေမယ့် ဒီ ကိုယ်ခန္ဓာဟာ တစ်ကြိမ်တစ်ခါလောက် ဖောက်ပြန်တာလေးကိုမှ ခံနိုင်ရည် မရှိဘူး။ အချမ်းဒဏ် ခံနေရတဲ့လူက အပူကို လိုလားတယ်။ အပူ နှိပ်စက်ခံရတဲ့ လူကတော့ အချမ်းကို တမ်းတတယ်။ ဆာလောင် မွတ်သိပ်နေတဲ့ လူကတော့ အစာ အာဟာရကို စားချင်တယ်။ ရေငတ်နေတဲ့ လူက ရေကို သောက်ချင်တယ်။ ကဲ … ခွန်အားဆိုတာ ဘယ်မှာလဲ။ ဘယ်ဟာလဲ။ ဘယ်သူ့ဆီမှာ ရှိတာလဲ။ သို့အတွက် "ငါ ခွန်အားရှိတယ်" လို့ သင့်ကိုယ်ကို သင် မမှတ်သင့်ဘူး။ ကမ္ဘာလောကဟာ အနှစ်သာရ မရှိဘူး။ မတည်မြဲဘူး။ မရေရာဘူး။ မတည်မြဲတဲ့ ကမ္ဘာလောကမှာ ခွန်အားဆိုတာလည်း တာရှည် မခံဘူး။

"သို့အတွက်ကြောင့် သင်ဟာ လူတို့ရဲ့ ခွန်အားဆိုတာ တည်မြဲတဲ့အရာ မဟုတ်ဘူးလို့ သဘောထားပြီး၊ ကမ္ဘာလောကကို ဇရာနဲ့ မရဏ လွှမ်းမိုးခြင်း ခံနေရတဲ့ အရာလို့ ယူဆပြီး မိမိရဲ့ သန္တာန်မှာ ရှိနေတဲ့ ခွန်အား ဗလမာန်ကို ဖယ်ရှား ဖျောက်ဖျက်သင့်တယ်။ အကယ်၍ သင်ဟာ မိမိရဲ့ ခွန်အားဗလကို ကြီးကျယ်လှတယ်လို့ အောက်မေ့ပါလျှင် မိမိရဲ့ အာရုံခံ ဣန္ဒြေများကို ရင်ဆိုင်ပြီး စစ်တိုက် စမ်းကြည့်ပါလား။ အကယ်၍ သင်က အနိုင်ရလျှင် သင့် ခွန်အားဗလဟာ ကြီးကျယ်တယ်ဆိုတာ ဟုတ်မှာပဲ။ သင်က အရှုံးပေးရလျှင်တော့ သင့် ခွန်အားဗလဟာ အလကားပဲ။ ဆင်တွေ၊ မြင်းတွေ၊ ယာဉ်ရထားတွေကို အသုံးပြုပြီး ရန်သူ့အပေါ်မှာ အနိုင်ရတဲ့ သူရဲကောင်းများဟာ မိမိရဲ့ လျှပ်ပေါ်လော်လည်တဲ့ အာရုံခံ ဣန္ဒြေခြောက်ပါးရဲ့ အပေါ်မှာ အနိုင်ရတဲ့ လူလောက် ရဲရင့်တယ်လို့ မယူဆအပ်ဘူး။

"ငါဟာ လှတဲ့ ချောတဲ့ လူတစ်ယောက်ဖြစ်တယ်လို့ သင့်ကိုယ်ကို သင် အထင်ရှိနေလျှင်လည်း အဲဒီအထင်ကို ပယ်ဖျောက်ပစ်လိုက်ပါ။ မျက်စိပမာ ဆန်းကြယ်တဲ့ ဒေါင်းမြီးကွက်ကလေးများနဲ့ သဘာဝအတိုင်း လှနေတဲ့ ဥဒေါင်းလို ကိုယ်ခန္ဓာကို မဆင် မသဘဲ သဘာဝအရ တကယ် လှနေတယ်ဆိုလျှင်တော့ သင်ဟာ လှသူ ချောသူတစ်ယောက် ဖြစ်တယ်လို့ ဆိုရမှာပဲ။ အဝတ် မဝတ်ဘဲနဲ့ တင့်တယ်နေမှသာလျှင်၊ ရေမချိုးဘဲနဲ့ သန့်ရှင်းစင်ကြယ်နေမှ သာလျှင် လှသူ ချောသူလို့ ခေါ်သင့်တယ်။ အဲဒီ အရည်အချင်းတွေ သင့် ကိုယ်ခန္ဓာမှာ မရှိဘဲနဲ့ သင်ဟာ ဘယ်လိုလုပ် လှသူ ချောသူ ဖြစ်နိုင်ပါ့မလဲ။

"မိမိရဲ့ သစ်လွင်နေတဲ့ အရွယ်ကိုကြည့်ပြီး သင့်စိတ်ဟာ ကာမဂုဏ် အာရုံ ခံစားဖို့အတွက် အိမ်ဘက်ကို ရှေးရှုနေတယ် မဟုတ်လား။ တောင်ကျချောင်းလို အဟုန်ပြင်းတဲ့ အဲဒီစိတ်ဟာ အရှိန်ပြင်းစွာ ရှေ့သို့ တိုးသွားနေပါတယ်။ ကုန်လွန်သွားတဲ့ ဥတုဟာ တစ်ဖန် ပြန်ပေါ်လာတယ်။ တဖြည်းဖြည်း ကုန်သွားတဲ့ လမင်းဟာလည်း တစ်ဖန် ပြန်ပြည့် ပြည့် လာတယ်။ မြစ်ရေနဲ့ လူတို့ရဲ့ အရွယ်ကတော့ သွားပြီးတဲ့နောက် တစ်ဖန် ပြန်လာတယ်လို့ မရှိဘူး။

“မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများ ဖြူဖွေးသွားတဲ့အခါ၊ သွားများ ကျိုးသွားတဲ့အခါ၊ မျက်ခုံးများ လျော့ရိလျော့ရဲ ဖြစ်သွားတဲ့အခါ၊ မျက်နှာရဲ့ အရှိန်အဝါ မှဲ့သွားတဲ့အခါ သင်ဟာ ဇရာရဲ့ ဖိစီးနှိပ်စက်ခြင်းကို ခံရတဲ့အတွက် မာန်မာနတွေ ကျသွားပေလိမ့်မယ်။ အရက်သေစာကို သောက်စားထားတဲ့လူဟာ တစ်ည လွန်မြောက်သွားရင် အမူးပြေပျောက် သွားနိုင်တယ်။ သို့ပေမယ့် ခွန်အားမာန် ယစ်မူးနေတဲ့ လူကတော့ ဇရာ မဖိစီးမချင်း မာန် မကျဘူး။ အရည်ကြိတ်ယူပြီး ဖြစ်တဲ့ ကြံဟာ မြေကြီးပေါ်မှာ နွမ်းခြောက်သွားပြီး မီးရှို့ဖို့ရန် အတွက်လောက်သာ အသုံးကျတော့သလို ဇရာစက်နဲ့ အကြိတ်ခံရတဲ့ ကိုယ်ခန္ဓာဟာလည်း အနှစ်သာရ ကင်းမဲ့သွားပြီး သေဖို့ရာပဲ ရှိတော့တယ်။

“လူနှစ်ယောက် ကိုင်ပြီး ဆွဲတဲ့ လွှဟာ ကြီးမား ရှည်လျားလှတဲ့ သစ်ပင်ကို အပိုင်းပိုင်း ဖြတ်တောက်ပစ် လိုက်သလို နေ့နှင့်ည၌ နှစ်ခုက ဆွဲခေါ်လာတဲ့ ဇရာတရားဟာလည်း မာန်တက်နေတဲ့ ဒီကမ္ဘာလောကကို မာန်လျော့ကျစေတယ်။ ဇရာတရားဟာ လူတွေရဲ့ သတိကို ခိုးယူတယ်။ ရုပ်ရည်ကို ဖျက်ဆီးတယ်။ ပျော်ရွှင်မှုကို နှောင့်ယှက်တယ်။ မျက်စိနှင့် နားကို အားနည်းစေတယ်။ ခွန်အားနဲ့ လုံ့လဝီရိယကို သတ်ဖြတ်ပစ်တယ်။ လူတို့အတွက် ဇရာနဲ့ တူတဲ့ ရန်သူရယ်လို့ တခြား မရှိဘူး။

“အဲဒီလို ကမ္ဘာလောကဟာ ဇရာရဲ့ အရိပ်မိုးနေတဲ့အတွက် “ငါဟာ ရုပ်လှပါကလား၊ ငါဟာ ခွန်အား ရှိပါကလား၊ ငါဟာ ပျိုရွယ်သေးပါကလား” လို့ မာန်မာနတွေ တက်ကြွ မနေသင့်ဘူး။ “ငါ” “ငါ့ဟာ” လို့ စွဲလမ်းနေတာဟာ မှားတယ်။ အဲဒီ အစွဲအလမ်းကို ပယ်ဖျောက်ပစ်လိုက်ပါ။ သို့မှသာ ငြိမ်းချမ်းမှု ရရှိပေလိမ့်မယ်။ “ငါ ” “ငါ့ဟာ” ဆိုတဲ့ အစွဲဟာ ဘေးဥပဒ်ကို ဖြစ်စေတတ်တယ်။ ရောဂါဘယ အမျိုးမျိုး နှိပ်စက်နေတဲ့ ကိုယ်ခန္ဓာဟာ ဘယ်သူ့ အလိုအတိုင်းမှ မဖြစ်တဲ့အတွက် ရောဂါဘယတွေရဲ့ အိမ်ဂေဟာဖြစ်တဲ့ ဒီခန္ဓာကိုယ် “ငါ ” “ငါ့ဟာ” လို့ ထင်မှတ်ခြင်းဟာ ဘယ်မှာ သင့်တော် လျောက်ပတ် နိုင်ပါ့မလဲ။

“မြွေကလည်း တက်နေ၊ ညစ်ပတ် ပေရေပြီး ပျက်စီး ယိုယွင်းနေတဲ့ အိမ်ပျက်ကို သံယောဇဉ် တွယ်တာနေတဲ့၊ အမြင် မှောက်မှားနေတဲ့ လူလို တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက် ဓာတ်သဘောတွေ စုနေတဲ့၊ ခဏမကြာ ပျက်စီးယိုယွင်းတတ်တဲ့၊ မစင်ကြယ် မသန့်ရှင်းတဲ့ ဒီ ခန္ဓာကို သင် သံယောဇဉ် တွယ်တာကပ်ငြိ နေတယ်။

“ပထဝီ မြေကြီးပေါ်မှာ မြက်ပင်များဟာ အလွယ်တကူပဲ ပေါက်လာကြတယ်။ စပါးပင်များကတော့ ဂရုတစိုက် စိုက်ပျိုးမှ ပေါက်တယ်။ ထိုနည်းအတိုင်းပဲ ဒုက္ခဆိုတာကတော့ မကြိုးစား အားမထုတ်ရဘဲ ဖြစ်ပေါ်လာပြီး သုခဆိုတာကတော့ ကြိုးစားပမ်းစား အားထုတ် ပြုလုပ်ပါမှ ဖြစ်ပေါ်လာတာလည်း ရှိတယ်။ ဖြစ်ပေါ်မလာဘဲလည်း နေတယ်။ ကိုယ်ခန္ဓာဟာ ဒုက္ခအပြည့် ဖြစ်နေတယ်။ ခဏမကြာ ပျက်စီး ယိုယွင်း တတ်တယ်။ အဲဒီ သဘောကို တွေးတောဆင်ခြင်ပြီး မိမိရဲ့ စိတ်နှလုံးကို သမာဓိတရားနဲ့ ချုပ်ကိုင်ထားပါ။

"ကာမဂုဏ် အာရုံတို့ကို ခံစားရခြင်းအားဖြင့် တင်းတိမ် ရောင့်ရဲမှု မဖြစ်ဘူး။ တောက်လောင်နေတဲ့ မီးဟာ ဘယ်လိုထည့်ထည့် တင်းတိမ်ရောင့်ရဲခြင်း မဖြစ်သလိုဘဲ။ ကာမဂုဏ် အာရုံကို ခံစားလေလေ အာသာရမ္မက် တိုးတက်လာလေပဲ။ သူတစ်ပါးရဲ့ အကျိုးမဲ့ ပြုလုပ်တဲ့ လူဟာ အကျိုးမဲ့ အလုပ်ခံရတဲ့ လူရဲ့ရန်သူ ဖြစ်တယ်။ ကာမဂုဏ် အာရုံဆိုတာ အကျိုးပျက်စီးမှုရဲ့ မူလအုတ်မြစ်သာ ဖြစ်တယ်။ ဒါကြောင့်မို့ ရန်သူနဲ့ တူတဲ့ ကာမဂုဏ် အာရုံများကို စွန့်ပယ်သင့်တယ်။ အဆင်း အနံ့နဲ့ ပြည့်စုံတဲ့ အဆိပ်သီးကို စားလျှင် အသွေးအသား မဖြစ်ဘဲ သေကြေပျက်စီးတတ် သကဲ့သို့ ကာမဂုဏ် အာရုံကို သုံးဆောင်ခံစားလျှင် ကောင်းကျိုး မဖြစ်၊ ဆိုးကျိုးသာ ဖြစ်တယ်။ ကျွန်ုပ် ညွှန်ကြား ပြောပြတာတွေကို အကျိုးပြုမယ့် အရာတွေပဲလို့ ထင်မြင်ယူဆလျှင် လက်ခံလိုက်နာပါ။ ဒါမှ မဟုတ်လျှင်လည်း ကိုယ့် သဘော ဆန္ဒ အတိုင်းပါပဲ"

ယင်းသို့ မေတ္တေယျ ရဟန်းက ကျိုးကြောင်းညွှန်ပြ ဆိုဆုံးမသော်လည်း နန္ဒသည် စိတ်တည်ငြိမ်မှု မရှိပေ။ အကြောင်းမူကား အမုန်ယစ်သော် ဆင်ကဲ့သို့ သူ၏ စိတ်နှလုံးသည် ယစ်မူး၍သာ နေသည် ဖြစ်သောကြောင့်တည်း။

ထိုအခါ နန္ဒ၏ စိတ်မတည်ငြိမ်ပုံ၊ အိမ်သို့ စိတ်ရောက်နေပုံ၊ တရားဓမ္မ စိတ်မဝင်စားပုံတို့ကို သိရှိရသည်ဖြစ်၍ မေတ္တေယျ ရဟန်းသည် သတ္တဝါတို့၏ အလိုဆန္ဒနှင့် သဘာဝကို တိကျစွာ သိရှိနားလည်တော်မူသော ရှင်တော်ဗုဒ္ဓအား နန္ဒ၏ အကြောင်းကို လျှောက်ထား ပြောပြလိုက်၏။

## နတ်ပြည်သို့

နန္ဒသည် မြတ်သောအကျင့်ကို စွန့်ပစ်လိုသည့် ဆန္ဒ ရှိနေ၏။ ချစ်မယားကို တွေ့ဖို့ရန် စိတ်စောနေ၏။ အိမ်ကို ပြန်ရန် လုံ့ပြုနေ၏။ တမှိုင်မှိုင် တတွေတွေဖြင့် စိတ်တွေ လေလွင့်၍ နေ၏။ နန္ဒ၏ ဖြစ်ပုံကို ကြားရသည့်အခါ ဗုဒ္ဓသည် ထုတ်ဆယ် ကယ်တင်လိုသည် ဖြစ်၍ နန္ဒအား အခေါ်ခိုင်းလိုက်လေ၏။

နန္ဒ ရောက်လာသည်။ ဗုဒ္ဓသည် နန္ဒအား အကျိုးအကြောင်း မေးကြည့်သည်။ နန္ဒသည် ရှက်လွန်းသဖြင့် ဦးခေါင်းကို ငုံ့ပြီး တစ်ပါးသူတို့၏ စိတ်ဆန္ဒကို သိရှိ နားလည်တော်မူသည့် ဗုဒ္ဓအား မိမိ၏ ဆန္ဒကို ဖွင့်ဟ လျှောက်ထား ပြလိုက်သည်။ ထိုအခါ မယားတည်းဟူသော အမိုက်မှောင်ထဲမှာ နန္ဒ ချာချာလည်နေသည်ကို သိရသည်ဖြစ်၍ ဗုဒ္ဓသည် နန္ဒကို လက်ဆွဲပြီး ကောင်းကင်သို့ ပျံကြွ သွားတော်မူသည်။

မြူတိမ် ကင်းစင်သည့် ကောင်းကင်ပြင်၌ သက်န်းကို ဆင်မြန်းဝတ်ရုံထားသော ရွှေရောင် တောက်ပနေသည့် ဗုဒ္ဓနှင့် နန္ဒတို့သည် ရေအိုင်ထဲတွင် တောင်ပံယှက်ပြီး ကူးခတ်နေကြသည့်စက္ကဝက် ငှက်ညီနောင်ဟာ လွန်စွာ တင့်တယ်လှပ နေသည်။

ညီနောင်နှစ်ဦးသည် ဟိမဝန္တာတောင်ပေါ်သို့ မကြာမီပင် ရောက်ရှိသွားကြသည်။ နတ်ထင်းရှူးရနံ့များ ကြိုင်ထုံပြီး မြစ်များ၊ ချောင်းများ၊ ရှုမြောင်များဖြင့် တင့်တယ်သာယာနေသော ဟိမဝန္တာတောင်ပေါ်၌ ရသေ့ သူတော်စင်များသည် မွေ့လျော် ပျော်ပိုက်လျက် ရှိကြသည်။ ဝိဇ္ဇာနှင့် တပသီတို့ မွေ့လျော်ရာဖြစ်သည့် ထိုမင်္ဂလာတောင်ထိပ်တွင် ရောက်နေကြသော ဗုဒ္ဓနှင့် နန္ဒတို့သည် ကောင်းကင်ပြင်ရှိ ကျွန်းကြီးတစ်ခုပေါ်တွင် ရောက်ရှိနေသည်နှင့် ပမာတူနေသည်။

တည်ငြိမ်သော ဣန္ဒြေ ရှိတော်မူသည့် ဗုဒ္ဓဘုရားသည် ထိုတောင်ထိပ်ပေါ်၌ ရပ်တန့်ကာ နားနေတော် မူလိုက်သည်။ ထိုအခါ နန္ဒသည် လေးဘက်လေးရပ်တွင် ရှိသော တောင်၏ အဆင်တန်ဆာများဖြစ်သည့် လိုဏ်ဂူများကို လည်းကောင်း၊ ပန်းရုံ ပန်းချုံများကို လည်းကောင်း၊ တောတိရိစ္ဆာန်များကို လည်းကောင်း တအံ့တသြ တွေ့မြင်နေရသည်။

ဆွတ်ဆွတ်ဖြူနေသော ကျောက်တောင်တစ်ခုပေါ်၌ ဥဒေါင်းတစ်ကောင်သည် က ဟန် ချီနေသည်။ အခြားတစ်နေရာ၌မူ ပတ္တမြား ကျောက်တုံးတစ်တုံးပေါ်တွင် ခြင်္သေ့တစ်ကောင် လဲလျောင်းနေသည်။ ကျားတစ်ကောင်ကမူ မောလွန်းလှသဖြင့် အမြီးကို ညာဘက်ပခုံးပေါ် တင်ပြီး စမ်းချောင်းတစ်ခု ရှိရာသို့ ရေသောက်ရန် တလှုပ်လှုပ် သွားနေသည်။ တစ်နေရာရှိ မြင့်မားလှသော သစ်ပင်ကြီး တစ်ပင်ပေါ်၌ စာမရီငှက် တစ်ကောင်သည် တွဲလဲ ဆွဲနေသည်။

ဥဒေါင်းမြီး၏ အရောင်ထက် တောက်ပြောင်နေသည့် ရွှေရောင်ထွက်နေသော လူရိုင်းများသည် အစုလိုက် အပြုံလိုက် လိုဏ်ဂူများထဲမှ ထွက်လာကြသည်။ တောင်ကြီးက ယင်းတို့ကို အန်ထုတ်လိုက်သည်နှင့် ပမာတူနေသည်။ လိုဏ်ဂူများထဲတွင် နေထိုင်ကြသော ရင်သားနှင့် တင်သား အလွန်တရာ လှပသည့် ကိန္နရာမများကြောင့် အရပ်မျက်နှာမှာ အသရေတိုးနေသည်။ တောင်ထိပ်ပေါ်တွင် ရှိနေကြသည့် နတ်ထင်းရှူးပင် များပေါ်၌ မျောက်တို့သည် တစ်ပင်မှ တစ်ပင် တစ်ကိုင်းမှ တစ်ကိုင်းသို့

ကူးနေကြသည်။ ထို မျောက်အုပ်ထဲက မျောက်မတစ်ကောင်မှာ မျက်စိတစ်ဖက် ပျက်နေ၏။ ထိုမျောက်မကို တွေ့ရသည့်အခါ ဗုဒ္ဓက နန္ဒအား မိန့်တော်မူလိုက်၏။

“ နန္ဒ ဟိုမှာကြည့်စမ်း၊ မျက်စိတစ်ဖက် ကန်းနေတဲ့ မျောက်မကို မြင်တယ် မဟုတ်လား။ အဲဒီ မျောက်မနဲ့ သင် စွဲစွဲလမ်းလမ်း ဖြစ်နေတဲ့ မိန်းမပျို နှစ်ဦးအနက် ဘယ်သူက ရုပ်ရည်နဲ့ အမူအရာ သာတယ်လို့ ထင်သလဲ …”

ယင်းသို့ မေးလိုက်သည့်အခါ နန္ဒက ပြုံးပြီး ပြန်ဖြေသည်။

“ဒီ မျောက်မနဲ့ အရှင်ဘုရားရဲ့ ခယ်မတော်ဟာ ဘဝင်နဲ့ အဝီစိလို မနှိုင်းအပ် မယှဉ်အပ်ပါ ဘုရား”

နန္ဒ၏ အဖြေကို ကြားရသည့်အခါ ဗုဒ္ဓသည် နန္ဒကို ခေါ်ပြီးလျှင် တစ်ဖန် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူရာ ဝရဇိန် လက်နက်ပိုင်ရှင် သိကြားမင်း၏ နန္ဒန (နန္ဒဝန်) ဥယျာဉ်တွင်းသို့ ရောက်သွား၏။ ထိုဥယျာဉ်ထဲ၌ သစ်ပင်ပေါင်း များစွာတို့သည် တစ်ခဏ တစ်ခဏ အတွင်းမှာပင် ဥတု အမျိုးမျိုးတွင် ဖြစ်ပေါ်သည့် အသရေ အမျိုးမျိုး၊ အသွင် အမျိုးမျိုး ပြောင်း၍ ပြောင်း၍နေသည်။ အခြားသစ်ပင်များကား ဥတု ခြောက်ပါးလုံး၏ ပုံစံကွဲသည့် တင့်တယ်လှပမှု ဟူသမျှကို တစ်ပြိုင်တည်း ဖော်ပြနေကြ၏။ သစ်ပင်ပေါင်း များစွာတို့တွင် လှပပြီး ရနံ့ကြိုင်ထုံ၍ နေသည့် ပန်းကုံးများ သီကုံးထားသည်ကို တွေ့ရ၏။ ထိုသစ်ပင်များ အပေါ်၌ ကျေးငှက်မျိုးစုံတို့သည် တေးသံစုံ ကျူးရင့်နေကြသည်။

ထို နန္ဒန (နန္ဒဝန်) ဥယျာဉ်၌ သောက၊ ဒုက္ခ၊ ဇရာတို့ ကင်းဝေးပြီး အမြဲတစေ ရွှင်ပြုံးနေကြသည့် ဘုန်းရှင်ကံရှင်များ မွေ့လျော်ပျော်ပိုက် နေကြသည်။ သူတို့သည် မိမိတို့၏ ကံကုသိုလ် အားလျော်စွာ အယုတ်၊ အလတ်၊ အမြတ် ဟူ၍ အဆင့်အတန်း ကွဲပြားနေကြ၏။ သူတို့၏ ကိုယ်ကာယမှာ တောက်ပြောင်ဝင်းလက် နေ၏။

သောကနှင့် ဒုက္ခ ဝေးပြီး အခါခပ်သိမ်း ပျော်မြူးနေသည့် ဒေဝလောကကို တွေ့မြင်ရသောအခါ နန္ဒသည် ဇရာနှင့် မရဏ တရားများ လွှမ်းမိုးပြီး အမြဲမပြတ် ဒုက္ခနှင့် ရင်ဆိုင်နေရသည့် မနုဿ လောကကို လုပ်တိုင်းသဖွယ် ထင်မှတ်သွား၏။ နန္ဒသည် သိကြားမင်း၏ ဥယျာဉ်ကို တအံ့တသြ ငေးမော ကြည့်နေသည်။ ထိုအခိုက် နတ်ဒေဝီ ယမင်းများသည် ပြုံးရွှင်စွာဖြင့် နန္ဒ၏ အနီးသို့ ရောက်ရှိလာကြ၏။ သူတို့သည် အခါခပ်သိမ်း နုပျိုငယ်ရွယ် နေကြသူများ ဖြစ်သည်။ ကာမဂုဏ်ခံစား မြူးထူးပျော်ပါးခြင်းသည် သူတို့၏ တစ်ခုတည်းသော အလုပ်ဖြစ်သည်။ သူတို့သည် အကျင့်တရားကို ကျင့်ကြံအားထုတ်ခဲ့ဖူးသူများ၏ အသုံးတော်ခံများ ဖြစ်ကြသည်။

ထိုနတ်ဒေဝီ ယမင်းများအနက်မှ အချို့မှာ ကြာပွင့်ခူးပြီး ကစားကြ၏။ အချို့က တေးသီချင်းကို သီဆိုကျူးရင့် နေကြ၏။ အချို့ကမူ အမူအရာ အမျိုးမျိုးနှင့် က နေကြသည်။ မိုးသားတိမ်လိပ်တို့၏ အကြားမှ လျှပ်စီး ထွက်လာသကဲ့သို့ ဥယျာဉ်အတွင်းမှ ထွက်လာသော ထိုနတ်ဒေဝီ ယမင်းများကို တွေ့ရသောအခါ လှုပ်ရှားနေသည့် ရေအတွင်းရှိ တုန်လှုပ်နေသော လမင်းကဲ့သို့ နန္ဒ၏ ကိုယ်ကာယသည် ရာဂကြောင့် တုန်လှုပ်သွားသည်။ နန္ဒသည် ထို

နတ်ဒေဝီ ယမင်းများနှင့် ပေါင်းဖက်လိုသည့် အာသာရမ္မက်များ တဖွားဖွား ပေါ်ပေါက်လာသည်။

လူတို့သည် ညစ်နေသည့် အဝတ်မှ အညစ်အကြေးများကို ဖယ်ရှားပစ်ရန် အလို့ငှာ ညစ်နေသည့် အဝတ်ကို ပြာများဖြင့် ပိုမိုပြီး ညစ်သွားအောင် ပြုလုပ်ကြသည်။ ထိုနည်းတူစွာ ဗုဒ္ဓသည် နန္ဒ၏ ရာဂကို ဖယ်ရှားပစ်ရန် အလို့ငှာသာလျှင် နန္ဒ၏ သန္တာန်၌ ရာဂ ပိုမို ဖြစ်ပေါ်စေခဲ့သည်။ ဆေးသမားသည် လူနာ၏ ရောဂါဝေဒနာကို ဖယ်ရှားပစ်ရန်အတွက် ရှေးဦးစွာ လူနာအား ဝေဒနာ ပိုမို ခံစားရအောင် ပြုမူသည်။ ထိုနည်းတူစွာ ဗုဒ္ဓသည် နန္ဒ၏ ရာဂကို ဖယ်ရှားပစ်လိုသည့် ဆန္ဒဖြင့် နန္ဒ၏ သန္တာန်၌ ရာဂ ပိုမို ဖြစ်ပေါ်စေခဲ့သည်။

ထွက်ပြူလာသော နေမင်း၏ အရောင်သည် အမိုက်မှောင်ထဲတွင် တောက်ပနေသော ဆီမီးရောင်ကို ပပျောက်သွားစေသကဲ့သို့ နတ်ဒေဝီ ယမင်းပျိုများ၏ အလှသည် မနုဿလောကရှိ မိန်းမပျိုများ၏ အရောင်ကို မှေးမှိန်ကွယ်ပျောက် သွားစေခဲ့သည်။ ကြီးကျယ်သော အဆင်းသည် သေးငယ်သော အဆင်းကို ဖျက်ဆီးပစ်သည်။ ကြီးကျယ်သော အသံသည် သေးငယ်သော အသံကို ဖယ်ရှားပစ်သည်။ ကြီးကျယ်သော ရောဂါသည် သေးငယ်သော ရောဂါကို လွှမ်းမိုးသွားသည်။ ကြီးကျယ်သော အရာဝတ္ထု ဟူသမျှသည် သေးငယ်သော အရာဝတ္ထု ဟူသမျှ၏ ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သည်။

ဗုဒ္ဓ၏ တန်ခိုးဖြင့်သာလျှင် နန္ဒသည် အခြားသူများ မမြင်ရသည့် နတ်ဒေဝီများကို မြင်ရခြင်း ဖြစ်သည်။ ရာဂမကင်းကွာသေးသူ သာမန်လူသား သည် နတ်ဒေဝီတို့ကို မြင်နိုင်သည့်အစွမ်း မရှိပေ။

နန္ဒသည် ကာမ ရာဂများ တဖွားဖွား ပေါ်ပေါက်လာ၏။ သူ၏ စိတ်အာရုံသည် ကြင်ရာဖြစ်သူ သုန္ဒရီထံမှ ဖဲကြဉ်လာခဲ့၏။ ယင်းအချက်ကို သိမြင်တော်မူသောအခါ ရာဂကင်းသော ဗုဒ္ဓသည် ရာဂ၏ အကူအညီဖြင့် ရာဂကို သတ်ဖြတ် ဖျက်ဆီးပစ်လိုသည်ဖြစ်၍ နန္ဒကို မေးခွန်းထုတ်လိုက်သည်။

" နန္ဒ၊ နတ်ကညာတွေကို ကြည့်စမ်း။ မြင်ရရဲ့ မဟုတ်လား။ ဒီ နတ်ကညာတွေနဲ့ သင်နန္ဒရဲ့ ကြင်ရာသုန္ဒရီ ဘယ်သူက ရုပ်ရည်နဲ့ အမူအရာ သာတယ်လို့ ထင်သလဲ"

ထိုအခါ နတ်ကညာပျိုများအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးလျှင် နှလုံးတွင် ရာဂမီး တောက်လောင်နေသည့် နန္ဒသည် လက်အုပ်ချီပြီး လျှောက်ထားလိုက်လေ၏။

"အရှင်ဘုရား၊ ဟို မျက်စိတစ်ဖက် ကန်းနေတဲ့ မျောက်မဟာ အရှင်ဘုရားရဲ့ ခယ်မတော်နဲ့ မနှိုင်းအပ် မယှဉ်အပ် လောက်အောင် ကွာခြားသလိုပဲ အရှင်ဘုရားရဲ့ ခယ်မတော်လည်း ဒီ နတ်ကညာတွေနဲ့ မနှိုင်းအပ် မယှဉ်အပ်အောင် ကွာခြားနေပါတယ်။ အရင်တုန်းက တပည့်တော်ဟာ သုန္ဒရီက လွဲပြီး တခြားမိန်းမတွေကို ဖွဲဆန်ကွဲလို့ အောက်မေ့ခဲ့ပါတယ်။ အခု ဒီ

နတ်ကညာတွေကို တွေ့ရတော့ သုန္ဒရီကို ဖွဲဆန်ကွဲလို့ပဲ အောက်မေ့ပါတော့တယ်။

"နူးညံ့တဲ့ အပူ လောက်မြိုက်ခြင်း ခံနေရတဲ့ လူဟာ မီးကျီထဲ ကျရောက်သွားတဲ့အခါ တစ်ခါတည်း လောင်ကျွမ်း သွားသလို ပထမ သေးငယ်တဲ့ ရာဂ အပူ လောင်မြိုက်ခြင်း ခံနေရတဲ့ တပည့်တော်ဟာ အခု ဒီ ရာဂမီးကြောင့် လောင်ကျွမ်းနေပါပြီ။ တပည့်တော်ကို တရားရေအေး လောင်းပေးတော်မူပါ။ တောမီးဟာ သစ်ပင်ကြီးငယ် ဟူသမျှကို ပြာကျ သွားစေသကဲ့သို့ ဒီ ရာဂမီးဟာ ဒီကနေ့ပဲ တပည့်တော်ကို ပြာကျစေပါတော့မယ်။ တပည့်တော် နစ်မွန်းနေပါပြီ။ တပည့်တော်ကို ကယ်တင်တော်မူပါ။ တပည့်တော် အသက်ထွက်ပါတော့မယ်။ အမြိုက်တရား ပြတော်မူပါ။ ကာမ မြွေဟာ တပည့်တော်ရဲ့ နလုံးကို ကိုက်ခဲနေပါတယ်။ မြန်မြန် ဆေးကုပေးတော်မူပါ။ အရှင်ဘုရားသာ မြင့်မြတ်တဲ့ မှီခိုကိုးကွယ်ရာ ဖြစ်ပါတယ်။ တပည့်တော် အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်ပါတယ်။ တပည့်တော်ကို ပျက်စီးမသွားအောင် ကူညီဖေးမ ပေးတော်မူပါ ဘုရား ..."

ထိုအခါ လမင်းသည် ညဥ့်အချိန်တွင် ပေါ်ပေါက်လာသည့် အမိုက်မှောင်ကို ဖယ်ရှားပစ်သကဲ့သို့ ကမ္ဘာလောက၏ အမိုက်မှောင်ကို ဖယ်ရှားပစ်သကဲ့သို့ ကမ္ဘာလောက၏ အမိုက်မှောင် ကင်းသည့် ဗုဒ္ဓသည် နန္ဒ၏ နလုံးထဲတွင် ရှိနေသော အမိုက်မှောင်ကို ဖယ်ရှားပစ်လိုက်သည်ဖြစ်၍ ဤသို့ မိန့်ကြားတော်မူသည်။

" နန္ဒ၊ စိတ်ခိုင်ခိုင်ထားပါ။ စိတ်ကို မဖောက်ပြန် မလှုပ်ရှားစေပါနှင့်။ ငါဘုရား ပြောတာကို ဂရုစိုက်ပြီး နားထောင်ပါ။ အကယ်၍ သင် ဒီ နတ်ကညာတွေကို လိုချင်ရင် အဖိုးအခ ပေးရလိမ့်မယ်။ အဲဒီ အဖိုးအခက တခြား မဟုတ်ဘူး။ မြင့်မြတ်တဲ့ အကျင့်တရား ဖြစ်တယ်။ ဒါကြောင့် သင် အကျင့်တရားကို ကျင့်ကြံ အားထုတ်ရလိမ့်မယ်။ ဒီ နတ်ကညာတွေဟာ ခွန်အားဖြင့် လည်းကောင်း၊ ရုပ်ရည်အားဖြင့် လည်းကောင်း၊ အကျိုးဆောင်ခြင်းဖြင့် လည်းကောင်း၊ ပေးကမ်းခြင်းအားဖြင့် လည်းကောင်း ရနိုင်တဲ့ အရာတွေ မဟုတ်ဘူး။ တရားဓမ္မကို ကျင့်ကြံ အားထုတ်ခြင်း အားဖြင့်သာလျှင် ရနိုင်တဲ့ အရာတွေ ဖြစ်တယ်။ ဒါကြောင့် သူတို့ကို လိုချင်ရင် တရားဓမ္မကို ကျင့်ကြံ အားထုတ်ပါ။

"ဒီ နတ်လောကမှာ နတ်ဒေဝတာတွေအတွက် နေရာထိုင်ခင်းတို့၊ မွေ့လျော်ဖွယ်ရာ ဥယျာဉ်တို့၊ အမြဲနုပျိုနေတဲ့ နတ်ကညာပျိုတို့ အဆင်သင့် ဖြစ်လာခြင်းမှာ သူတို့ရဲ့ ကောင်းမြတ်တဲ့ အလုပ်ရဲ့ အကျိုးပေးမှုများသာ ဖြစ်တယ်။ တခြားလူက ပေးလို့ရတဲ့ အရာတွေ မဟုတ်ဘူး။ အကြောင်းမဲ့ရတဲ့ အရာတွေလည်း မဟုတ်ဘူး။ လူ့လောကမှာတော့ လူတွေဟာ လက်နက်အားကိုးနဲ့ ကြိုးစားရင် မိန်းမများကို ရနိုင်တာလည်း ရှိတယ်။ မရနိုင်တာလည်း ရှိတယ်။ အခုဘဝမှာ တရားဓမ္မကို ကျင့်ကြံအားထုတ်ပြီး ကုသိုလ်ကောင်းမှုကို ဆည်းပူးတဲ့ လူဟာ နတ်ပြည် နတ်လောကမှာ ဒီ နတ်ကညာတွေကို ရမယ်ဆိုရာ မြေကြီးလက်ခတ် မလွဲဘူး။ သို့အတွက်ကြောင့် ဒီ နတ်ကညာတွေကို လိုချင်ရင် တရားဓမ္မကို သတိရှိစွာဖြင့် ကျင့်ကြံအားထုတ်ပါ။

တရားဓမ္မကို ကျင့်ကြံအားထုတ်လျှင် သင် ဒီ နတ်ကညာတွေကို ရရှိလိမ့်မယ် ဆိုတာကို ငါ တာဝန်ခံတယ် ...”

နန္ဒသည် ဗုဒ္ဓ၏ ညွှန်ကြား ပြောပြချက်များကို ယုံကြည် စိတ်ချသွားသည်။ ထို့နောက် ဗုဒ္ဓသည် နန္ဒကို ခေါ်ဆောင်ပြီးလျှင် လေအဟုတ်ကဲ့သို့ နတ်ပြည် နတ်လောကမှ ကောင်းကင်ခရီးဖြင့် ပထဝီ မြေပြင်ပေါ် ဆင်းသက်လာခဲ့သည်။

### နတ်ပြည်၏ အပြစ်

နန္ဒန (နန္ဒဝန်) ဥယျာဉ်ထဲ၌ ရှိနေကြသည့် ထိုနတ်ကညာတို့ကို တွေ့မြင်ခဲ့ရသည်ဖြစ်၍ နန္ဒသည် လှုပ်ရှားနေသော မိမိ၏ စိတ်ကို အကျင့်တရားတည်းဟူသော တိုင်တွင်ချည်နှောင် ထားလိုက်သည်။ နတ်ကညာတို့ကို နှလုံးတွင် ပိုက်ပြီးလျှင် တရားဓမ္မကို ကျင့်ကြံအားထုတ်သည်။

ယင်းသို့အားဖြင့် နန္ဒသည် ကာမဂုဏ် အာရုံကို ရရှိခံစားရန် အတွက်သာလျှင် ဣန္ဒြေများကို နှိပ်ကွပ်ထားသည်။ ကာမဂုဏ် အာရုံတို့၌ မွေ့လျော်ပျော်ပိုက်သူ ဖြစ်၍ ရဟန်းကျင့်ဝတ်ကို စိတ်ပါဝင်စားသူ မဟုတ်ပေရာ ဆရာကောင်း သမားကောင်း၏ မှီခိုလဲလျောင်းရာကို ရရှိသည် ဖြစ်ခြင်းကြောင့်သာလျှင် ဗြဟ္မစရိယ အကျင့်ကို ကျင့်ကြံ အားထုတ်ခြင်း ဖြစ်သည်။

ငြိမ်းအေးသော တရားစည်းမျဉ်းတို့ကို လိုက်နာကျင့်ကြံသည် ဖြစ်၍ နန္ဒသည် ရေနှင့် နီးနီးကပ်ကပ် နေရသကဲ့သို့ ငြိမ်းအေးမှုကို ရရှိနေ၏။ ကာမဂုဏ် အာရုံကို တွယ်တာမက် မောနေသဖြင့်လည်း မီးနှင့် နီးနီးကပ်ကပ် နေရသကဲ့သို့ ခြောက်ခန်း၍ နေသည်။ ပင်ကိုအားဖြင့် ရှုချင်စဖွယ် ရုပ်ရည် ရူပကာယ ချောမောလှပသူ ဖြစ်သော်လည်း နတ်ကညာများဆီ စိတ်ရောက်နေသည် ဖြစ်သောကြောင့် လည်းကောင်း၊ တရားစည်းမျဉ်းကို ကျင့်ကြံ လိုက်နာ နေရသည် ဖြစ်သောကြောင့် လည်းကောင်း သူ၏ ရုပ်ရည်သည် အလွန်တရာ ပြောင်းလဲသွားသည်။ မိမိကြင်ရာ သုန္ဒရီအား အလွန်တရာပင် ချစ်ခင်မြတ်နိုးသော်လည်း နန္ဒသည် သုန္ဒရီအကြောင်း စကားစပ်လျှင် အာသဝေါ ကုန်ခန်းသူပမာ ပြုံးလည်းမပြုံး၊ မဲ့လည်းမမဲ့ တည်ငြိမ်ဣန္ဒြေ ရနေသည်။

နန္ဒ၏ မယားသံယောဇဉ် ပြတ်သွားပုံနှင့် အကျင့်တရား ကျင့်ကြံအားထုတ်ရာ၌ ဖွဲ့ ထက်သန်နေပုံကို တွေ့ရသည့်အခါ ရှင်အာနန္ဒာသည် နန္ဒ၏ အနီးသို့ ကပ်လာပြီးလျှင် ချစ်ခင်ရင်းနှီးစွာဖြင့် ပြောလေ၏။

"နန္ဒ၊ အာရုံခံ ဣန္ဒြေတို့ကို နှိပ်ကွပ်ထိန်းချုပ် ထားလိုက်တဲ့အတွက် သင်ဟာ ရွှင်လန်းကြည်ရွှင်လာပြီး တရားစည်းမျဉ်းများကို လိုက်နာကျင့်သုံးတဲ့ နေရာမှာလည်း သင့်စိတ်ဟာ မြဲမြံခိုင်ခံ့နေပြီ။ ကာမဂုဏ် အာရုံ ကပ်ငြိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ယခုလို အသိဉာဏ်မျိုး ရလာခြင်းမှာ သေးငယ်တဲ့ အကြောင်းကြောင့် မဟုတ်ဘူး။ နာစေး ချောင်းဆိုး စတဲ့ သာမန် ရောဂါ ဝေဒနာလောက်ဆိုလျှင် ဆေးမြီးတိုလောက်နဲ့ပဲ ပျောက်ကင်းသွားနိုင်တယ်။ ရောဂါကြီးလာရင်တော့ ကြိုးစားပမ်းစား ကုမှ ပျောက်တယ်။ ကြိုးစားပမ်းစား ကုတာတောင်မှ မပျောက်တာလည်း ရှိတယ်။ သင့်စိတ်ရောဂါဟာ သာမန် အသေးအဖွဲ မဟုတ်ဘူး။ အလွန်တရာ ကြီးကျယ်တယ်။ ကုစားဖို့ မလွယ်ဘူး။ အဲဒီ ရောက်ပျောက်သွားရင် သင့်စိတ်ဟာ တည်ငြိမ် ဣန္ဒြေ ရနေတော့မှာ အမှန်ဖြစ်တယ်။

"လူဆိုး သူခိုးအတွက် ကောင်းမွန်တဲ့ အလုပ်ကို လုပ်ဖို့ရန်မှာ မလွယ်ကူဘူး။ မာန်မာနရှိတဲ့ လူအတွက် နူးညံ့ပျော့ပျောင်းတဲ့ အပြုအမူကို ပြုလုပ်ဖို့ရန်မှာ မလွယ်ကူဘူး။ လောဘကြီးတဲ့ လူအတွက် အလှူဒါန ပေးကမ်း လှူဒါန်းရန်မှာ မလွယ်ကူဘူး။ တဏှာရာဂ ရှိတဲ့လူအတွက် ဗြဟ္မစရိယ အကျင့်ကို ကျင့်ဖို့ရန်မှာ မလွယ်ကူဘူး။ တရားအကျင့်ကို ကျင့်တဲ့နေရာမှာ ခိုင်မြဲလှတဲ့ သင့် ဖွဲ့နဲ့ လုံ့လကို တွေ့ရတော့ ကျွန်ုပ် သက်မကင်း ဖြစ်လာမိတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သင့်ကို ကျွန်ုပ် တစ်ခု မေးချင်ပါတယ်။

"စိတ်ကောင်း စေတနာကောင်းနဲ့ ပြောပြတဲ့ စကားကို တစ်မျိုးတမည် မထင်သင့်ဘူး။ စေတနာသန့်လျှင် ကြမ်းတမ်း ရုန့်ရင်းတဲ့ စကားကိုပင်ဖြစ်စေ သူတော်ကောင်းများဟာ ကြမ်းတမ်းရုန့်ရင်းတယ်လို့ မယူဆဘူး။ နှစ်ခြိုက်ဖွယ် မဟုတ်ပေမယ့် အကျိုးရှိစေတဲ့ စကားများဟာ မေတ္တာအရင်းခံ ကြတယ်။ နှစ်ခြိုက်ဖွယ် ဖြစ်ပေမယ့် အကျိုးယုတ်စေမယ့် စကားကတော့ မေတ္တာ အခြေမခံဘူး။ နှစ်ခြိုက်ဖွယ်လည်းဖြစ်၊ အကျိုးလည်း ရှိစေတဲ့ စကားဆိုတာကတော့ အရသာလည်း ရှိ၊ ရောဂါလည်းပျောက်တဲ့ ဆေးမျိုး ရှားသလို ရှားတယ်။ သင့်ကို အကျိုးယုတ်စေလိုတဲ့ ဆန္ဒနဲ့ မဟုတ်ဘဲ အကျိုးရှိစေလိုတဲ့ ဆန္ဒနဲ့ တစ်ခု မေးမယ်။ သင် တရားဓမ္မကို ကျင့်ကြံ အားထုတ်နေတာဟာ နတ်ကညာတွေကို ရလိုတဲ့ အတွက်ကြောင့်လို့ လူတွေက ပြောနေကြတယ်။ သူတို့ ပြောတာ အမှန်တကယ်ပဲလား သို့မဟုတ် လီဆယ်ပြောကြတာလား"

ယင်းသို့ အရှင်အာနန္ဒာသည် ဖွင့်ဟ မေးမြန်းလိုက်သည့်အခါ နန္ဒသည် သက်ပြင်းတစ်ချက် ချပြီးလျှင် ဦးခေါင်းငိုက်စိုက် ချနေလိုက်လေသည်။ ထိုအခါ သူ၏ စိတ်အကြံကို သိရှိသည်ဖြစ်၍ အရှင်အာနန္ဒာသည် နှစ်လိုဖွယ် မဟုတ်သော်လည်း အကျိုးရှိမည့် စကားကို ပြောကြားသည်။

"သင့် အမူအရာကို ကြည့်ခြင်းအားဖြင့် သင် ဘာဖြစ်လို့ တရားဓမ္မကို ကျင့်ကြံ အားထုတ်တယ်ဆိုတာကို သိရပါပြီ။ အခုလို သိရတဲ့အတွက် ကျွန်ုပ် ရယ်လည်း ရယ်ချင်တယ်။ သင့်အပေါ်မှာ ကရုဏာလည်း သက်မိတယ်။ နေရာထိုင်ခင်းအတွက် ဆိုပြီး လေးလံတဲ့ ကျောက်တုံးကြီးကို ပခုံးနဲ့ ထမ်းရွက်ထားတဲ့ လူလို သင်လည်းပဲ ကာမဂုဏ်အာရုံကို ခံစားဖို့ရန်အတွက် တရားစည်းမျဉ်းကို လိုက်နာ ကျင့်ကြံနေတယ်။ အမြတ်စားလိုတဲ့ ရည်ရွယ်ချက်နဲ့ ကုန်ပစ္စည်းကို ဝယ်တဲ့ ကုန်သည်လိုပဲ၊ သင်လည်း ကာမဂုဏ် အမြတ်ကို ရည်မှန်းပြီး တရားအကျင့်ကို ကျင့်နေတယ်။ အသီးရလိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ အစေ့ကို စိုက်ပျိုးတဲ့ တောင်သူလယ်သမားလို သင်လည်း ကာမဂုဏ်အာရုံကို ရလိမ့်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ကာမဂုဏ်အာရုံကို စွန့်ပယ်တယ်။ သစ်ပင်ပေါ်က ပျားအုံကိုသာ ကြည့်ပြီး သစ်ပင်ပေါ်က လိမ့်ကျမယ့် ဘေးကိုတော့ မတွေးတဲ့လူလို သင်လည်း နတ်ကညာတွေကိုသာ မြင်ပြီး အပြီးသတ်တွင် ဖြစ်လာမယ့် ကျဆုံးမှုကိုတော့ မမြင်မတွေ့ ဖြစ်နေတယ်။

"သင်ဟာ တရားစည်းမျဉ်းကို ကိုယ်ကာယနဲ့ လိုက်နာ ကျင့်သုံးနေပေမယ့် နှလုံးမှာတော့ ရာဂမီး တောက်လောင်နေတယ်။ သင့်စိတ်နှလုံးက မသန့်ရှင်း မစင်ကြယ် ဖြစ်နေရင် သင့် အကျင့်တရားက တန်ဖိုး ရှိဦးတော့မှာလား။ သံသရာထဲမှာ ကျင်လည်ရင်းနဲ့ သင်ဟာ အကြိမ်ပေါင်း ရာထောင်မက နတ်ကညာများကို ရလည်း ရခဲ့ဖူးပြီ၊ ဆုံလည်း ဆုံခဲ့ဖူးပြီ။ သို့ဖြစ်ပါလျက်နှင့် သင် သူတို့ကို ဘာဖြစ်လို့ တွယ်တာမက်မော နေရသလဲ။

"မီးဟာ လောင်စာ ဘယ်လိုထည့်ထည့် တင်းတိမ်ရောင့်ရဲတယ်လို့ မရှိဘူး။ သမုဒ္ဒရာဟာလည်း ရေ ဘယ်လို ဝင်ဝင် တင်းတိမ်ရောင့်ရဲတယ်လို့ မရှိဘူး။ တဏှာ ရမ္မက်ရှိတဲ့ လူဟာလည်း ကာမဂုဏ်အာရုံကို ဘယ်လို ခံစား ခံစား၊ တင်းတိမ် ရောင့်ရဲတယ်လို့ မရှိဘူး။ ကာမဂုဏ် ခံစားတယ်ဆိုတာ တင်းတိမ်ရောင့်ရဲမှုကို ဖြစ်စေတတ်တဲ့ အရာမျိုး မဟုတ်ဘူး။ တင်းတိမ်ရောင့်ရဲမှု

မဖြစ်လျှင် ငြိမ်းချမ်းမှု ဘယ်မှာ ရှိမလဲ။ သို့အတွက်ကြောင့် အကယ်၍ ရွှင်လန်းမှုကို သင်လိုချင်ရင် မိမိရဲ့စိတ် ငြိမ်းချမ်းအောင်၊ အပြစ်ကင်းစင်အောင် ပြုလုပ်ပါ။ ငြိမ်းချမ်းပြီး အပြစ်ကင်းစင်တဲ့ စိတ်ရွှင်လန်းမှုနဲ့ တူတဲ့ ဘယ်ရွှင်လန်းမှုမျိုးမှ မရှိဘူး။

"စိတ်ရွှင်လန်းမှုအတွက် တူရိယာဂီတလည်း မလိုဘူး။ အပျိုကညာလည်း မလိုဘူး။ အဆင်းတန်ဆာလည်း မလိုဘူး။ ဘယ်နေရာမှာ ဖြစ်ဖြစ် စိတ်ရွှင်လန်းမှု ရရှိနိုင်တယ်။ တဏှာရှိနေသမျှ ကာလပတ်လုံး ဒုက္ခရောက်ရ လိမ့်မည်သာ ဖြစ်တယ်။ သို့အတွက်ကြောင့် အဲဒီ တဏှာကို ဖြတ်တောက်လိုက်ပါ။ ဒုက္ခနဲ့ တဏှာဟာ အတူတကွလာပြီး အတူတကွပဲ ထွက်သွားလေ့ ရှိကြတယ်။ ကာမဂုဏ် အာရုံကို ခံမင်တွယ်တာနေတဲ့ လူဟာ ပြည့်စုံကြွယ်ဝနေတဲ့ အခါမှာ သောလည်းကောင်း၊ ဆင်းရဲချို့တဲ့နေတဲ့ အခါမှာ သောလည်းကောင်း၊ နေ့အချိန်မှာ သောလည်းကောင်း ဘယ်တော့မှ ငြိမ်းချမ်းမှု မရရှိဘူး။ ကာမဂုဏ် အာရုံကို ရှာမှီးတဲ့အခါမှ ဒုက္ခတွေ့ရတယ်။ ရရှိပြန်တော့လည်း တင်းတိမ်ရောင့်ရဲမှု မဖြစ်ဘူး။ လက်လွှတ်လိုက်ရတဲ့ အခါကျတော့ သောက ရောက်ရတယ်။

"လူဟာ ခက်ခဲတဲ့ အလုပ်တွေကို လုပ်ပြီး နတ်ပြည်ကို ရောက်ရတယ်။ နတ်ပြည်ကတစ်ဖန် လူ့ပြည်ကို ပြန်လာကြရ ပြန်တယ်။ နတ်ပြည်က ပြန်ဆင်းလာတဲ့ ပုဂ္ဂိုလ်အချို့ဟာ တိရစ္ဆာန်ဘဝကို သောလည်းကောင်း၊ ပြိတ္တာဘဝကို သောလည်းကောင်း၊ ငရဲပြည်ကို သောလည်းကောင်း ရောက်ကြရပြန်တယ်။ နတ်ပြည် နတ်လောကမှာ မြင့်မြတ်တဲ့ ကာမဂုဏ် အာရုံတွေရဲ့ အရသာကို ခံစားရပြီးတဲ့နောက် နတ်ပြည်နတ်လောက က ပြန်ဆင်းလာရတဲ့အခါမှာ အတိဒုက္ခ ရောက်ကြရပြန်တယ်။ အဲဒီအခါမှာ ထို ကာမဂုဏ်အာရုံ အရသာတွေက ဘာတတ်နိုင်ကြသေးသလဲ။

"လူ့ပြည်မှာ စကြဝတေးမင်း ဖြစ်ခဲ့တဲ့ မန္ဓာတာ (မန္ဓာတု) မင်းကြီးဟာ သိကြားမင်းရဲ့ နေရာတစ်ဝက်ကိုတောင် ရခဲ့တယ်။ သို့သော်လည်း အချိန်တန်တော့ လူ့လောကကို ပြန်ဆင်းလာရတယ်။ နဟုသ မင်းဟာ နတ်ဒေဝတာတွေရဲ့ အပေါ်မှာ လွှမ်းမိုးအုပ်စိုးခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သို့သော်လည်း နတ်လောက က လျှောကျပြီး ပထဝီမြေပြင်မှာ မြွေသတ္တဝါ လာဖြစ်ရရှာတယ်။ အခုထက်ထိ မြွေဘဝက မကျွတ်လွတ်ရှာသေးဘူး။ ထိုနည်းအတိုင်းပဲ ဘုရင် ဣလိဂိလဟာ မိမိရဲ့ အကျင့်တရားကြောင့် နတ်ပြည် နတ်လောကကို ရောက်သွားတယ်။ သို့သော်လည်း နတ်လောကမှ တစ်ဖန် လျှောကျပြီး ပင်လယ် သမုဒ္ဒရာထဲမှာ လိပ်ဖြစ်သွားရ ရှာတယ်။ ဘူရိဇ္ဇုန္န၊ ယယာတိ စတဲ့ ဘုရင်တွေလည်း မိမိတို့ရဲ့ ကံကုသိုလ်တွေနဲ့ နတ်ဘဝကို ဝယ်ယူကြရတယ်။ သို့သော်လည်း ကုသိုလ်ကံ အကျိုးပေး ကုန်သွားတဲ့အခါ ကျတော့ သူတို့တစ်တွေဟာ နတ်ပြည် နတ်လောကကို စွန့်ခွာကြရတယ်။

"အသုရာတွေလည်း တစ်ခါတုန်းက နတ်ဒေဝတာများသာလျှင် ဖြစ်ခဲ့ကြတယ်။ နတ်ဒေဝတာတွေက သူတို့ရဲ့ အသရေကို ယူငင် သိမ်းပိုက်လိုက်ကြတော့မှ သူတို့ဟာ မြေအောက် လောကကို ရောက်သွားကြရခြင်း ဖြစ်တယ်။ ဘုရင်ဧကရာဇ်တွေ၊ အသုရာတွေ၊ နတ်ဒေဝတာတွေကို အသာထား၊ သိကြားမင်း အရင့်အမာကြီးတောင်မှ အကြိမ် တစ်ရာမက နတ်ပြည်က လျှောကျခဲ့ရတယ်။ သိကြားမင်းလိုပဲ ဘုန်းကံကြီးမားတဲ့

စန္ဒဝိဋ္ဋမ ဥပိန္ဒရလည်း ကုသိုလ်ကံ အပြီးသတ်သွားတဲ့ အခါကျတော့ နတ်ကညာတွေနဲ့ ပျော်ပါးနေရာက ပထဝီမြေပြင်ကို ဆင်းသက်လာရတယ်။

"လူ့ပြည်မှာ လူတွေဟာ သေခါနီးကာလမှာ အတိဒုက္ခ ရောက်ကြရတယ် မဟုတ်လား။ နတ်ပြည် နတ်လောက က စုတေကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဒုက္ခတွေကိုတော့ ပြောဖို့တောင် လိုမယ် မဟုတ်ဘူး။ သူတို့ရဲ့ အဝတ်အစားတွေဟာ မြူမှုန်အလိမ်းလိမ်း ကပ်ပြီး ညစ်နွမ်းသွားကြတယ်။ သူတို့ရဲ့ ကောင်းမွန် မြင့်မြတ်တဲ့ ပန်းကုံးများဟာလည်း နွမ်းခြောက်သွားကြတယ်။ ကိုယ်ကာယက ချွေးတွေ ထွက်လာတယ်။ နတ်ပြည် နတ်လောကမှာ နေရတာ ပျော်ရွှင်မှု ကင်းမဲ့လာတယ်။ လူ့ပြည်မှာ လူတွေ သေတော့မယ့်အခါမှာ မလိုလားအပ်တဲ့ နိမိတ် လက္ခဏာများကို တွေ့ရသလိုပဲ၊ နတ်ပြည်က စုတေခါနီးမှာလည်း အဲဒီ ပုဗ္ဗနိမိတ်များကို တွေ့လာရတယ်။

"နတ်ပြည် နတ်လောကမှာ ကာမဂုဏ် အာရုံကို ခံစားတဲ့အခါ ဖြစ်ပေါ်တဲ့ သုခထက် နတ်ပြည် နတ်လောက က စုတေတဲ့အခါမှာ ဖြစ်ပေါ်တဲ့ ဒုက္ခက သာပြီး ကြီးမားတယ်။ သို့အတွက် နတ်ပြည် နတ်လောကဟာ တကယ် စစ်စစ်တော့ ကောင်းကျိုးပေးတဲ့အရာ မဟုတ်ပေဘူး။ ယုံကြည်စိတ်ချအပ်တဲ့ အရာလည်း မဟုတ်ဘူး။ တင်းတိမ်ရောင့်ရဲမှုကိုလည်း မပေးနိုင်ဘူး။ နတ်စည်းစိမ် နတ်ချမ်းသာဆိုတာ တစ်ခဏသာ ခံတယ်။ အဲဒီလို နတ်စည်းစိမ်ချမ်းသာဟာ ထာဝရ တည်မြဲနေတာ မဟုတ်ရင် ပညာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ တစ်ခဏသာခံတဲ့ နတ်စည်းစိမ် ချမ်းသာကို ဘယ်မှာ လိုလား တောင့်တတော့မလဲ။

"ကြိုးနဲ့ ချည်ထားတဲ့ ငှက်ဟာ အဝေးကို ပျံသွားပေမယ့် တစ်ဖန် ပြန်လာရသလို အဝိဇ္ဇာကြိုးနဲ့ ချည်ထားတဲ့ ပုဂ္ဂိုလ်ဟာလည်း အဝေးကို ရောက်သွားပေမယ့် တစ်ဖန် ပြန်လာရတာပဲ။ အရာရှိရဲ့ ခွင့်ပြုချက်ဖြင့် အကျဉ်းက ခဏထွက်ပြီး အိမ်မှာ အချိန်ပိုင်းနဲ့ နေရတဲ့လူဟာ အချိန်စေ့တဲ့အခါ အကျဉ်းကိုပဲ ပြန်သွားရတယ်။ အဲဒီနည်းအတိုင်းပဲ၊ လူတို့ဟာ ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းပြီး တရားအကျင့်ကို ကျင့်ကြံခြင်းအားဖြင့် နတ်ပြည် နတ်လောကကို ရောက်သွားပေမယ့် အချိန်တန်လို့ ကုသိုလ်ကံ ကုန်သွားတဲ့အခါမှာ ပထဝီ မြေပြင်ကိုပဲ ပြန်လည် ရောက်လာကြရတယ်။

"ရေကန်ထဲမှာရှိတဲ့ ပိုက်ကွန်တွင်း ရောက်နေတဲ့ ငါးများဟာ အန္တရာယ်ကို မမြင်ဘဲ ပျော်ရွှင်ချမ်းမြေ့စွာ ကူးခတ်သွားလာနေသလို လူ့ပြည်ကနေပြီး နတ်ပြည် နတ်လောကကို မျှော်မှန်းနေတဲ့ လူတွေဟာ နတ်စည်းစိမ် နတ်ချမ်းသာကို အနိစ္စလို့ မမြင်ဘဲ ထာဝရ တည်မြဲနေမယ့် အရာလို့ မြင်နေကြတယ်။ နတ်ပြည်၊ လူ့ပြည်၊ ငရဲပြည်တို့ဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သဘောတရားတွေ ဝိုင်းရံနေကြတယ်။ သို့အတွက်ကြောင့် ဇရာ၊ မရဏ၊ သောက ကင်းဝေးတဲ့ အမြိုက်ချမ်းသာကို ရရှိဖို့ရန် အတွက်သာလျှင် မြတ်သော အကျင့်ကို ကျင့်ကြံအားထုတ် စေချင်ပါတယ်။ ထာဝစဉ် တည်မြဲနေမည် မဟုတ်တဲ့ နတ်စည်းစိမ် ချမ်းသာကို လိုလားတောင့်တ မနေပါနှင့်တော့ ..."

## ယုံကြည် သဒ္ဓါ

နတ်ကညာကို ရလိုသည့်အတွက် အကျင့်ကို ကျင့်ကြံအားထုတ် နေသလောဟု အာနန္ဒာ၏ အပြောကို ခံရသဖြင့် နန္ဒသည် အကြီးအကျယ် အရှက်ရသွားသည်။ အရှက်ရသွားသည် ဖြစ်သောကြောင့် ရွှင်ရွှင်ပျပျ မရှိတော့ပေ။ ရွှင်ရွှင်ပျပျ မရှိသောကြောင့် အကျင့်တရားတွင် စိတ်မဝင်စားတော့ပေ။

နန္ဒသည် ပထမက အမှန်ကို မြင်နိုင်စွမ်း မရှိသည်ဖြစ်၍ နတ်ချမ်းသာကို နိစ္စ ဓူဝဟု ထင်မှတ်မှားခဲ့သည်။ သို့ရာတွင် ယခုအချိန်၌ကား အာနန္ဒာထံမှ နတ်ချမ်းသာ၏ အမြဲမတည်ပုံကို ကြားသိရသည်ဖြစ်၍ အလွန်တရာ သတိသံဝေဂ ရသွားသည်။ သူ၏ မျှော်မှန်းချက် မြင်းများသည် နတ်ပြည် နတ်လောကမှ ပြန်လည်ဆုတ်ခွာ လာကြသည်။ သတိတရားကို လက်ကိုင်ထားသည့် ရထားထိန်း၏ ရထားသည် လမ်းဆိုး လမ်းညံ့မှ ပြန်ဆုတ်လာသကဲ့သို့ ဖြစ်သည်။

နတ်ချမ်းသာကို တမ်းတသည့် အာသာဆန္ဒ ပျောက်ပျက်သွားသဖြင့် နန္ဒသည် ရှောင်တခင် ရှင်လန်းကျန်းမာ သလိုလို ဖြစ်လာသည်။ အသက်ရှင်လိုသည့် ဝေဒနာသည် သည် အရသာရှိသည့် ကြေညက်ခဲသော အစားအသောက်များကို ရှောင်ကြဉ်သဖြင့် ကျန်းမာလာသကဲ့သို့ ဖြစ်သည်။ နတ်ကညာတို့ကို တွေ့ရသည့်အခါ မိမိ၏ ကြင်ဖက်ဇနီးကို မေ့သွားသကဲ့သို့ နတ်ချမ်းသာ၏ အနိစ္စဖြစ်ပုံကို တွေ့ရသည့်အခါ စိတ် ဇဝေဇဝါဖြစ်သွားပြီး နန္ဒသည် နတ်ကညာတို့ကိုလည်း မေ့ပစ်လိုက်သည်။

တကယ့်တကယ် ပုဂ္ဂိုလ် အရင့်အမာကြီးများသော်မှ ဤလောကသို့ တစ်ဖန် ပြန်လာ ကြရပေးသေးသည်ဟု တွေးပြီး နန္ဒသည် သတိ သံဝေဂ ဖြစ်လာသောကြောင့် ကာမ ရာဂ လျော့နည်းသွားသည်။ နိစ္စဖြစ်သော သုခနှင့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို ဘယ်လိုလုပ် ရရှိနိုင်မည်နည်း။ အမြဲမရှိသော ဤဘဝမှ ဘယ်ပုံဘယ်နည်း လွတ်မြောက်မည်နည်း။ ယင်း ပြဿနာသည် သူ့ရှေ့မှောက်တွင် ပေါ်လာသည်။ နန္ဒသည် ထိုပြဿနာကို မဖြေရှင်းနိုင်သဖြင့်

ရှင်တော်ဗုဒ္ဓ၏ အထံသို့ သွားသည်။ ရှင်တော်ဗုဒ္ဓထံ ရောက်သောအခါ ရှိခိုး ကန်တော့ လိုက်သည်။ သူ၏ မျက်လုံးထဲတွင် မျက်ရည် ရစ်ဝဲလာသည်။ လက်အုပ်ချီပြီးလျှင် ရှက်လွန်းသဖြင့် မျက်နှာကို အောက်ချလျက် လျှောက်ထား ပြောပြသည်။

"အရှင်ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်ကို နတ်ကညာ ရစေမယ်လို့ ကတိပေးထားသူ ဖြစ်ပါတယ်။ အခု တပည့်နော် နတ်ကညာကို အလို မရှိတော့ပါဘူး။ နတ်ပြည် နတ်လောက ကလည်း ပြန်လည်ဆင်းသက် လာရတတ်တယ် ဆိုတဲ့ အကြောင်းကို ဆန်းကြယ်လှတဲ့ သံသရာတွင်း ကျင်လည် ရပုံ အကြောင်းကို ကြားရတဲ့အတွက် လူ့ပြည်မှာပဲ ဖြစ်ဖြစ်၊ နတ်ပြည်မှာပဲ ဖြစ်ဖြစ် ဘယ်နေရာ ဘယ်ဌာနမှာမှ နေလိုတဲ့ စိတ်ဆန္ဒ မရှိတော့ပါ။

"က္ကန္ဒေကို ထိန်းချုပ်ပြီး ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်းအားဖြင့် နတ်ပြည် နတ်လောကကို ရောက်ရှိသူများဟာ ထိုနတ်ပြည် နတ်လောက က မတင်းတိမ် မရောင့်ရဲဘဲနှင့် ပြန်လည်လျောကျ သက်ဆင်းလာရတယ် ဆိုရင် အဲဒီ တစ်ခဏအတွင်း ပျက်စီးခြင်း သဘောရှိတဲ့ နတ်ပြည် နတ်လောကကို တပည့်တော် ကန်တော့လိုက်ပါတယ်။

"ယင်းကဲ့သို့ တစ်လောကလုံးရဲ့ အကြောင်းကို သိရသည်ဖြစ်၍ တပည့်တော်ဟာ ဆင်းရဲဒုက္ခ ဟူသမျှကို ကုန်ဆုံး ချုပ်ငြိမ်းအောင် ပြုလုပ်တဲ့ အရှင်ဘုရားရဲ့ တရားဓမ္မကိုပဲ နှစ်သက်လိုလားခြင်း ဖြစ်မိပါတော့တယ်။ သို့ဖြစ်၍ ငြိမ်းချမ်းမှု အစစ်အမှန်ကို ရရှိစေမည့် တရားဓမ္မကိုသာ တပည့်တော်အား အကျယ်ဝိတ္ထာရအားဖြင့် လည်းကောင်း၊ အကျဉ်း သင်္ခေပအားဖြင့် လည်းကောင်း ညွှန်ကြား ဟောပြတော်မူပါ အရှင်ဘုရား"

နန္ဒ၏ ဆိုလိုရင်းကို သိရသည့်အခါ ရှင်တော် ဗုဒ္ဓက ဤသို့ ပြန်ကြား မိန့်တော်မူသည်။

"ကောင်းပေစွ၊ ကောင်းပေစွ။ သင်၏ အသိဉာဏ်သည် သင့် ကောင်းကျိုး ချမ်းသာ၏ ရှေ့သွားဖြစ်တယ်။ မီးခတ်ကျောက်ကို ခြစ်လိုက်ခြင်းအားဖြင့် ပေါ်ထွက်လာတဲ့ အခိုးဟာ မီးရဲ့ နေရှေ့သွား ဖြစ်သလိုပဲ လျှပ်ပေါ်လော်လည်တဲ့ က္ကန္ဒေတည်းဟူသော မြင်းကြောင့် သင်ဟာ အချိန်ကာလ ကြာမြင့်စွာ လမ်းဆိုး လမ်းမှားပေါ်မှာ သွားနေခဲ့တယ်။ သို့သော်လည်း အခု ကံကောင်း ထောက်မတဲ့အတွက် မှန်သောအမြင်၊ မှန်သော အသိကြောင့် သင်ဟာ လမ်းကောင်း လမ်းမှန်ပေါ် ရောက်လာပြီ။

"ယနေ့ သင့်ဘဝဟာ အောင်မြင်မှု ရရှိပြီ။ ယနေ့ သင် ထူးကဲတဲ့ လာဘ်လာဘကို ရရှိပြီ။ ကာမဂုဏ် အရသာကို ခံစားတဲ့ သင့်စိတ်နှလုံးဟာ ယနေ့ ကာမဂုဏ် အာရုံကို ခုံမင် တွယ်တာမှု ကင်းသွားလေပြီ။ ကာမဂုဏ် စည်းစိမ် အရသာကို ခံစားနေကြတဲ့ ဒီလောကကြီးမှာ ကာမဂုဏ် အာရုံနှင့် ကင်းကင်းရှင်းရှင်း နေနိုင်ခြင်းဟာ ဒုလ္လဘ တစ်ခုဖြစ်တယ်။ ဒုက္ခနှင့် မတွေ့ရန် လည်းကောင်း၊ သုခနှင့် တွေ့ရန် လည်းကောင်း လူတို့ဟာ ကြိုးပမ်း အားထုတ်ကြတယ်။ သို့သော်လည်း ဒုက္ခချုပ်ငြိမ်းခြင်းသာလျှင် သုခဖြစ်တယ် ဆိုတဲ့ အကြောင်းကို နားမလည်ကြဘူး။ အနိစ္စနှင့် ဒုက္ခကို ဖြစ်စေတတ်တဲ့

ရန်သူနှင့် တူတဲ့ ကာမဂုဏ် အာရုံတွေမှာ ကမ္ဘာလောကဟာ အမြဲမပြတ် ကပ်ငြိနေတယ်။ မပျက်စီး မယိုယွင်း တတ်တဲ့ သုခကိုတော့ မသိကြဘူး။

“အဆိပ်ကို သောက်ပြီးတဲ့နောက် အချိန်မီ အဆိပ်ဖြေဆေးကို သင် သောက်ချင်နေတယ် မဟုတ်လား။ ဆင်းရဲ ဒုက္ခ ဟူသမျှကို ဖယ်ရှား ဖျောက်ဖျက်ပစ်မယ့် အဲဒီ အမြိုက်ဆေးဟာ သင့်လက်ထဲမှာပဲ ရှိနေတယ်။

“တဏှာ ရာဂကြောင့် လျှပ်ပေါ်လော်လည်တဲ့ လူဟာ တည်ငြိမ် ဣန္ဒြေရဖို့ မလွယ်ကူဘူး။ ရေငတ်မွတ်နေတဲ့ လူဟာ နောက်ကျိနေတဲ့ ရေကိုပဲ ဖြစ်ဖြစ် မြင်တွေ့ရလျှင် ဣန္ဒြေဆောင်နိုင်ဖို့ရန် ခဲယဉ်းလှသလိုပဲ သင်ရဲ့ အသိဉာဏ်ဟာ ကိလေသာမြူမှုန်များ ဖုံးအုပ်နေခဲ့တယ်။ လေမုန်တိုင်းကြောင့် ထလာတဲ့ မြူမှုန်တွေ ကြားထဲမှာ နေမင်းရဲ့အရောင် ဖုံးကွယ်နေသလိုပဲ။ ပွင့်လင်းလာပြီဖြစ်တဲ့ သင်ရဲ့ အခု အသိဉာဏ်ကတော့ သင့်နှလုံးထဲမှာ ရှိတဲ့ အဝိဇ္ဇာအမှောင်ကို ဖျက်ဆီးပစ်လိမ့်မယ်။ မြင့်မိုရ်တောင်ထိပ်က ထွက်ပြူလာတဲ့ နေမင်းရဲ့ ရောင်ခြည်ဟာ အရပ်ထက်ဝန်းကျင်မှာ ပျံ့နှံ့ပြီး ညဥ့်အမှောင်ကို ဖယ်ရှားဖျောက်ဖျက် ပစ်လိုက်သလို ဖြစ်တယ်။

“ယနေ့ တရားဓမ္မ အပေါ်မှာ သင် သက်ဝင်ယုံကြည်လာခြင်းဟာ အင်မတန်မှ သင့်လျော်ကောင်းမြတ် လှပေတယ်။ တရားဓမ္မကို လိုလားတဲ့ သင့် အလိုဆန္ဒကို တိုးပွားအောင် ပြုလုပ်လော့။ အကြောင်းမူကား အရာဝတ္ထု ဟူသမျှရဲ့ မူလ အကြောင်းဟာ အလိုဆန္ဒသာလျှင် ဖြစ်ပေတယ်။ လူတို့ဟာ သွားလိုတဲ့ဆန္ဒ ဖြစ်ပေါ်လာရင် သွားကြတယ်။ အိပ်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာရင် အိပ်ကြတယ်။ ရပ်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာရင် ရပ်ကြတယ်။ ပထဝီ မြေကြီးထဲမှာ ရေရှိတယ်လို့ ယုံကြည်တဲ့လူဟာ ရေအသုံးလိုတဲ့အခါ မြေကြီးကို တူးတယ်။ မီး အသုံးမလိုလျှင် လည်းကောင်း၊ မီးခတ်ကျောက်အတွင်းမှာ မီးရှိတယ်လို့ မယုံကြည်လျှင် လည်းကောင်း ဘယ်သူမှ မီးခတ်ကျောက်ကို ခြစ်မှာ မဟုတ်ဘူး။ အသုံးလည်းလို၊ ယုံလည်း ယုံကြည်တဲ့အတွက် မီးခတ်ကျောက်ကို ခြစ်ကြခြင်း ဖြစ်တယ်။ မြေကြီးက စပါးဖြစ်တယ်လို့ မယုံကြည်လျှင် လည်းကောင်း၊ ဆန်စပါးကို အလိုမရှိလျှင် လည်းကောင်း လယ်သမားဟာ မြေကြီးမှာ စပါး စိုက်ပျိုးမှာ မဟုတ်ဘူး။

“လက်ဟာ ပေးကမ်းခြင်းကို ခံယူသကဲ့သို့ ယုံကြည်ခြင်း သဒ္ဓါတရားဟာလည်း တရားကောင်း တရားမှန်ကို ခံယူတယ်။ သို့အတွက် ယုံကြည်ခြင်း သဒ္ဓါတရားကို အထူးအားဖြင့် လက်လို့ ငါ ပြောပြခြင်း ဖြစ်တယ်။ သဒ္ဓါတည်းဟူသော လက်ဖြင့်သာ တရားဓမ္မကို ခံယူကြခြင်း ဖြစ်တယ်။ တရားဓမ္မ ဖြစ်ပေါ်ရာမှာ သဒ္ဓါတရားဟာ အရေးကြီးတဲ့ အကြောင်း ဖြစ်တယ်။ သို့ဖြစ်၍ အဲဒီ သဒ္ဓါ အညွန့်အညှောက်ကို စည်ပင် တိုးတက်အောင် ပြုလုပ်ရလိမ့်မယ်။ အကြောင်းမူကား သဒ္ဓါ အညွန့်အညှောက် စည်ပင် တိုးတက်လာလျှင် တရားဓမ္မဟာလည်း စည်ပင်တိုးတက် လာလိမ့်မယ်။ အမြစ် စည်ပင် တိုးတက်လာခြင်းကြောင့် ပင်စည် တိုးတက်စည်ပင် လာသကဲ့သို့ ဖြစ်တယ်။

“အကြင်သူရဲ့ အမြင်ဟာ တည်ငြိမ်မှု မရှိ။ အကြင်သူရဲ့ ဆုံးဖြတ်ချက်ဟာ ခိုင်မြဲမှု မရှိ။ ထိုသူရဲ့ လျှပ်ပေါ်တဲ့ သဒ္ဓါတရားဟာလည်း အောင်မြင်မှု ရရှိမှာ မဟုတ်ဘူး။ တရားဓမ္မ အမှန်ကို မသိမချင်း၊ မကြားမချင်း ထိုသူရဲ့ သဒ္ဓါတရားဟာ ခိုင်မြဲတည်တံ့မှာ မဟုတ်ဘူး။ ထိန်းချုပ်နိုင်ကွပ်မှုအားဖြင့်

ဏ္ဍနေ့တို့ကို အနိုင်ရရှိထားပြီး တရားဓမ္မ အမှန်ကို သိမြင်ထားတဲ့ ပုဂ္ဂိုလ်ရဲ့ သဒ္ဓါတည်းဟူသော သစ်ပင်ကသာလျှင် အသီးနှင့်အရိပ်ကို ပေးလိမ့်မယ်”

## အကျင့် သီလ

သဒ္ဓါတရားနှင့် စပ်လျဉ်း၍ ဗုဒ္ဓထံမှ ညွှန်ကြားပြောပြချက်ကို ကြားသိရ၍ နန္ဒသည် အထူးပင် ရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်မိသည်။ မိမိ၏ ရည်မှန်းချက် ပြည့်ဝသွားသလိုလို အောက်မေ့နေမိသည်။ ဗုဒ္ဓသည် ပုဂ္ဂိုလ်ပေါင်းများစွာအား နူးညံ့သိမ်မွေ့သော စကားဖြင့် လည်းကောင်း၊ ပုဂ္ဂိုလ်ပေါင်းများစွာအား ခက်ထန်ကြမ်းကြုတ်သော စကားဖြင့် လည်းကောင်း၊ ပုဂ္ဂိုလ်ပေါင်းများစွာအား နှစ်မျိုးနှစ်လမ်း အားဖြင့် လည်းကောင်း ဆိုဆုံးမတော်မူသည်။

မြေကြီးမှဖြစ်သော ရွှေသည် ညစ်ကြေးကင်းစင်ပြီး မြေမှုန်များထဲတွင် နေရစေကာမူ မြေမှုန် လိမ်းကပ်ခြင်း မရှိသကဲ့သို့ လည်းကောင်း၊ ရေထဲ၌ ဖြစ်ပေါ်ပြီး ရေထဲ၌ပင် နေရသော ကြာရွက်သည် အရွက်၏ အထက်နှင့် အောက်၌ ရေလိမ်းကပ်ခြင်း မရှိသကဲ့သို့ လည်းကောင်း ထိုနည်းတူစွာပင် လောကထဲတွင် ပေါ်ပေါက်လာပြီး လောကအား ကယ်တင်တော်မူသော ဗုဒ္ဓသည် မိမိ၏ မြင့်မြတ်မှု၊ သန့်ရှင်းစင်ကြယ်မှုတို့ကြောင့် လောကီတရားတို့ဖြင့် ကပ်ငြိလိမ်းကျံခြင်း မရှိပေ။

ဗုဒ္ဓသည် နန္ဒအား ချွတ်လျှင် ကျွတ်မည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သိရှိတော်မူ၍ တရားစကား ညွှန်ကြား ပြေပြတော်မူသည်။

“ယနေ့မှ အစပြုပြီး သင်နန္ဒသည် သဒ္ဓါတရားကို လက်ကိုင်ထားပြီးလျှင် အမြိုက်နိဗ္ဗာန်ကို ရရှိရန်အတွက် အကျင့်သီလကို ထိန်းသိမ်းစောင့်ရှောက်ပါလော့။ သင်၏ ကိုယ်နှင့်နှုတ်ကို စင်ကြယ်အောင် ပြုလုပ်ပြီးလျှင် အပြစ်ကင်းစင်အောင် နေပါလော့။ အကျင့်သီလ ပျက်စီးသွားလျှင် ရဟန်းလည်း မမည်တော့ပေ။ လူဝတ်ကြောင်လည်း မဟုတ်တော့ပေ။ သို့ဖြစ်၍ မြင့်မြတ်တဲ့ ဗြဟ္မစရိယအကျင့်ကို ကျင့်ကြံ အားထုတ်ပါလော့။ နူးညံ့သိမ်မွေ့တဲ့ အသေးအဖွဲ အပြစ်ကလေးများကို ဖြစ်စေ ထိန်လန့်ကြောက်ရွံ့ပြီး မိမိ၏အကျင့်ကို ခိုင်မြဲတည်တံ့အောင် ပြုလုပ်ပါလော့။ သီလ၏ အကူအညီနှင့် ပြုလုပ်လျှင် မြင့်မြတ်တဲ့ ဘယ်လို ကိစ္စမျိုးမဆို ပြည့်ဝ အောင်မြင်နိုင်တယ်။ ပထဝီမြေကြီး၏ အကူအညီဖြင့် ပြုလုပ်အပ်တဲ့အတွက် မတ်တတ်ရပ်ခြင်း စတဲ့ အလုပ်ကိစ္စများ ပြီးစီး အောင်မြင်သကဲ့သို့ ဖြစ်တယ်။

နိဗ္ဗာန်၏ အခြေခံက ရာဂကင်းကွာမှု ဖြစ်တယ်။ ရာဂကင်းကွာမှု၏ အခြေခံက ကောင်းသော အသိဉာဏ် ဖြစ်တယ်။ ကောင်းသောအသိဉာဏ်၏ အခြေခံက သမာဓိ ဖြစ်တယ်။ သမာဓိ၏ အခြေခံက ကာယိကသုခနှင့် မနသိကသုခ ဖြစ်တယ်။ ကာယိကသုခနှင့် မနသိကသုခ၏ အခြေခံက ငြိမ်းချမ်းမှု ဖြစ်တယ်။ ငြိမ်းချမ်းမှု၏ အခြေခံက ပီတိဖြစ်တယ်။ ပီတိ၏ အခြေခံက စိတ်ရွှင်လန်းမှု ဖြစ်တယ်။ စိတ်ရွှင်လန်းမှု၏ အခြေခံက မကောင်းမှုကြောင့် ဖြစ်ပေါ်သည့် စိတ်ညစ်ညူးမှု ကင်းခြင်း ဖြစ်တယ်။ စိတ်ညစ်ညူးမှု ကင်းခြင်း၏ အခြေခံက စင်ကြယ်တဲ့ အကျင့်သီလ ဖြစ်တယ်။ သို့အတွက် အကျင့်သီလကို စင်ကြယ်အောင် ပြုလုပ်ပါလော့။

“သီလဆိုတာ အားထားမှီခိုရာ ဖြစ်တယ်။ တောကြီးမျက်မည်းအတွင်းက လမ်းညွှန် လမ်းပြနှင့် ပမာတူတယ်။ အဆွေခင်ပွန်း ဖြစ်တယ်။ အဆွေအမျိုး ဖြစ်တယ်။ အစောင့်အရှောက် ဖြစ်တယ်။ ဥစ္စာနှင့် ခွန်အား ဖြစ်တယ်။ သို့အတွက်ကြောင့် သီလကို စင်ကြယ်အောင် ပြုလုပ်သင့်တယ်။ နိဗ္ဗာန် ရရှိရေးအတွက် ကြိုးပမ်းကြသူ ယောဂီပုဂ္ဂိုလ်များအတွက် သီလသည် တစ်ခုတည်းသော မှီခိုအားထားရာ ဖြစ်ပေတယ်။ သို့ဖြစ်၍ သင် နန္ဒသည် သတိတရားကို တည်တံ့ခိုင်မြဲအောင် ထားပြီးလျှင် သဘာဝအားဖြင့် လျှပ်ပေါ်လော်လည်တဲ့ ဣန္ဒြေများ၊ ကာမဂုဏ် အာရုံများဆီ ရောက်မသွားအောင် ကွပ်ကဲ ထိန်းချုပ် ထားသင့်ပေတယ်။

"မီးရန်၊ မြွေရန်၊ မိုးကြိုးရန်ကို မိမိအား အခါခပ်သိမ်း ရန်ပြုနေတဲ့ ဣန္ဒြေများလောက် မကြောက်သင့်ဘူး။ မီး စတဲ့ ရန်သူများကြောင့်မူ လူခပ်သိမ်းပင် အခါခပ်သိမ်း ဒုက္ခ တွေ့နေကြရတယ်။ ရန်သူများ သတ်ဖြတ်တဲ့အတွက် လူများဟာ ငရဲကို ရောက်မသွားနိုင်ဘူး။ သို့သော်လည်း လျှပ်ပေါ်လော်လည်တဲ့ ဣန္ဒြေများရဲ့ သတ်ဖြတ်ခြင်းကို ခံရလျှင်မူ လူတို့ဟာ ငရဲရောက်ကြရတယ်။ ဣန္ဒြေများ ငြိမ်သက်နေလျှင် ရန်သူများအား ချုပ်နှောင် နှိပ်ကွပ်ထားသည့် အခါ၌ကဲ့သို့ ဘယ်နေရာမှာမဆို ကြောင့်ကြခြင်း မရှိဘဲ စိတ်ချမ်းသာစွာ နေနိုင် အိပ်နိုင်တယ်။

"ဣန္ဒြေများဟာ ကာမဂုဏ် အာရုံကို ဘယ်လောက် ခံစား ခံစား တင်းတိမ်ရောင့်ရဲခြင်း မဖြစ်ကြဘူး။ ပင်လယ် သမုဒ္ဒရာဟာ ရေများ အစဉ်မပြတ် ပြည့်လျှံနေသော်လည်း တင်းတိမ်ရောင့်ရဲခြင်း မဖြစ်သကဲ့သို့ ဖြစ်တယ်။ မျက်စိဖြင့် ရူပါရုံကို တွေ့လျှင် ယင်းရူပါရုံ၏ ပထဝီ စတဲ့ ဓာတ်သဘောလောက် ကိုသာလျှင် သတိပြုသင့်တယ်။ မိန်းမ ယောကျ်ား ဟူ၍ ဆင်ခြင်တွေးတောခြင်း မပြုသင့်ပေဘူး။ အကယ်၍ မိန်းမ ယောကျ်ား ဟူ၍ ဆင်ခြင်တွေးတောခြင်း ပြုလျှင်လည်း ဆံပင်၊ သွား စသည်မှာ ရှိတဲ့ အလှကို သတိမပြုသင့် ပေဘူး။ ထိုရူပါရုံမှ မည်သည့် အရာကိုမျှလည်း မနှုတ်သင့်ပေဘူး။ ထိုရူပါရုံကို ရှိရင်းစွဲ ပကတိအတိုင်း တိကျမှန်ကန်စွာ ကြည့်ရှုသင့်ပေတယ်။

"အကယ်၍ သင်ဟာ ဣန္ဒြေတို့ရဲ့ ကျက်စားရာ အာရုံတွေမှာ ယင်းကဲ့သို့သော အမှန်တရားကို အခါခပ်သိမ်း ရှုမြင်နေရမည် ဆိုပါလျှင် လောဘနှင့် ဒေါသတရားများ သင့်စိတ်နှလုံးထဲတွင် ဝင်ရောက် ခြေချနိုင်ကြလိမ့်မည် မဟုတ်ပေ။ အာရုံနှင့် နီးနီးကပ်ကပ် နေရစေကာမူ ဣန္ဒြေတို့ဟာ ထိုအာရုံ၌ ငြိကပ်တွယ်တာခြင်း မဖြစ်နိုင်ပေဘူး။ မီးစနှင့် လေ နှစ်မျိုးလုံး ဆုံမှ မီးတောက်နိုင်သလို အာရုံနှင့် အတွေး နှစ်မျိုးလုံးရှိမှ ကိလေသာမီး တောက်လောင် လာနိုင်တယ်။

"အာရုံကို မမှန် မကန် တွေးတော ကြံဆမှုကြောင့် လူတို့ဟာ အနှောင်အဖွဲ့ ခံကြရခြင်း ဖြစ်တယ်။ ထိုအာရုံကိုပင် တိကျမှန်ကန်စွာ မြင်လျှင် အနှောင်အဖွဲ့မှ လွတ်ကင်းနိုင်တယ်။ ရူပါရုံ တစ်ခုတည်းကိုပဲ ကြည့်ပြီး အချို့က တပ်မက်စွဲလမ်းကြတယ်။ အချို့က အပြစ်မြင်ကြတယ်။ အချို့ကတော့ ဘာမှ ထူးခြားခြင်း မဖြစ်ကြဘူး။ အချို့က ရွံမုန်းကြတယ်။ သို့အတွက်ကြောင့် နှောင်ဖွဲ့ခြင်းနှင့် လွတ်မြောက်ခြင်း၏ အကြောင်းဟာ အာရုံ မဟုတ်ပေဘူး။ အာရုံ၌ တွယ်တာကပ်ငြိမှု ဖြစ်ခြင်း မဖြစ်ခြင်းဟာ တွေးတော ကြံဆမှုကြောင့်သာ ဖြစ်ပေတယ်။

"သို့ဖြစ်၍ အထူးကြိုးစား၍ ဣန္ဒြေတို့ကို ထိန်းသိမ်း သင့်ပေတယ်။ ဣန္ဒြေတို့ကို မထိန်းသိမ်းလျှင် ဒုက္ခ တွေ့ကြုံရတတ်တယ်။ ဣန္ဒြေတို့ကို ထိန်းသိမ်း နှိပ်ကွပ်ရေးနှင့် ပတ်သက်ပြီး သင်ဟာ တစ်ခဏမျှပင် သတိလက်လွှတ် မပြုလုပ်သင့်ဘူး ..."

## သတိတရား

ဗုဒ္ဓက နန္ဒအား ဆက်လက်၍ မိန့်တော်မူပြန်သည်။

"သတိတည်းဟူသော တံခါးဖြင့် ဣန္ဒြေ တည်းဟူသော တာတမံကို ပိတ်ပြီးလျှင် အသိဉာဏ်ပညာနှင့် ကျန်းမာမှုအတွက် အစာအာဟာရ၏ အတိုင်းအရှည် ပမာဏကို ချင့်ချိန်ပါလော့။ အစာအာဟာရကို လွန်လွန်ကဲကဲ မှီဝဲလျှင် ပျင်းရိခြင်းနှင့် ငိုက်မျဉ်းခြင်းကို ဖြစ်ပေါ်စေတတ်တယ်။ လုံ့လ ဝီရိယကိုလည်း သေကျေ ပျက်စီးစေတတ်တယ်။ အစာ အာဟာရကို လွန်လွန်ကဲကဲ မှီဝဲလျှင် အကျိုးမဲ့ ဖြစ်စေတတ်သကဲ့သို့ အနည်းအကျဉ်းမျှသာ မှီဝဲလျှင်လည်း ကောင်းကျိုး မဖြစ်နိုင်ပေဘူး။ အစာ အာဟာရကို အနည်းအကျဉ်းမျှသာ မှီဝဲလျှင် ကိုယ်ကာယ၏ ပြည့်ဖြိုးသန်စွမ်းမှု၊ အရောင်အဆင်း၊ လုံ့လ ဥဿာဟများ ပျက်စီးဆုံးပါး သွားတတ်တယ်။

"ချိန်ခွင်ဟာ အချိန်လေးလျှင် အောက်ကျပြီး အချိန်ပေါ့လျှင် အပေါ်ထောင်တက်တယ်။ အလေးချိန် မျှလျှင်မူ အောက်လည်းမကျ၊ အပေါ်လည်း မတက် တညီတညာတည်း ဖြစ်နေတယ်။ ထိုနည်းအတိုင်းပဲ အစာ အာဟာရကို များများ မှီဝဲလျှင် လေးလံပြီး နည်းနည်း မှီဝဲလျှင်မူ ကြံ့လှီတတ်တယ်။ မျှမျှတတ မှီဝဲပါမှ ကျေးဇူးဖြစ်ထွန်းတယ်။ ထို့ကြောင့် ချင့်ချိန် တိုင်းထွာပြီး အစာ အာဟာရကို မှီဝဲသုံးဆောင် သင့်တယ်။ စိတ်အလို လိုက်ပြီး လွန်လွန်ကဲကဲလည်း မမှီဝဲသင့်ဘူး။ အနည်းအကျဉ်းလည်း မမှီဝဲသင့်ဘူး … ။

"ကိုယ်ကာယ၏ မီးဟာ အစာအာဟာရ ဝန် ပိသွားလျှင် ငြိမ်းသွားတတ်တယ်။ သေးငယ်တဲ့ မီးစဟာ လောင်စာများ အဆမတန် ဖုံးဖိခြင်း ခံရလျှင် ငြိမ်သွားတတ်သကဲ့သို့ ဖြစ်ပေတယ်။ အစာ အာဟာရကို လုံးလုံး စွန့်ပယ်လိုက်လျှင်လည်း မသင့်လျော်ပေဘူး။ အကြောင်းမူကား အစာ အာဟာရကို မမှီဝဲ မသုံးဆောင်တဲ့ ပုဂ္ဂိုလ်ဟာ လောင်စာမရှိတဲ့ မီးလို ငြိမ်းသွားတတ်တယ်။ အစာ အာဟာရနှင့် ကင်းကွာပြီး ဘယ် သက်ရှိသတ္တဝါမှ အသက်ရှည် မနေနိုင်ဘူး။

"အနာဒဏ်ရာ ရရှိတဲ့ ပုဂ္ဂိုလ်ဟာ အနာဒဏ်ရာ ပျောက်ကင်းစေရန် အတွက် ဆေးလိမ်းသကဲ့သို့ ထိုနည်းတူစွာ လွတ်ငြိမ်းမှုကို လိုလားတဲ့ ပုဂ္ဂိုလ်ဟာ ဆာလောင် မွတ်သိပ်ခြင်းကို ကင်းပျောက် စေရန်အတွက် အစာ အာဟာရကို မှီဝဲသုံးဆောင် သင့်တယ်။ ဝန်ကို ဆောင်နိုင်ရန်အတွက် ယာဉ်ရထား၏ ဝင်ရိုးမှာ သားရေတပ်ထားသကဲ့သို့ ထိုနည်းတူစွာ ပညာရှိ ပုဂ္ဂိုလ်ဟာ ဘဝခရီးကို လျှောက်သွားရန်အတွက် အစာ အာဟာရကို မှီဝဲသုံးဆောင် သင့်တယ်။

ခရီးသည် ဖနီးမောင်နံ့ဟာ သံကဿရကို ဖြတ်ကျော် သွားနိုင်ရန်အတွက် စိတ်လက် မချမ်းမသာဖြင့် မိမိ သားငယ်၏ အသားကို စားသောက်ရသကဲ့သို့ ထိုနည်းတူစွာ သဘောထားပြီးလျှင် အစာ အာဟာရကို မှီဝဲသုံးဆောင် သင့်ပေတယ်။ ကိုယ်ကာယ တည်တံ့ ခိုင်မြဲစေရန် အတွက်သာလျှင် အစာ အာဟာရကို မှီဝဲ သုံးဆောင်သင့်တယ်။ ယိမ်းယိုင်နေတဲ့ အိမ်ကို ကာကွယ်ရန် အတွက် ထိုအိမ်၌ ကျားကန်ပေးသကဲ့သို့ သဘောထားသင့်ပေတယ်။

"လူများဟာ လေ့ကို ချစ်မြတ်နိုးတဲ့အတွက် မဟုတ်ဘဲ ရေပြင်ကို ဖြတ်ကူးရန် ဟူသော ရည်ရွယ်ချက်နှင့်သာ ကြိုးစားပမ်းစား ပြုလုပ်သကဲ့သို့ ပညာရှိ ပုဂ္ဂိုလ်များလည်း ကိုယ်ကာယကို ချစ်ခင်မြတ်နိုးတဲ့ စိတ်နှင့် မဟုတ်ဘဲ ဒုက္ခတည်းဟူသော ရေပြင်ကို ကူးမြောက်ကျော်လွှန်ရန် ဟူသော ရည်ရွယ်ချက်ဖြင့်သာ အစာ အာဟာရ စတဲ့ လိုအပ်တဲ့ အရာဝတ္ထုများဖြင့် တည်တံ့နေအောင် ပြုလုပ်ကြတယ်။

"ရန်သူက ခြိမ်းခြောက်တဲ့အတွက် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ဟာ ရတနာ စတဲ့ ပစ္စည်းများကို ရန်သူအား ပေးအပ်ရတဲ့အခါမှာ ကြည်ညိုလေးစားတဲ့ အတွက်ကြောင့်လည်း ပေးတာ မဟုတ်ဘူး။ မိမိ အလိုဆန္ဒအလျောက် ပေးတာလည်း မဟုတ်ဘူး။ အသက်ကို ကာကွယ်ရန် အတွက်သာလျှင် စိတ်မချမ်းမသာဖြင့် ပေးအပ်ခြင်း ဖြစ်တယ်။ ထိုနည်းတူစွာ ယောဂီပုဂ္ဂိုလ်ဟာ မိမိ၏ ကိုယ်ကာယအား အစာအာဟာရ ပေးတဲ့အခါမှာ တပ်မက် ခင်တွယ်တဲ့ အတွက်ကြောင့်လည်း မဟုတ်ဘူး။ ချစ်ခင်မြတ်နိုးတဲ့ အတွက်ကြောင့်လည်း မဟုတ်ဘူး။ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရန် အလို့ငှာသာလျှင် ပေးခြင်းဖြစ်တယ်။

"နေ့အခါ၌ စိတ်နှလုံးကို နှိပ်ကွပ် ချုပ်တည်းပါ။ ညဉ့်အခါ၌လည်း အိပ်ငိုက် မျဉ်းခြင်းကို ဖယ်ရှားပြီးလျှင် တရားဘာဝနာကို ကျင့်ကြံအားထုတ်ပါ။ သတိရှိပါလျက်နှင့် သင်၏ စိတ်နှလုံးထဲတွင် အကယ်၍ ငိုက်မျဉ်းခြင်း ပေါ်ပေါက်လာပါလျှင် ထိုသတိကို မြင့်မြတ်တဲ့ သတိလို့ မအောက်မေ့ပါနှင့်။ ငိုက်မျဉ်းခြင်း ဖိစီးနှိပ်စက်မှု ခံနေရလျှင် လုံ့လ ဝီရိယ၊ ဇွဲ၊ သတ္တိ ဆိုတဲ့ သဘောတရားများကို ဆင်ခြင် စဉ်းစားလိုက်ပါ။

"သင် ကြားသိထားတဲ့ တရားဓမ္မကို ပြတ်ပြတ်သားသား ရွတ်ဆိုပါ။ တခြား ပုဂ္ဂိုလ်များအားလည်း ညွှန်ကြားဟောပြပါ။ ကိုယ်ကိုယ်တိုင်လည်း နှလုံးသွင်းပါ။ အခါခပ်သိမ်း နိုးကြားနေလိုတဲ့ ပုဂ္ဂိုလ်ဟာ မျက်နှာကို ရေဆွတ်ပေးသင့်တယ်။ အရပ်လေးမျက်နှာကို လှမ်းမျှော်ကြည့်သင့်တယ်။ ကြယ်တာရာများ ရှိရာကို လှမ်းကြည့်သင့်တယ်။ ဣန္ဒြေတို့ကို နှိပ်ကွပ် ထိန်းချုပ်ပြီးလျှင် ငြိမ်းအေးသော စိတ်နှလုံးဖြင့် စင်္ကြံလျှောက်၍ သော်လည်းကောင်း နေပါ၊ ထိုင်၍ သော်လည်းကောင်း၊ ဘယ (ကြောက်ခြင်း) ဖြစ်တဲ့အခါမှာ လည်းကောင်း၊ ပီတိဖြစ်တဲ့ အခါမှာ လည်းကောင်း၊ သောကဖြစ်တဲ့ အခါမှာ လည်းကောင်း လူတို့ဟာ အိပ်ငိုက်မျဉ်းခြင်း ပူးကပ် ဝင်ရောက်လာတဲ့ အခါမျိုးမှာ ယင်းသုံးမျိုးကို နှလုံးသွင်း သင့်တယ်။ သေခြင်းတရား လာနေပြီလို့ နှလုံးသွင်းပြီး သေခြင်းတရားကို ကြောက်လန့်မှု ပြုသင့်တယ်။ ငါ တရားဓမ္မကို လိုက်နာ ကျင့်ကြံနေပြီလို့ သဘောထားလျက် တရားဓမ္မကို အကြောင်းပြုပြီး

ပီတိဖြစ်သင့်တယ်။ ဇာတိ၏ ဒုက္ခဟာ အဆုံးအပိုင်းအခြား မရှိပါကလားလို့ ဆင်ခြင်ပြီး သောက ဖြစ်သင့်တယ်။

"အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ အိမ်ထဲမှာ ရှိနေတဲ့ မြွေကို ဂရုမစိုက်ဘဲ စိတ်ချလက်ချ အိပ်မနေသင့်ပေဘူး။ ထိုနည်းအတိုင်းပဲ မဟာ ဘေးဘယကြီးကို ကျော်လွန်သွားလိုတဲ့ ဉာဏ်ပညာရှင်ဟာလည်း အပြစ်ဒေါသတည်း ဟူသော မြွေကို ဂရုမစိုက်ဘဲ စိတ်ချလက်ချ အိပ်မနေသင့်ပေဘူး။ မီးလောင်ကျွမ်းနေတဲ့ အိမ်မှာ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ စိတ်ချလက်ချ အိပ်မနေနိုင်သလို ဇရာ၊ ဗျာဓိ၊ မရဏ မီးတွေ လောင်ကျွမ်းနေတဲ့ သက်ရှိလောကမှာ ဘယ်ပုဂ္ဂိုလ် ပူပင်ကြောင့်ကြမှု ကင်းရှင်းစွာဖြင့် စိတ်ချလက်ချ အိပ်နေနိုင်မလဲ။ အဲဒါကြောင့် လက်နက်ရှိတဲ့ ရန်သူများနှင့်တူတဲ့ သင်၏ အပြစ်ဒေါသများ ငြိမ်းအေး မသွားမချင်း အိပ်ငိုက်မျဉ်းခြင်းကို စိတ်နှလုံး၏ အမိုက်မှောင်လို့ အမှတ်ထားပြီးလျှင် မိမိကိုယ်ကို အိပ်ငိုက်မျဉ်းခြင်း၏ စက်ကွင်းအတွင်းသို့ မသက်ဆင်း မကျရောက်အောင် ပြုလုပ်သင့်တယ်။

"ညဥ့်သုံးယံ ရှိတဲ့အနက် ပဌမယံမှာ တရားဘာဝနာကို ကျင့်ကြံအားထုတ်ပါ။ ဒုတိယယံမှာ ကိုယ်ကာယကို အနားပေးရန်အတွက် သတိသမ္ပဇဥ်နှင့် ယှဉ်ပြီး အိပ်ရာပေါ်မှာ လဲလျောင်းပါ။ ညာဘက်စောင်းပြီးလျှင် စိတ်နှလုံးအတွင်း၌ အသိတရားကို ထားပြီး စိတ်ငြိမ်းချမ်းသာစွာဖြင့် အိပ်ပါ။ တတိယယံ ရောက်တဲ့အခါတွင်မူ လျှောက်၍ဖြစ်စေ၊ ထိုင်၍ဖြစ်စေ ဣန္ဒြေများကို နှိပ်ကွပ်ချုပ်တည်းပြီး ဖြူစင်တဲ့ စိတ်နှလုံးဖြင့် ဘာဝနာအကျင့်ကို တစ်ဖန် ကျင့်ကြံအားထုတ်ပါ။

"ထိုင်သည့်အခါ၌ လည်းကောင်း၊ သွားသည့်အခါ၌ လည်းကောင်း၊ ရပ်သည့်အခါ၌ လည်းကောင်း၊ ကြည့်သည့်အခါ၌ လည်းကောင်း၊ ပြောသည့်အခါ၌ လည်းကောင်း၊ ထိုမှတစ်ပါး အခြား အလုပ်ကိစ္စများကို ပြုလုပ်သည့်အခါ၌ လည်းကောင်း မိမိ၏ အလုပ်ကိစ္စအားလုံးကို ကောင်းမွန်စွာ တွေးတောဆင်ခြင်ပြီး မိမိ၏ သတိကို နိုင်မြဲအောင် ပြုလုပ်ပါ။ တံခါးဝမှာ တာဝန်ကျနေတဲ့ တံခါးမှူးလို သတိ နိုင်မြဲတဲ့ ပုဂ္ဂိုလ်ကို အပြစ်ဒေါသများဟာ ဝင်ရောက် တိုက်ခိုက်ခြင်း မပြုလုပ်နိုင်ဘူး။ လုံခြုံမှုရှိတဲ့ မြို့ကို ရန်သူများ ဝင်ရောက် တိုက်ခိုက်ခြင်း မပြုလုပ်နိုင်သလို ဖြစ်တယ်။

"မည်သည့် အခြေအနေ၌မဆို ကာယကတာသတိစိတ်ကို အထိန်းက ကလေးသူငယ်ကို ထိန်းသိမ်း စောင့်ရှောက်သည့် နည်းအတိုင်း ထိန်းသိမ်းစောင့်ရှောက်နေလျှင် ထိုပုဂ္ဂိုလ်မှာ ဘယ်လို ကိလေသာ အပြစ်ဒေါသမျိုးမှ ဖြစ်ပေါ်မလာနိုင်ဘူး။

"သတိတည်းဟူသော ချုပ်မိန်ညှိမရှိတဲ့ ပုဂ္ဂိုလ်သာလျှင် အပြစ်ဒေါသများ၏ ပစ်ကွင်း ဖြစ်ရတတ်တယ်။ ချုပ်မိန်ညှိမရှိတဲ့ စစ်သားသည်သာလျှင် တစ်ဖက်ရန်သူများ၏ ပစ်ကွင်း ဖြစ်ရတတ်သကဲ့သို့ ဖြစ်ပေတယ်။ လမ်းညွှန်လမ်းပြ မရှိဘဲနှင့် မညီညာ မပြန့်ပြူးတဲ့ မြေပေါ်မှာ လျှောက်သွားတဲ့ သူကန်းဟာ အဖော်သဟဲ ကင်းမဲ့ နေသကဲ့သို့ သတိ၏ စောင့်ရှောက်မှု မရှိဘဲ စိတ်ကိုလည်း ခိုကိုးအားထားရာမဲ့ နေသူဟူ၍ မှတ်ယူသင့်တယ်။

"လူတွေဟာ အကျိုးမဲ့တဲ့ အလုပ်များကို နှစ်သက် လိုလားကြတယ်။ အကျိုးရှိတဲ့ အလုပ်များကိုမူ မျက်နှာလွှဲလိုကြတယ်။ ဘေးအန္တရာယ် ရှိနေသော်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်း မဖြစ်ကြဘူး။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ သတိတရား ဆုံးပါး ပျက်စီးနေသောကြောင့် ဖြစ်ပေတယ်။

"သတ္တိမရှိတဲ့ ပုဂ္ဂိုလ်ဆီမှာ အမြိုက်ချမ်းသာ မရှိနိုင်ဘူး။ သတ္တိမရှိတဲ့ ပုဂ္ဂိုလ်ဟာ အရိယသစ္စာကို ဘယ်မှာ ရရှိနိုင်မည်နည်း။ အရိယသစ္စာ မရှိတဲ့ ပုဂ္ဂိုလ်အတွက်မှာမူ လမ်းမှန် မရှိနိုင်တော့ဘူး။ လမ်းဟောင်း လမ်းမှန် မရှိတဲ့ ပုဂ္ဂိုလ်ဆီမှာလည်း အမြိုက်ချမ်းသာဆိုတာ မရှိနိုင်ပေဘူး။ အမြိုက်ချမ်းသာ မရှိတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခမှ ကင်းလွတ်နိုင်တော့မှာ မဟုတ်ဘူး။ ဒါ့ကြောင့် သွားနေလျှင် "ငါ သွားနေသည်" ဟူ၍ လည်းကောင်း၊ ရပ်နေလျှင် "ငါ ရပ်နေသည်" ဟူ၍ လည်းကောင်း ထိုနည်းအတိုင်း အခြားကိစ္စများကို ပြုလုပ်ဆောင်ရွက်ရာ၌လည်း သတိတရားကို လက်လွှတ် မထားသင့်ပေဘူး။

"နန္ဒ၊ သင်ဟာ ဘာဝနာတရားကို ကျင့်ကြံအားထုတ်ဖို့ သင့်လျော်တဲ့ လူသူမဲ့ပြီး အသံတိတ်ဆိတ်နေတဲ့ အိပ်ရာနေရာများမှာ နေထိုင်သင့်ပေတယ်။ အကြောင်းမူကား အစ ပထမ ကိုယ်ကာယကို ဆိတ်ငြိမ်တဲ့နေရာမှာ ထားလိုက်လျှင် စိတ်ငြိမ်သက်မှုကို အလွယ်တကူဖြင့်ပင် ရရှိနိုင်တယ်။ ရာဂရှိတဲ့ ပုဂ္ဂိုလ်ဟာ တိတ်ဆိတ် ငြိမ်သက်တဲ့နေရာမှာ မနေထိုင်ဘူး။ စိတ်ငြိမ်းချမ်းမှု မရရှိတဲ့ ပုဂ္ဂိုလ်ဟာ လမ်းကောင်းလမ်းမှန်ကို မရရှိနိုင်တဲ့အတွက် ဆူးငြောင့်ခလုတ် ပြည့်နေတဲ့ လမ်းမပေါ်မှာ လျှောက်သွားရသလို ဆင်းရဲဒုက္ခကို ကြုံတွေ့ရတတ်တယ်။

"လေတိုက်ခတ်ခြင်း မခံရတဲ့ မီးဟာ ငြိမ်သက်နေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ နေရာမှာ ရှိနေတဲ့ လှုပ်ရှားခြင်း ကင်းမဲ့တဲ့ စိတ်ဟာ အထူး မကြိုးစားရဘဲနှင့် ငြိမ်းချမ်းမှုကို ရရှိနိုင်တယ်။ အကြင်ပုဂ္ဂိုလ်ဟာ ဘာကို စားရ စားရ၊ ဘာကို ဝတ်ရ ဝတ်ရ၊ ဘယ်မှာ နေရ နေရ တင်းတိမ် ရောင့်ရဲမှု ရှိတယ်။ လူသူတိတ်ဆိတ်တဲ့ နေရာမှာ မွေ့လျော်တယ်။ အခြားပုဂ္ဂိုလ်များနှင့် မပေါင်းသင်း မဆက်ဆံရအောင် ရှောင်ကွင်းတယ်။ ထိုပညာရှင် ပုဂ္ဂိုလ်ဟာ ငြိမ်းချမ်းမှု ချမ်းသာဆိုတဲ့ အန္တိသုခရဲ့ အရသာကို သိရှိနားလည်တဲ့ ပုဂ္ဂိုလ် မည်ပေတယ်။ အကယ်၍ လူသူတိတ်ဆိတ်တဲ့ အိမ်မှာ အခါခပ်သိမ်း နေထိုင်ပြီး ကိလေသာတို့၏ အကြောင်းတရားများကို ရန်သူကို ရှောင်ကွင်းသကဲ့သို့ ရှောင်ကွင်းလျှင် နတ်စည်းစိမ် ချမ်းသာထက် မြင့်မြတ်တဲ့ စည်းစိမ်ချမ်းသာ သုခကို ရရှိ ခံစားရပေလိမ့်မယ်"

## ဝိတက်ကို ပယ်

ဗုဒ္ဓသည် နန္ဒအား ဆက်လက် ဆိုဆုံးမ ပြန်သည်။

"တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာမှာ ထိုင်ပြီးလျှင် ကိုယ်ကာယကို ဖြောင့်မတ်စွာထားလျက်၊ သတိတရားကို မျက်မှောက်ပြုလျက် မိမိ၏ လျှပ်ပေါ်တဲ့စိတ်ကို နှာခေါင်းဖျားမှာ သော်လည်းကောင်း၊ နဖူးပြင်ပေါ်မှာ သော်လည်းကောင်း၊ မျက်ခုံးနှစ်ခု၏ အကြားမှာ သော်လည်းကောင်း ထားပါ။ အကယ်၍ ကာမဂုဏ်နဲ့ ပတ်သက်တဲ့ အတွေးက သင့်ကို နှိပ်စက်နေပါလျှင် အဝတ်မှာ ကပ်နေတဲ့ မြူမှုန်လို ထိုအတွေးကို ဖယ်ရှား လွှင့်ပစ်လိုက်ပါ။ ကပ်နေခွင့် မပေးပါနှင့်။

" အကယ်၍ သင်သည် အသိဉာဏ်ပညာဖြင့် ကာမဂုဏ်တရားကို ဖယ်ရှားစွန့်ပစ်သည့် တိုင်အောင် အလင်းရောင်ဖြင့် အမိုက်မှောင်ကို ဖျက်ဆီးပစ်သကဲ့သို့ ထိုကာမဂုဏ် တရားတို့ကို ဆန့်ကျင်ဘက် သဘောတရားဖြင့် ဖျက်ဆီးပစ်ဖို့ကို မမေ့ပါနှင့်။ ပြာဖုံးထားတဲ့ မီးခဲပမာလို ထိုကာမဂုဏ် တရားတွေရဲ့ အနုသယသဘောဟာ ကြွင်းကျန်နေတယ်။ ရေဖြင့် မီးကို ငြိမ်းသတ်ပစ်သကဲ့သို့ ထိုကာမဂုဏ် တရားများကို ဘာဝနာတရားဖြင့် ဖျက်ဆီးပစ်ပါ။

"ထိုကာမဂုဏ် တရားများဟာ ကိန်းဝပ်နေတဲ့ အနုသယ သဘောမှ အခါအခွင့်ရလျှင် အစေ့မှ အညွန့်အညှောက် ထွက်လာသလို တစ်ဖန် ပေါ်ထွက်လာတတ်ကြတယ်။ ထိုအနုသယသဘော ပျက်စီး ပျောက်ကွယ်သွားလျှင်မှု အစေ့မရှိတော့သည့်နောက် အညွန့်အညှောက် ပေါက်မလာတော့သကဲ့သို့ ကာမဂုဏ် တရားများ တစ်ဖန် ပြန်ပေါ်ပေါက် မလာနိုင်တော့ဘူး။

"ကာမဂုဏ် တရားများကို ရရှိရာ၌ လည်းကောင်း၊ ကာမဂုဏ် တရားကို ကာကွယ် စောင့်ရှောက်ရာ၌ လည်းကောင်း၊ ကာမဂုဏ်တရား ပျောက်ပျက်သွားရာ၌ လည်းကောင်း ဖြစ်ပေါ်သည့် ဒုက္ခများကို ကြည့်ပြီးလျှင် မိတ်ဆွေယောင် ဆောင်သည့် ရန်သူကဲ့သို့သော ထိုကာမဂုဏ် တရားများကို အမြစ်ပါမကျန် ရှင်းလင်းပစ်သင့်သည်။ ကာမဂုဏ် တရားများဟာ အမြဲ တည်မနေဘူး။ ပျက်စီးတတ်သော သဘော ရှိတယ်။ အနှစ်သာရလည်း မရှိဘူး။ ပျက်စီးခြင်း၏ အကြောင်းတရားများ ဖြစ်ကြတယ်။ ထို့ကြောင့် အဆိပ်ရှိတဲ့ မြွေကဲ့သို့သော ထို ကာမဂုဏ် တရားများကို ဖျက်ဆီး သတ်ဖြတ် ပစ်သင့်တယ်။

"ကာမဂုဏ် တရားများဟာ ရအောင်ရှာတဲ့ နေရာမှာလည်း ဒုက္ခ တွေ့တတ်တယ်။ ကာကွယ် စောင့်ရှောက်တဲ့ နေရာမှာလည်း ငြိမ်းချမ်းမှု မရှိဘူး။ ပျက်စီး ဆုံးပါးသွားတဲ့အခါ ကျပြန်တော့လည်း ပူဆွေးသောက ရောက်ရတယ်။

ရရှိပြန်တော့လည်း ရောင့်ရဲတင်းတိမ်ခြင်း မရှိဘူး။ ထို့ပြင် ကာမဂုဏ်တရားများဟာ အမှန်တရားများလည်း မဟုတ်ကြဘူး။ တည်မြဲခြင်းလည်း မရှိဘူး။ ထိုကာမဂုဏ် တရားများမှ ဖြစ်ပေါ်တဲ့ သုခဆိုတာလည်း စိတ်ကူးယဉ်မှုသာ ဖြစ်တယ်။ ထို့ကြောင့် ကာမဂုဏ်တရားတို့ကို သင် နန္ဒ တွေးတောရုံမျှပင် တွေးတောခြင်း မပြုလုပ်ပါနှင့်။

"ညှဉ်းဆဲလိုမှု၊ သတ်ဖြတ်လိုမှု များက သင့်စိတ်ကို ထိုးဆွနေမည်ဆိုပါကလည်း ယင်း သဘောတရားများ၏ ပဋိပက္ခ သဘောဖြင့် မိမိစိတ်နှလုံးကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပါ။ နောက်ကျုနေတဲ့ ရေကို ပတ္တမြားဖြင့် သန့်ပြန့်စင်ကြယ်အောင် ပြုလုပ်သကဲ့သို့ ဖြစ်တယ်။ မေတ္တာနှင့် ကရုဏာဟာ ယင်းတရားများ၏ ပဋိပက္ခ သဘောများ ဖြစ်တယ်လို့ မှတ်ယူသင့်တယ်။ ယင်းသဘောတရား နှစ်မျိုးဟာ အလင်းနှင့် အမှောင်ကဲ့သို့ ထာဝစဉ် ဆန့်ကျင်မှု ရှိကြတယ်။

"မကောင်းတဲ့ အကျင့်စာရိတ္တများ ပပျောက်သွား စေကာမူ ဒေါသတရားများ ထင်ရှားရှိနေပါလျှင် ရေချိုး ထားသော်လည်း ဖုန်မှုန့်များဖြင့် ကိုယ့်ကိုယ်ကို ညစ်ပေအောင် ပြုလုပ်တဲ့ ဆင်နှင့် တူနေပေလိမ့်မယ်။ ဇရာ၊ ဗျာဓိ၊ မရဏ တရားများဖြင့် ဒုက္ခတွေ့နေရတဲ့ သတ္တဝါများအပေါ်မှာ တကယ် ကရုဏာထားတဲ့ ပုဂ္ဂိုလ်ဟာ ထိုသတ္တဝါများကို ဘယ်မှာ ဒုက္ခထပ်ပြီး ပေးချင်ပါတော့မလဲ။ ဒေါသတရား၊ ဟိံသာတရားများဖြင့် မိမိ၏ စိတ်နှလုံး ညစ်ကြေးစွန်းထင်း နေပါလျှင် ယင်းသို့ ညစ်ကြေးစွန်းထင်း နေခြင်းကြောင့် အခြားပုဂ္ဂိုလ်များ ဒုက္ခ တွေ့ရသည်လည်း ရှိ၊ မတွေ့ရသည်လည်း ရှိ သော်လည်း မိမိ၏ စိတ်နှလုံးမှာမူ ထိုခဏ၌ပင် လောင်ကျွမ်း သွားရတတ်ပေတယ်။ သို့အတွက် သင်ဟာ သက်ရှိသတ္တဝါ အားလုံးရဲ့ အပေါ်မှာ ညှဉ်းပန်း သတ်ဖြတ်လိုတဲ့ စိတ်ထားများကို ဖယ်ရှားပြီး မေတ္တာစိတ်၊ ကရုဏာစိတ်များကို သာလျှင် ထားသင့်တယ်။

"လူတို့ဟာ မိမိတို့ အစဉ်မပြတ် တွေးတော ကြံစည်နေတဲ့ အရာဝတ္ထုများအပေါ် စိတ်ညွတ် နေတတ်ကြတယ်။ ထို့ကြောင့် သင်ဟာ အကုသိုလ်တရားကို စွန့်ပယ်ပြီး ကုသိုလ်တရား ကိုသာလျှင် အာရုံပြုသင့်ပေတယ်။ စိတ်နှလုံးထဲမှာ အကုသိုလ်တရားကို နေရာပေးလိုက်လျှင် ယင်းတရားများဟာ တိုးပွားများပြားလာပြီး မိမိအား လည်းကောင်း၊ သူတစ်ပါးအား လည်းကောင်း ညီတူညီမျှ အကျိုးမဲ့ကို ပြုလုပ်ပေလိမ့်မယ်။

"စန္ဒကူးသားကို သာမန် ထင်းရှူးလို သဘောထားပြီး မီးဆိုက်ပစ်တဲ့ လူမိုက် လူအ လို အသိဉာဏ် ပညာမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဤဒုလ္လဘဖြစ်တဲ့ လူ့ဘဝကို ဖျက်ဆီး ပစ်တတ်တယ်။ ရတနာကျွန်း သွားပြီး ရတနာကိုတော့ မယူဘဲ မြေကြီးခဲ ယူလာတဲ့လူလို အသိဉာဏ် ပညာမဲ့တဲ့ ပုဂ္ဂိုလ်ဟာ တရားဓမ္မကို စွန့်ပယ်ပြီး အကုသိုလ် တရားကို ပွားများချင်တယ်။ ဟိမဝန္တာကို သွားပြီး အမြိုက်ဆေးကို မစားဘဲ အဆိပ်ကို စားလာတဲ့လူလို အသိဉာဏ် ပညာမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒုလ္လဘဖြစ်တဲ့ လူ့ဘဝကို ရပေမယ့် မကောင်းမှုကို ဆည်းပူးလိုကြတယ်။ ယင်းသို့ စဉ်းစားပြီးလျှင် သင်ဟာ ပဋိပက္ခ အသိအတွေးဖြင့် အကုသိုလ်တရား ပွားများ ကြံစည်မှု (အကုသလ ဝိဘက်) ကို ဖယ်ရှား ဖျောက်ဖျက်သင့်တယ်။

“ကမ္ဘာလောကမှာ မိမိတို့ရဲ့ ကံအားလျော်စွာ ဖြစ်ပေါ်လာကြတဲ့ သတ္တဝါများဟာ ဘယ်သူဟာ ဘယ်သူ့ဆွေမျိုး၊ ဘယ်သူဟာ သူတစ်ပါးရဲ့ ဆွေမျိုးလို့ ရှိနိုင်ပါတော့မလဲ။ မောဟကြောင့်သာလျှင် လူတစ်ဦးဟာ အခြားလူတစ်ဦးအား တပ်မက် စွဲလမ်းနေကြခြင်း ဖြစ်ပေတယ်။ အခု သင်ရဲ့ ဆွေမျိုးသားချင်းများဟာ ရှေးအတိတ် ကာလက သူတစ်ပါး ဆွေမျိုးသားချင်းများ ဖြစ်ခဲ့ကြတယ်။ အခု သူတစ်ပါး ဆွေမျိုးသားချင်းများဟာ အနာဂတ်ကာလ ရောက်တဲ့အခါကျလျှင် သင့်ဆွေမျိုးသားချင်း ဖြစ်လာပေလိမ့်မယ်။ ညနေချမ်း ရောက်လာတဲ့အခါ ထိုထိုနေရာမှာ ကျေးငှက်များ စုဝေးပေါင်းဆုံး ကြသကဲ့သို့ ထိုထိုဘဝများမှာ ဆွေမျိုးသားချင်းများဟာ ဆုံကြ ခွဲကြရတယ်။ ခရီးသည်ဟာ ခရီးသည် တည်းခိုစခန်း များစွာမှာ တည်းခိုပြီး ထိုတည်းခိုစခန်းများကို စွန့်ခွာသွားရသကဲ့သို့ ထိုနည်းအတိုင်းပင် လူများဟာ တစ်ဦးနှင့်တစ်ဦး ဆုံကြ ခွဲကြရတယ်။

“တစ်ဦးနှင့်တစ်ဦး သဘောသဘာဝ ကွဲပြားခြားနားလျက် ရှိတဲ့ ဤကမ္ဘာလောကမှာ ဘယ်သူမှ ဘယ်သူ့ ချစ်ခင်သူ မဟုတ်ဘူး။ လက်ဆုပ်ထဲမှာ ရှိတဲ့ သဲကဲ့သို့ ဤကမ္ဘာ လောကကြီးဟာ အကြောင်းအကျိုးဖြင့် ဖွဲ့နှောင်ထားခြင်းသာ ဖြစ်တယ်။ “သူဟာ ငါ့ကို ကြည့်ရှုလုပ်ကျွေးလိမ့်မယ်” လို့ သဘောထားပြီး မိခင်က သားကို စောင့်ရှောက်မွေးမြူတယ်” ဟု တွေးတောပြီး သားက မိခင်ကို ပြုစုလုပ်ကျွေးတယ်။ ဆွေမျိုးသားချင်း ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး လိုက်လျောညီညွတ်တဲ့ အပြုအမူများကို ကျင့်ကြံပြုလုပ်မှ အချင်းချင်း ချစ်ခင်မှု ရှိကြတယ်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်တဲ့ အပြုအမူများကို ကျင့်ကြံပြုလုပ်လျှင်မူ ရန်သူဘဝ ရောက်ကြရတယ်။

“ဆွေမျိုး သားချင်းက ရန်သူဖြစ်ပြီး သူစိမ်းတစ်ရံဆံက မိတ်ဆွေ ဖြစ်နေသည်ကိုလည်း တွေ့ရတတ်တယ်။ လူတို့ဟာ အလုပ်သဘောကို ကြည့်ပြီး ချစ်ခင်ကြင်နာခြင်းကို ပြုလုပ်ကြတယ်။ ပန်းချီဆရာဟာ မိန်းမရုပ်ကို ကိုယ်တိုင်ဆွဲပြီး ထိုမိန်းမရုပ်ကို တပ်မက်စွဲလမ်း နေသကဲ့သို့ ထိုနည်းအတိုင်းပင် လူသည် လူကို ကိုယ်တိုင်ပင် ချစ်ခင်ခြင်း၊ ပေါင်းသင်းခြင်း ပြုလုပ်တယ်။

“တမလွန်ဘဝမှာ ဆွေမျိုးသားချင်း တော်မယ့် ပုဂ္ဂိုလ်တွေအတွက် သင် အခု ဘယ်လို အကျိုးကျေးဇူးများ ပြုလုပ်ပါသလဲ။ သူတို့ကကော သင့်အတွက် ဘယ်လို အကျိုးကျေးဇူးများ ပြုလုပ်ပါသလဲ။ သို့ဖြစ်၍ ဆွေမျိုးသားချင်းဆိုတဲ့ အစွဲဖြင့် မိမိစိတ်ကို ပူပင်သောကရောက်အောင် မပြုလုပ်ပါနှင့်။ သံသရာ တစ်ခွင်မှာ မိမိ ဆွေမျိုးသားချင်း၊ သူတစ်ပါး ဆွေမျိုးသားချင်း ဆိုတဲ့ ဘယ်လို ထာဝစဉ် သတ်မှတ်ချက်မျိုးမှ မရှိဘူး။

“ဒီတိုင်းပြည် ဒီဒေသဟာ ငြိမ်းချမ်းသာယာတယ်၊ ဆန်စပါး ပေါများတယ်၊ စည်ပင်ဝပြောတယ်လို့ အတွေးပေါက်လျှင်လည်း ယင်းအတွေးမျိုးကို ပယ်ဖျောက်ပစ်လိုက်ပါ။ ထူးထွေများပြားတဲ့ အပြစ်ဒေါသ မီးတောက်မီးလျှံများဖြင့် ကမ္ဘာလောက တစ်ခုလုံး လောင်ကျွမ်းနေတယ်။ ရာသီဥတု ဖောက်ပြန် ပြောင်းလဲခြင်းကြောင့် လည်းကောင်း၊ ငတ်မွတ်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းကြောင့် လည်းကောင်း နေရာအနှံ့ အပြားမှာ ဒုက္ခချည်း ရှိနေတယ်။ ဘယ်နေရာမှာမှ သုခ မရှိဘူး။ အချို့နေရာမှာ အအေးကြောင့်

လည်းကောင်း၊ အချို့နေရာမှာ အပူကြောင့် လည်းကောင်း၊ အချို့နေရာမှာ ရောဂါကြောင့် လည်းကောင်း၊ အချို့နေရာမှာ ထိတ်လန့် ကြောက်ရွံ့မှုကြောင့် လည်းကောင်း လူများဟာ အလွန်တရာပင် ဆင်းရဲဒုက္ခ ရောက်နေကြတယ်။ သို့အတွက် ကမ္ဘာလောကဟာ ခိုကိုးရာမဲ့ ဖြစ်နေတယ်။

"ဇရာ၊ ဗျာဓိ၊ မရဏ တရားများဟာ ဒီကမ္ဘာလောကရဲ့ မဟာဘေးဘယကြီးများ ဖြစ်ကြတယ်။ ယင်းဘေးဘယကြီးများကို လူများ ရင်မဆိုင်ရတဲ့ အရပ်ဒေသရယ်လို့ မရှိဘူး။ ဒီ ကိုယ်ခန္ဓာ ရောက်သွားတဲ့ နေရာမှာ ဒုက္ခလည်း နောက်က လိုက်ပါလာတယ်။ ကမ္ဘာလောကမှာ လူတွေ ဒုက္ခမတွေ့တဲ့ နေရာရယ်လို့ မရှိဘူး။ ဆန်ရေစပါး ပေါများကြွယ်ဝပြီး ငြိမ်းချမ်းသာယာတဲ့ အရပ်ဒေသ ဖြစ်စေကာမူ လူတွေ ကိလေသာမီးဖြင့် လောင်ကျွမ်းနေလျှင် ထိုအရပ်ဒေသကို ကောင်းမြတ်တဲ့ အရပ်ဒေသလို့ မမှတ်ယူသင့်ဘူး။ ကာယိကဒုက္ခနှင့် မနသိကဒုက္ခ ဖိစီးနှိပ်စက်ခြင်း ခံနေရတဲ့ ပုဂ္ဂိုလ်များအတွက် ဘယ်လို ငြိမ်းချမ်းသာယာတဲ့ အရပ်ဒေသကို သွားသွား ကျန်းမာလန်းဆန်း လာနိုင်မှာ မဟုတ်ဘူး။

"နေရာအားလုံးမှာ လူအားလုံး အခါခပ်သိမ်း ဒုက္ခတွေကြုံ နေကြတဲ့အတွက် ကမ္ဘာလောကမှာရှိတဲ့ အရာဝတ္ထု အမျိုးမျိုးပေါ်မှာ တွယ်တာကပ်ငြိ မနေသင့်ဘူး။ တွယ်တာကပ်ငြိတဲ့ စိတ်ကို ပယ်ဖျောက်ပစ် သင့်တယ်။ တွယ်တာကပ်ငြိတဲ့ စိတ် ပျောက်သွားတဲ့အခါမှာ သက်ရှိလောက တစ်ခုလုံးကို မီးလောင်ကျွမ်းနေသလိုပဲ အောက်မေ့လိမ့်မယ်။ "ငါသေမှာမဟုတ်ဘူး" ဆိုတဲ့ သဘောကို အခြေခံပြီး အကယ်၍ တစ်စုံတစ်ခုသော အတွေးမျိုး သင့်စိတ်ထဲမှာ ပေါ်ပေါက်လာလျှင် ယင်းအတွေးမျိုးကို မိမိကိုယ်ကာယမှာ ဖြစ်ပေါ်တဲ့ ရောဂါကဲ့သို့ နှိမ်နင်း သတ်ဖြတ်ပစ်ပါ။ ဒီဘဝမှာ တစ်ခဏလေးမျှပင် စိတ်ချလက်ချ မနေသင့်ဘူး။ ဘာကြောင့်လဲဆိုလျှင် အချိန်ကာလဟာ ချောင်းနေတဲ့ ကျားကဲ့သို့ စိတ်ချလက်ချ နေသူများကို သတ်ဖြတ်ဖို့ရန် ချောင်းနေတယ်။ "ငါ ခွန်အားရှိတယ်။ ငါ ငယ်ရွယ်သေးတယ်" ဆိုတဲ့ အတွေးမျိုးလည်း စိတ်ထဲမှာ မထားသင့်ဘူး။ သေမင်းဟာ လူတို့ကို ဘယ်အရွယ်ပဲ ဖြစ်ဖြစ် သတ်ဖြတ် ပစ်တာပဲ။ အရွယ်ကို ရွေးနေတာ မဟုတ်ဘူး။

"ပဋိသန္ဓေ တည်နေစဉ် ကာလကတည်းက စပြီး သေမင်းဟာ လူတို့ကို သတ်ဖြတ်ဖို့ရန် နောက်က လိုက်နေတယ်။ ဓားကိုင်ထားတဲ့ ရန်သူနှင့်တူတဲ့ သေမင်းကို ယုံကြည်စိတ်ချလို့ မဖြစ်ဘူး။ လူတွေဟာ ခွန်အားဗလနှင့် ပညာဉာဏ် ရှိကြသော်လည်း သေမင်းကိုမူ မနိုင်ကြဘူး။ ဘယ်လို နည်းပရိယာယ်နဲ့ ဖြစ်ဖြစ် အဟုန်ပြင်းစွာဖြင့် ရောက်ရှိလာတဲ့ သေမင်းကို မတားဆီးနိုင်ကြဘူး။ သို့ဖြစ်၍ လူ့ဘဝကို ယုံကြည့်စိတ်ချခြင်း မပြုလုပ်သင့်ဘူး။ အချိန်ကာလဟာ အစဉ်မပြတ်ပဲ လူတို့ကို သတ်ဖြတ်နေတယ်။ အိုမင်းရင့်ရော်တဲ့ အရွယ်ကို စောင့်ဆိုင်း မနေဘူး။

"ကမ္ဘာလောက၏ ရေပွက်ပမာလို ခဏမကြာ ပျက်စီးတတ်တဲ့ သဘောနှင့် အနှစ်သာရမဲ့ပုံကို တွေ့ရလျှင် "ငါ မသေနိုင်ဘူး" လို့ ဘယ်သူ တွေးတော တော့မည်နည်း။ သို့ဖြစ်၍ အကုသလ ဝိတက်ကို ပယ်ဖျောက်ရန်အတွက် အာနာပါနသတိကို ဆောက်တည်ပါ။ ထို့ပြင် ရောဂါဝေဒနာကို ဖယ်ရှား ဖျောက်ဖျက်ရန်အတွက် ဆေးကို မှီဝဲသုံးဆောင်

သကဲ့သို့ အကုသလဝိတက်ကို ဖယ်ရှား ဖျောက်ဖျက်ရန်အတွက် ပဋိပက္ခ သဘောတရားများကိုလည်း တွေးတော ဆင်ခြင်သင့်ပေတယ်။ ရွှေပန်းတိမ်သည်ဟာ မြေမှုန်များကပ်နေတဲ့ ရွှေကို ရေဖြင့်ဆေးကြောပြီး မီးဖြင့် ရွှေစစ်အောင် ပြုလုပ်သကဲ့သို့ ထိုနည်းအတိုင်းပင် ပညာရှင်ပုဂ္ဂိုလ်ဟာ အပြစ်ဒေါသများ လွှမ်းနေတဲ့ စိတ်ကို အပြစ်ဒေါသ စင်ကြယ်ပြီး ငြိမ်းချမ်းမှုရအောင် ပြုလုပ်သင့်ပေတယ်”

## အရိယ သစ္စာ

ဗုဒ္ဓသည် နန္ဒအား ဆက်လက်၍ ဟောပြတော်မူသည် ...။

“အာသဝေါ တရားများ ကုန်ခန်းချုပ်ငြိမ်းအောင် ပြုလုပ်လျှင် ဒုက္ခ စတဲ့ သစ္စာတရား လေးပါးကို သိမြင်လာ ပေလိမ့်မယ်။ အရိယ သစ္စာလေးပါးကို ပညာဉာဏ်ဖြင့် မှန်ကန်စွာ သိမြင်ပြီး ဘာဝနာတရားဖြင့် အာသဝေါ တရားတို့ကို အနိုင်ရလျှင် အဲဒီပုဂ္ဂိုလ်ဟာ ငြိမ်းချမ်းမှု ရရှိပြီး တစ်ဖန် ပဋိသန္ဓေ တည်နေခြင်း မပြုလုပ်ရတော့ဘူး။ ယင်း အရိယ သစ္စာလေးပါးကို မသိမမြင်နိုင်တဲ့အတွက် လူတွေဟာ သံသရာတည်း ဟူသော ဒန်းပေါ်မှာ တက်စီးရပြီး ဘဝ တစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းသွားလာ နေကြရခြင်း ဖြစ်တယ်။ သို့အတွက်ကြောင့် အကျဉ်းချုပ်အားဖြင့် မှတ်ထားရမှာက ဇရာ စတဲ့ ပျက်စီးခြင်းတရားများရဲ့ မူလဟာ ဇာတိတည်း ဟူသော ဒုက္ခ ဖြစ်တယ်။ ဆေးဝါးအားလုံးဟာ မြေကြီးမှ ဖြစ်သကဲ့သို့ ပျက်စီးခြင်းတရား အားလုံးရဲ့ ဖြစ်ရာဟာ ဇာတိ ဖြစ်တယ်။

“အဆိပ် ရောထားတဲ့ ထမင်းဟာ ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ပျက်စီးစေတတ် သကဲ့သို့ ကမ္ဘာလောကမှာ ကျေးဇူးတင်စွာ အသက်တာရှင်သန်ရေးမှာ အမှန်တကယ် မြင့်မြတ်တဲ့ ဘဝမှာ ဖြစ်ဖြစ်၊ နိမ့်ကျတဲ့ ဘဝမှာ ဖြစ်ဖြစ် ဘယ်ဘဝမျိုးမှာမဆို မွေးဖွားရခြင်းသည် ဒုက္ခ၏ အကြောင်းသာလျှင် ဖြစ်တယ်။ သုခ၏ အကြောင်း မဟုတ်ဘူး။ ဒုက္ခ ဆိုတာ စိတ်နှင့် ကိုယ်ကာယ၏ သဘာဝပင် ဖြစ်ပေတယ်။ ကိုယ်ကာယ ထင်ရှားရှိနေလျှင် ဇရာ၊ ဗျာဓိ စတဲ့ ဒုက္ခများသည် လည်းကောင်း ဖြစ်ပေါ်လာကြမှာပဲ။ ထိုနည်းအတိုင်းပဲ ရုပ်ကိုမှီနေတဲ့ စိတ်မှာလည်း သောက၊ ဒေါသ၊ ဘယ စတဲ့ ဒုက္ခများ ရှိနေကြတယ်။ ယခု ပစ္စုပ္ပန်ဘဝ၏ ဒုက္ခကို တွေ့မြင်တဲ့အခါ အတိတ်ဘဝက ဒုက္ခနှင့် အနာဂတ် ဘဝက ဒုက္ခကိုလည်း မှန်းဆ သိနိုင်တယ်။ မီးဟာ ယခု မျက်မှောက်မှာ ပူသလိုပဲ အတိတ်ကလည်း ပူခဲ့တယ်။ နောင် အနာဂတ် ကာလမှာလည်း ပူနေမှာပဲ။

“ကမ္ဘာလောကမှာ ဇာတိဒုက္ခ၏ အကြောင်းဟာ တဏှာ စတဲ့ အပြစ်ဒေါသများ၏ အစုအဝေး ဖြစ်တယ်။ တန်ခိုးရှင်တို့၊ သဘာဝတရားတို့၊ အချိန်ကာလတို့ဟာ ဇာတိဒုက္ခ၏ အကြောင်း မဟုတ်ဘူး။ အကယ်၍ ဒုက္ခက ကင်းလွတ်လိုလျှင် တဏှာ စတဲ့ ယင်း အပြစ်ဒေသာများကို ဖြတ်တောက်ပစ် လိုက်ပါ။ အကြောင်း ပျက်စီးသွားလျှင် အကျိုးလည်း ပျက်စီးသွားလိမ့်မယ်။ အကြောင်း ပျက်စီးသွားလျှင် ဒုက္ခလည်း ပျက်စီးသွားလိမ့်မယ်။

“တဏှာကို ဖျက်ဆီးတတ်တဲ့ မြင့်မြတ်တဲ့ တရားတော်ကို မျက်မှောက်ပြုပါ။ မွေးဖွားရခြင်း၊ အိုခြင်း၊ သေခြင်း၊ မချစ်သူနှင့် ပေါင်းရခြင်း၊ ချစ်သူနှင့် ကွေကွင်းရခြင်းများ မရှိတဲ့ မြင့်မြတ်တဲ့ အဆင့်ကို ရောက်အောင် အားထုတ်ပါ။ ချုပ်ငြိမ်းသွားတဲ့ ဆီမီးဟာ မြေကြီးပေါ်မှာလည်း ရှိမနေဘူး။ ကောင်းကင်သို့လည်း ရောက်မသွားဘူး။ ဘယ် အရပ်မျက်နှာများ သို့မှလည်း ရောက်မသွားဘူး။ ဆီကုန်ခန်းသွားတဲ့ အတွက် ငြိမ်းချမ်းမှု ရရှိသွားခြင်းမျှ သာလျှင် ဖြစ်ပေတယ်။ ထိုနည်းတူစွာ နိဗ္ဗာန်ကို ရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ မြေကြီးပေါ်မှာလည်း ရှိမနေဘူး။ ကောင်းကင်သို့လည်း ရောက် မသွားဘူး။ ဘယ် အရပ်မျက်နှာများသို့မှလည်း ရောက် မသွားဘူး။ ကိလေသာဆီ ကုန်ခန်းသွားတဲ့ အတွက် ငြိမ်းချမ်းမှု ရရှိသွားခြင်းသာလျှင် ဖြစ်တယ်။

“ယင်းငြိမ်းချမ်းမှုကို ရရှိခြင်း နည်းလမ်း ဥပါယ်မှာ သုံးမျိုးပြားသော ပညာ၊ နှစ်မျိုးပြားသော ငြိမ်းချမ်းမှုနှင့် ယှဉ်သည့် လမ်းစဉ်ဖြစ်တယ်။ စင်ကြယ်မြင့်မြတ်တဲ့ သုံးမျိုးပြားသော သီလပေါ်မှာ ရပ်တည်ပြီး ပညာရှင် ပုဂ္ဂိုလ်ဟာ ထိုလမ်းစဉ်ကို လိုက်နာကျင့်ကြံ သင့်ပေတယ်။ နှုတ်၏ ကောင်းသောအလုပ်၊ ကိုယ်၏ ကောင်းသောအလုပ်၊ စင်ကြယ်သော အသက်မွေးဝမ်းကျောင်းမှု (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ) ယင်းသုံးမျိုးဟာ အကျင့်သီလနှင့် ပတ်သက် ဆက်သွယ်နေတယ်။ ယင်းသုံးမျိုး၏ မှီရာမှာ သီလ ဖြစ်တယ်။ ယင်းသုံးမျိုးဖြင့် အလုပ်ကိစ္စတို့ကို ထိန်းချုပ်ကွပ်ကဲရတယ်။ ဒုက္ခ စတဲ့ သစ္စာတရားများနှင့် ပတ်သက်တဲ့ ကောင်းသော အမြင်၊ ကောင်းသော အတွေး၊ ကောင်းသော လုံ့လ (သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါယမ) ယင်းသုံးမျိုးတို့ဟာ ပညာနှင့် ပတ်သက် ဆက်သွယ် နေကြတယ်။ ယင်းသုံးမျိုး၏ မှီရာမှာ ပညာဖြစ်တယ်။ ယင်းသုံးမျိုးဖြင့် ကိလေသာတို့ကို ဖျက်ဆီးရပေတယ်။ သမ္မာသတိနှင့် သမ္မာသမာဓိ နှစ်မျိုးဟာ

ဘာဝနာအကျင့်နှင့် ပတ်သက် ဆက်သွယ်နေတယ်။ ယင်းနှစ်မျိုး၏ မှီရာမှာ ငြိမ်းချမ်းမှု ဖြစ်တယ်။ ယင်း နှစ်မျိုးဖြင့် စိတ်ကို ထိန်းချုပ် ကွပ်ကဲရတယ်။

"သီလရှိလျှင် ကိလေသာ အပြစ်ဒေါသများ အညွန့်အညှောက် ပေါက်မလာနိုင်ဘူး။ အခါမဟုတ်လျှင် မျိုးစေ့က အညွန့်အညှောက် ပေါက်မလာနိုင်သကဲ့သို့ ဖြစ်တယ်။ သာမိတရားဟာ ကိလေသာတို့ကို ပိတ်ပင်တားမြစ်တယ် မြစ်များ၏ ရေအဟုန်ကို တောင်က ပိတ်ဆို့တားဆီး ထားသကဲ့သို့ ဖြစ်တယ်။ သမာဓိ တည်ရှိနေတဲ့ ပုဂ္ဂိုလ်ကို တဏှာစတဲ့ အပြစ် ဒေါသများဟာ မန္တန်မိနေတဲ့ မြွေကဲ့သို့ ရန်မပြုနိုင်ဘူး။ ပညာဟာ တဏှာစတဲ့ အပြစ်ဒေါသများကို အကြွင်းမဲ့ သတ်ဖြတ်ပစ်တယ်။ မိုးကာလမှာ မြစ်ဟာ ကမ်းပါးမှာရှိတဲ့ သစ်ပင်များကို အမြစ်ရင်းပါမကျန် ဖယ်ရှားပစ်သကဲ့သို့ ဖြစ်တယ်။ ဤ အင်္ဂါရှစ်ရပ်ရှိတဲ့ အရိယ (မြတ်သော) လမ်းစဉ်ကို ကျင့်သုံးပြီးလျှင် ပညာရှင်ပုဂ္ဂိုလ်များဟာ ဒုက္ခ၏ အကြောင်းဖြစ်တဲ့ အပြစ်ဒေါသများကို စွန့်ပယ်လျက် မြင့်မြတ်တဲ့ နိဗ္ဗာန်အဆင့်သို့ ရောက်ရှိကြတယ်။

"ဒုက္ခကို လည်းကောင်း၊ ဒုက္ခ၏ ဖြစ်ခြင်းကို လည်းကောင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းခြင်းကို လည်းကောင်း မှန်ကန်စွာ သိမြင်တဲ့ ပုဂ္ဂိုလ်ဟာ ကောင်းကျိုးပြုတဲ့ အပေါင်းအဖော်များနှင့် အတူတကွ နေထိုင်ရင် အရိယ လမ်းစဉ်အတိုင်း လျှောက်ပြီး ငြိမ်းချမ်းမှုကို ရရှိသွားကြတယ်။ ရောဂါကို လည်းကောင်း၊ ရောဂါ၏ အကြောင်းကို လည်းကောင်း၊ ရောဂါ၏ ဆေးကို လည်းကောင်း အမှန်အတိုင်း သိမြင်တဲ့ ရောဂါသည်ဟာ လိမ္မာကျွမ်းကျင်တဲ့ မိတ်ဆွေ သင်္ဂဟများ၏ ဆေးဝါး ကုသပေးမှုကို ခံရင်းနှင့် မကြာခင်ပင် ရောဂါဝေဒနာ ပျောက်ကင်းသွားရတယ်။

သို့ဖြစ်၍ ဒုက္ခသစ္စာကို အနာ ရောဂါဟူ၍ လည်းကောင်း၊ တဏှာ စတဲ့ အပြစ်ဒေါသ (သမုဒယသစ္စာ) ကို အနာရောဂါ၏ အကြောင်းဟူ၍ လည်းကောင်း၊ နိရောဓ သစ္စာကို အနာရောဂါ ပျောက်ကင်းခြင်း ဟူ၍ လည်းကောင်း၊ မဂ္ဂသစ္စာကို ဆေးဝါး ဟူ၍ လည်းကောင်း မှတ်သားသင့်ပေတယ်။

"နာမ်နှင့် ရုပ်ကို ပျက်စီးတတ်တဲ့ သဘောတရားလို့ မြင်လျှင် ထိုပုဂ္ဂိုလ်ဟာ တိကျ မှန်ကန်စွာ မြင်တဲ့ ပုဂ္ဂိုလ် မည်ပေတော့တယ်။ တိကျမှန်ကန်စွာ မြင်တဲ့ ပုဂ္ဂိုလ်ဟာ ရာဂ ကင်းကွာတဲ့ အဆင့်ကို ရောက်ရှိနိုင်တယ်။ တဏှာ ချုပ်ပျောက်သွားလျှင် ရာဂလည်း ချုပ်ပျောက်သွားတော့တာပဲ။ တဏှာ ရာဂ ချုပ်ပျောက်သွားလျှင် ထို ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ လွတ်ငြိမ်းမှု ရရှိသွားတော့တာပဲ။ ယင်းတရား နှစ်မျိုးမှ စိတ်လွတ်ငြိမ်းမှု ရရှိသွားလျှင် ထိုပုဂ္ဂိုလ်အတွက် တခြား ပြုလုပ်စရာ မလိုတော့ဘူး။

"နာမ်နှင့် ရုပ်၏ မှန်ကန်တဲ့ သဘာဝကို လည်းကောင်း၊ နာမ်နှင့် ရုပ်၏ အကြောင်းတရားကို လည်းကောင်း၊ နာမ်နှင့် ရုပ်၏ ချုပ်ပျောက်ပုံကို လည်းကောင်း သိမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အာသဝေါ တရားများဟာ ကုန်ခန်းနွမ်းခြောက် သွားပေလိမ့်မယ်။ သို့ဖြစ်၍ အာသဝေါ တရားများ ချုပ်ငြိမ်း ကုန်ခန်းသွားအောင် ကြိုးစား အားထုတ်ပါလော့။

"ကိလေသာတို့ကို ချိုးဖောက် နှိမ်နင်းရန် သန္နိဋ္ဌာန် ချထားတဲ့ ပုဂ္ဂိုလ်ဟာ အချိန်ကာလနှင့် နည်းဥပါယ်ကို စုံစမ်းစစ်ဆေး သင့်တယ်။ မသင့်တော်တဲ့ အချိန်ကာလမှာ သော်လည်းကောင်း၊ လျောက်ပတ်တဲ့ နည်းဥပါယ်အားဖြင့် သော်လည်းကောင်း၊ ဘာဝနာ အကျင့်ကို ကျင့်ကြံ

အားထုတ်လျှင် ယင်းသို့ ကျင့်ကြံ အားထုတ်ခြင်းဖြင့်လည်း အကျိုးဖြစ်ထွန်းခြင်း မရှိဘဲ အကျိုးမဲ့ကို ဖြစ်ပွားစေတတ်တယ်။ သား မမွေးတဲ့ နွားမကို နို့သွားညှစ်လျှင် အချိန်ကာလ မဟုတ်တဲ့အတွက် နို့ညှစ်တဲ့ ပုဂ္ဂိုလ်ဟာ နို့ကိုရမှာ မဟုတ်ဘူး။ အချိန်အခါနှင့် ကိုက်ညီသည် ဖြစ်သော်လည်း အကယ်၍ နွားမ၏ ဦးချိုကို နို့သွားညှစ်လျှင် နည်းလမ်းမကျတဲ့အတွက် နို့ကို ရမှာ မဟုတ်ဘူး။ သို့ဖြစ်၍ ကာလဒေသနှင့် နည်းလမ်း ဥပါယ်ကို စိစစ်ပြီးလျှင် ဘာဝနာတရားကို အားထုတ်သင့်ပေတယ်။

“စိတ်နှလုံး ထကြွ လှုပ်ရှားနေတဲ့ အခါမှာ ထကြွ လှုပ်ရှားစေတဲ့ နိမိတ်ကို မမှီဝဲသင့်ဘူး။ ဘာကြောင့်လဲဆိုလျှင် ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် စိတ်နှလုံးဟာ ငြိမ်းချမ်းမှုကို မရနိုင်ဘူး။ လေ ဝှေ့ယမ်း တိုက်ခတ်ခြင်း ခံရတဲ့ မီးဟာ ငြိမ်းချမ်းမှု မရရှိ သကဲ့သို့ ဖြစ်ပေတယ်။ စိတ်နှလုံး ထကြွ လှုပ်ရှားနေတဲ့ အခါမှာ ငြိမ်းချမ်းမှုကို ဖြစ်စေတတ်တဲ့ နိမိတ်ကို မှီဝဲမှ သင့်လျော်ပေလိမ့်မယ်။ ဘာကြောင့်လဲဆိုလျှင် ယင်းသို့ ပြုလုပ်မှ စိတ်နှလုံးဟာ ငြိမ်းချမ်းမှု ရရှိနိုင်တယ်။ ရေဖြင့် အလောင်းခံရတဲ့ မီးဟာ ငြိမ်းချမ်းသွားသကဲ့သို့ ဖြစ်ပေတယ်။

“စိတ်နှလုံး ပျင်းရိ ငြီးငွေ့နေတဲ့ အခါမှာ ငြိမ်းအေးစေတတ်တဲ့ နိမိတ်ကို မမှီဝဲသင့်ဘူး။ ဘာကြောင့်လဲဆိုလျှင် ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် စိတ်နှလုံးဟာ ပိုပြီး အေးစက်စက် ဖြစ်သွားတတ်တယ်။ သေးငယ်တဲ့ မီးကို လောင်စာ ထပ်မဖြည့်လျှင် ငြိမ်းသွားတတ်သကဲ့သို့ ဖြစ်ပေတယ်။ စိတ်နှလုံး ပျင်းရိငြီးငွေ့နေတဲ့ အခါမှာ လှုပ်ရှား ထကြွစေတတ်တဲ့ နိမိတ်ကို မှီဝဲသင့်ပေတယ်။ ဘာကြောင့်လဲဆိုလျှင် ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် စိတ်ဟာ အလုပ်ကိစ္စ ပြုလုပ်ရာမှာ စွမ်းစွမ်းတမံ ရှိလာတယ်။ လောင်စာ ထပ်ဖြည့်လိုက်တဲ့အခါ ငြိမ်းဆဲမီးဟာ တောက်လောက်လာသကဲ့သို့ ဖြစ်ပေတယ်။

“စိတ်နှလုံး ပျင်းရိနေတဲ့ အခါမှာ ဖြစ်စေ၊ လှုပ်ရှား ထကြွနေတဲ့ အခါမှာ ဖြစ်စေ ဥပေက္ခာ သဘောကို ဖြစ်စေတတ်တဲ့ နိမိတ်ကို မမှီဝဲသင့်ဘူး။ ဘာကြောင့်လဲဆိုလျှင် ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် အကျိုးမဲ့ကို ဖြစ်စေတတ်တယ်။ ရောဂါသည်၏ ရောဂါကို ဥပေက္ခာပြုထားလျှင် အကျိုးမဲ့ ဖြစ်စေသကဲ့သို့ ဖြစ်ပေတယ်။ စိတ်နှလုံး ညီတူညီမျှ ဖြစ်နေတဲ့ အခါမှာမှ ဥပေက္ခာ သဘောကို ဖြစ်စေတတ်တဲ့ နိမိတ်ဟာ အခါအခွင့်နှင့် ကိုက်ညီတယ်။ ဘာကြောင့်လဲဆိုလျှင် ယင်းကဲ့သို့သော နိမိတ်ကို အသုံးပြုခြင်းအားဖြင့် အောင်မြင်မှု ရရှိနိုင်တယ်။ မြင်းလိမ္မာများက ကတဲ့ ရထားကို စီးသွားလျှင် လိုရာခရီးကို ရောက်ရှိနိုင်သကဲ့သို့ ဖြစ်ပေတယ်။

“ရာဂကြောင့် စိတ်နှလုံး လှုပ်ရှားနေတဲ့ အခါမှာ မေတ္တာကမ္မဋ္ဌာန်းကို မစီးဖြန်းသင့်ဘူး။ ဘာကြောင့်လဲဆိုလျှင် ရာဂ လွှမ်းကဲနေတဲ့ ပုဂ္ဂိုလ်ဟာ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလျှင် မောဟ လွှမ်းသွားတတ်တယ်။ သလိပ်ချွဲခန်း ထနေတဲ့ ပုဂ္ဂိုလ်ဟာ အဆီပါတဲ့ အရာများကို မှီဝဲတဲ့အခါ မူးမိုက်သွား သကဲ့သို့ ဖြစ်ပေတယ်။ ရာဂကြောင့် စိတ်နှလုံး လှုပ်ရှားနေတဲ့ အခါမျိုးမှာ အသုဘ နိမတ်ကို မှီဝဲသင့်တယ်။ ဘာကြောင့်လဲဆိုလျှင် ယင်းကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ရာဂရှိတဲ့ ပုဂ္ဂိုလ်ဟာ ငြိမ်းချမ်းမှုကို ရရှိနိုင်တယ်။ သလိပ်ချွဲခန်း ထနေတဲ့ ပုဂ္ဂိုလ်ဟာ အဆီမပါတဲ့ အရာများကို မှီဝဲလျှင် ငြိမ်းချမ်းမှု ရရှိနိုင်သကဲ့သို့ ဖြစ်ပေတယ်။

“ဒေါသဖြစ်နေတဲ့ အခါမျိုးမှာ အသုဘနိမိတ်ကို မမှီဝဲသင့်ဘူး။ ဘာကြောင့်လဲဆိုလျှင် ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်အဖို့ အသုဘနိမိတ်ကို မှီဝဲလျှင် အန္တရာယ် ဖြစ်တတ်တယ်။ သည်းခြေ ရောဂါရှိတဲ့ ပုဂ္ဂိုလ်ဟာ ကြမ်းတဲ့ ပူတဲ့ အရာကို မှီဝဲတဲ့အခါ အန္တရာယ် ဖြစ်နိုင်သကဲ့သို့ ဖြစ်တယ်။ ဒေါသဖြစ်နေတဲ့ အခါမျိုးမှာ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသင့်တယ်။ ဘာကြောင့်လဲဆိုလျှင် ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်အဖို့ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းလျှင် ငြိမ်းချမ်းမှုကို ရရှိနိုင်တယ်။ သည်းခြေ ရောဂါရှိတဲ့ ပုဂ္ဂိုလ်ဟာ အေးတဲ့ အရာကို မှီဝဲတဲ့အခါ ငြိမ်းချမ်းမှုကို ရရှိနိုင်သကဲ့သို့ ဖြစ်ပေတယ်။

“မောဟ လွှမ်းနေတဲ့ အခါမျိုးမှာ မေတ္တာကမ္မဋ္ဌာန်းနှင့် အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းလို့ မသင့်လျော်ပေဘူး။ ဘာကြောင့်လဲဆိုရင် ယင်းနှစ်မျိုးကို ပွားများ စီးဖြန်းခြင်းအားဖြင့် မောဟပိုမိုပြီး အင်အားကြီး လာနိုင်တယ်။ လေ နှိပ်စက်နေတဲ့ ပုဂ္ဂိုလ်ဟာ အဆီမပါတဲ့ အရာကို မှီဝဲလျှင် ပိုမိုပြီး ထိုင်းမှိုင်းသွားသကဲ့သို့ ဖြစ်တယ်။ မောဟ လွှမ်းနေတဲ့အခါမှာ အကြောင်းနှင့်အကျိုး သဘောတရားကို စဉ်းစား ဆင်ခြင်သင့်တယ်။ ဘာကြောင့်လဲဆိုလျှင် ယင်းသို့ ပြုလုပ်ခြင်းသည် မောဟ လွှမ်းနေတဲ့ ပုဂ္ဂိုလ်အတွက် ငြိမ်းချမ်းမှုရရာ ရကြောင်း နည်းလမ်း ဖြစ်ပေတယ်။ လေ နှိပ်စက်ခြင်း ခံနေရတဲ့ ပုဂ္ဂိုလ်အဖို့ အဆီပါတဲ့ အရာကို မှီဝဲလျှင် ငြိမ်းချမ်းမှု ရရှိနိုင်သကဲ့သို့ ဖြစ်ပေတယ်။

“ရွှေပန်းထိမ်သည်ဟာ ရွှေကို အချိန်နှင့် ဖိုပေါ်မှာထားပြီး အချိန်နှင့် ရေထဲမှာ စိမ်ထားတယ်။ ပြီးမှ အချိန်နှင့် ရေထဲက ထုတ်ယူပြီး ထားတယ်။ ရွှေကို အချိန်အတိုင်းအတာ မရှိဘဲ မီးပေါ်တင်ပြီး အချိန်အတိုင်းအတာ မရှိဘဲ ရေထဲမှာ စိမ်ပြီးနောက် အချိန်အတိုင်းအတာ မရှိဘဲ ရေထဲက ဆယ်ယူထားလျှင် အဲဒီရွှေဟာ ရွှေကောင်း မဖြစ်နိုင်ပေဘူး။ ထိုနည်းတူစွာပဲ စိတ်နှလုံး ငြိမ်းချမ်းမှုအတွက် အချိန်ကာလနှင့် နည်းပရိယာယ်ဟာ အလွန်တရာ အရေးကြီးပေတယ်။ မသင့်လျော်တဲ့ အချိန်မှာ သော်လည်းကောင်း ပြုလုပ်တဲ့ ကြိုးပမ်းချက်ဟာ အရာမထင်ဘဲ ဆုံးပါးပျက်စီး သွားရတတ်တယ်။

ယင်းသို့အားဖြင့် ဗုဒ္ဓသည် နန္ဒအား မသင့်လျော်သည့် နည်းဥပါယ်ကို ပယ်စွန့်ပြီး သင့်လျော်သည့် နည်းဥပါယ်ကို မှီဝဲရန် ညွှန်ကြား ပြောပြတော်မူ၏။ ထိုနောက် နန္ဒ၏ စိတ်သဘောကို သိရှိတော်မူ၍ ဝိတက်ကို ပယ်ဖျောက်သည့် နည်းလမ်းကိုလည်း ညွှန်ကြား ပြောပြတော်မူသည်။ သည်းခြေ၊ သလိပ်၊ လေ စသည်အနက် တစ်ခုခု ဖိစီး နှိပ်စက်ခြင်း ခံရသည့်အခါ၌ ယင်းဝေဒနာ ပပျောက် သွားစေရန်အတွက် ဆေးဆရာသည် နည်းလမ်းညွှန်ကြား ပြောပြသကဲ့သို့ ထိုနည်းတူစွာ ဗုဒ္ဓသည် ရာဂ ဒေါသ စသော ဝေဒနာများနှင့် စပ်လျဉ်းပြီး နည်းလမ်းဥပါယ်ကို ဆက်လက် ညွှန်ကြား ပြောပြတော်မူပြန်သည်။

“အကယ်၍ နည်းလမ်းဥပါယ် တစ်ခုဖြင့် မကောင်းတဲ့ ဝိတက်ကို မပယ်ဖျက်နိုင်လျှင် အခြား နည်းလမ်းဥပါယ် တစ်ခုကို စတင်ပါ။ မြင့်မြတ်တဲ့ ကြိုးပမ်းအားထုတ်မှုကိုတော့ မည်သည့်အခါမှ မစွန့်ပယ်ပါနှင့်။ အစ မထင်တဲ့ အချိန်ကာလက စပြီး စုနေတဲ့ ကိလေသာ အစုအဝေးဟာ အင်မတန်မှ

အင်အားကောင်းနေတယ်။ သို့ဖြစ်၍ သေချာကျနစွာ ကြိုးပမ်းအားထုတ်ဖို့လိုတယ်။ အလွယ်တကူဖြင့် ယင်း ကိလေသာ အပြစ်အနာအဆာတွေကို အမြစ်ပါမကျန် သုတ်သင်ပစ်ဖို့ရန် မဖြစ်နိုင်ပေဘူး။ လိမ္မာကျွမ်းကျင်တဲ့ လက်သမားဟာ သပ်ငယ်ကိုသုံးပြီး သပ်ကြီးကို နုတ်ယူပစ်သကဲ့သို့ ထိုနည်းအတိုင်းပဲ တခြားနိမိတ်ကို အသုံးပြုပြီး အကုသိုလ်နိမိတ်ကို ဖယ်ရှားပစ်သင့်တယ်။ လူဟာ ဆာလောင် မွတ်သိပ်နေသော်လည်း အဆိပ်ရောထားတဲ့ ထမင်းကို မစားလိုသကဲ့သို့ ထိုနည်းအတိုင်းပင် ပညာရှင် ပုဂ္ဂိုလ်ဟာ အကုသိုလ်နိမိတ်ကို အပြစ်ဒေါသ ဖြစ်စေတတ်တဲ့ အရာဟု မှတ်ထားပြီး စွန့်ပယ်သင့်တယ်။

“အပြစ်ဒေါသကို အပြစ်ဒေါသဟု မမှတ်တဲ့ ပုဂ္ဂိုလ်ကို အပြစ်ဒေါသမှ ဘယ်သူ တားဆီးထားလို့ ရမည်နည်း။ ဂုဏ် အရည်အချင်းကို ဂုဏ်အရည်အချင်းဟု နားလည်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပင် တားဆီးထားသော်လည်း ဂုဏ်အရည်အချင်း ရှိရာကို သွားပေလိမ့်မယ်။

“သို့ဖြစ်သောကြောင့် ရန်သူကို နှိမ်နင်းရန်အတွက် ခရီးထွက်တဲ့ ဘုရင်ဟာ အောင်ပန်းကို ဆွတ်ခူးလိုတဲ့ ဆန္ဒဖြင့် ပထမဦးစွာ လမ်းကို ရှင်းလင်းသကဲ့သို့ သင်လည်းပဲ အရိယသစ္စာကို သိမြင်ရရှိရေးအတွက် အစ ပြောပြခဲ့တဲ့ နည်းလမ်းများဖြင့် ပထမဦးစွာ လမ်းကို ရှင်းလင်းပါ။ ကောဏ္ဍညအနုရုဒ္ဓ၊ တိဿ၊ ဥပသေန၊ ဝိမလ၊ ကစ္စာယန၊ ပိလိန္ဒဝစ္ဆ၊ အဿဇိ၊ သောန၊ ခေမာ၊ အဇိတ၊ ဥပါလိ၊ ယသ၊ ဝက္ကလိ၊ ကဿပ၊ သာရိပုတ္တရာ၊ ဂဝံပတိ စတဲ့ ပုဂ္ဂိုလ်များကဲ့သို့ သင်လည်းပဲ စနစ်တကျ ဘာဝနာကို ကျင့်ကြံအားထုတ်ပါ။ အဲဒီလို ကျင့်ကြံအားထုတ်လျှင် သင်လည်းပဲ သူတို့ ရောက်တဲ့အဆင့်သို့ ရောက်ပေလိမ့်မယ်။

“အရာဝတ္ထု တစ်ခုခုရဲ့ အရသာဟာ ခါးသော်လည်း ယင်းအရာဝတ္ထုကို မှီဝဲတဲ့အခါ ချိုမြိန်တဲ့ အကျိုးကို ရရှိသကဲ့သို့ ထိုနည်းတူစွာ ကြိုးပမ်းအားထုတ်ခြင်းဟာ အထစ်အငေါ့ အခက်အခဲ ရှိသော်လည်း ရည်မှန်းချက် ပြည့်ဝတဲ့ အချိန်မှာ ချိုမြိန်တဲ့ အကျိုးကို ရရှိနိုင်ပေတယ်။ အလုပ်ကိစ္စ ပြီးစီး အောင်မြင်မှု၏ မူလအကြောင်းဟာ မြင့်မြတ်တဲ့ လုံ့လဥဿာဟ ဖြစ်တယ်။ လုံ့လ ဥဿာဟနှင့် ကင်းပြီး မည်သည့် အရာဝတ္ထုမှ ပြီးစီးအောင်မြင်ခြင်း မရှိနိုင်ဘူး။ လုံ့လဥဿာဟဖြင့်သာလျှင် ပြည့်စုံအောင်မြင်မှု ဖြစ်ပေါ်နိုင်တယ်။ လုံ့လဥဿာဟ မရှိတဲ့ နေရာမှာ မကောင်းမှု များသာလျှင် ရှိနိုင်တယ်။

“လုံ့လဝီရိယ မရှိတဲ့ ပုဂ္ဂိုလ်များဟာ အမှန်မုချပင် မရရှိသေးတဲ့ အရာဝတ္ထုများကိုလည်း မရရှိနိုင်ဘူး။ ရရှိထားတဲ့ အရာဝတ္ထုများလည်း ဆုံးပါးပျက်စီး သွားရတတ်တယ်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များဟာ အစစ အရာရာ နိမ့်ကျသွားတတ်တယ်။ လုံ့လဥဿာဟ မလျှော့ဘဲ ပထဝီမြေကြီးကိုတူးတဲ့ ပုဂ္ဂိုလ်ဟာ ရေကို ရနိုင်တယ်။ သစ်သားနှစ်ခုကို တစ်ခုနှင့်တစ်ခု အဆက်မပြတ် ပွတ်တိုက်တဲ့ ပုဂ္ဂိုလ်ဟာ မီးကို ရနိုင်တယ်။ ဘာဝနာအကျင့်ကို ကျင့်ကြံတဲ့ ပုဂ္ဂိုလ်ဟာလည်း မိမိကြိုးပမ်းမှု၏ အကျိုးကို အမှန်မုချ ရရှိနိုင်တယ်။ အဆက်မပြတ် လျင်မြန်တဲ့ အဟုန်ဖြင့် စီးဆင်းနေတဲ့မြစ်ဟာ တောင်ကိုလည်း ထိုးဖောက်သွားနိုင်တယ်။ သို့ဖြစ်၍ ငြိမ်းချမ်းမှု ရရှိနိုင်ရန်အတွက် လုံ့လ

ပြုပါလော့။ လုံ့လဝီရိယ၌သာလျှင် ပြည့်စုံအောင်မြင်မှု ဟူသမျှ ကိန်းအောင်းနေပေတယ်”

## အမြိုက် ချမ်းသာ

ယင်းသို့အားဖြင့် ရှင်တော်ဗုဒ္ဓသည် နန္ဒအား မြင့်မြတ်မှန်ကန်သော လမ်းစဉ်ကို ညွှန်ကြား ဟောပြတော်မူသည်။ နန္ဒသည် မြင့်မြတ်မှန်ကန်သော လမ်းစဉ်ကို သိရသောအခါ ဗုဒ္ဓအား ရှိခိုးဦးတင်ပြီးလျှင် တောအတွင်းသို့ ထွက်ခွာသွားသည်။ တောအတွင်း၌ စိမ်းလန်းစိုပြည်သော မြက်ပင်များနှင့် သစ်ပင်များ ပေါက်နေသည့် နေရာတစ်ခုကို တွေ့မြင်ရသည်။ ထိုနေရာ၌ စိမ်းလဲ့ကြည်လင်သော ရေအလျဉ် စီးဆင်းနေသည့် ချောင်းလည်း ရှိသည်။

ထိုချောင်းထဲ၌ ခြေကို ဆေးပြီးလျှင် နန္ဒသည် သာယာကြည်နူး ဖွယ်ကောင်းသည့် သစ်ပင်ရင်း၌ လွတ်ငြိမ်းမှုကို အရယူမည် ဟူသော ရည်ရွယ်ချက်ဖြင့် တင်ပလ္လင်ခွေ ထိုင်လိုက်သည်။ ကိုယ်ခန္ဓာ အထက်ပိုင်းကို မတ်စွာထားပြီးလျှင် သတိတရားကို လက်ကိုင်ထားလျက် လည်းကောင်း၊ ဣန္ဒြေတို့ကို ချုပ်တည်းလျက် လည်းကောင်း ဘာဝနာတရားကို ပွားများ အားထုတ်သည်။ သစ္စာတရားကို ရရှိသိမြင်လိုသည့် ဆန္ဒဖြင့် လွတ်ငြိမ်းမှု ရရှိရေး နည်းလမ်းဥပါယ်တို့ကို ကျင့်သုံးသည်။

ဖွဲ၏ အထောက်အပံ့ဖြင့် လည်းကောင်း၊ လုံ့လ၏ အကူအညီဖြင့် လည်းကောင်း၊ သံယောဇဉ်ကို ဖြတ်၍ လည်းကောင်း၊ စွမ်းရည်သတ္တိကို စုစည်း၍ လည်းကောင်း နန္ဒသည် တည်ငြိမ်သောစိတ်ဖြင့် ကာမဂုဏ် အာရုံတရားတို့မှ ကင်းကွာစ ပြုလာသည်။ သူ၏ အသိဉာဏ်သည် ထက်မြက်သော်လည်း၊ သူ၏ဖွဲသည် ခိုင်မာသော်လည်း အလေ့အကျင့် များခဲ့သည် ဖြစ်ခြင်းကြောင့် ကာမအသိ ကာမအတွေးသည် သူ၏ စိတ်နှလုံးကို ကလိနေသည်။ ထို့ကြောင့် တရားဓမ္မတွင် အနှောင့်အယှက် ဖြစ်နေသည့် ယင်း ကာမအသိ ကာမအတွေးကို ဖယ်ရှားပစ်လိုက်သည်။ လိမ္မာသည့် ပုဂ္ဂိုလ်သည် အကျင့်ဖောက်ပြားသည့် မယားအား ချစ်သော်လည်း စွန့်ပယ်လိုက်သကဲ့သို့ ဖြစ်သည်။

စိတ်၏ ငြိမ်းချမ်းမှုအတွက် ကြိုးပမ်း အားထုတ်သောအခါ နန္ဒ၏ စိတ်နှလုံး၌ အကုသလ ဝိတက် (မကောင်းသော အတွေး) တစ်ဖန် ပေါ်လာပြန်သည်။ ယင်း အကုသလဝိတက်ကို ပယ်ဖျောက်ရန်အတက် နန္ဒသည် ကမ္မဋ္ဌာန်းဘာဝနာနှင့် လျော်ညီသည့် အခြား ကုသလဝိတက်ကို အမှီသဟဲ ပြုလိုက်လေသည်။ အင်အားကြီးမားသည့် ရန်သူအား အရှုံးပေးလိုက်ရသော ပုဂ္ဂိုလ်သည် မိမိ၏ စွမ်းရည် ကုန်သွားသည့်အခါ အဖိနိပ်ခံတို့အား အကူအညီ အထောက်အပံ့ပေးသည့် အားအစွမ်းရှိသူ ပုဂ္ဂိုလ်တစ်ဦးကို အမှီသဟဲ ပြုသကဲ့သို့ ဖြစ်သည်။

နန္ဒသည် ကိုယ်ခန္ဓာအား အနိစ္စဟူ၍ လည်းကောင်း၊ သုညဟူ၍ လည်းကောင်း၊ အနတ္တဟူ၍ လည်းကောင်း၊ ဒုက္ခ အတိပြီး၏ ဟူ၍ လည်းကောင်း ရှုမြင်ပြီးလျှင် မြင့်မြတ်သော လမ်းစဉ်ဖြင့် ကိလေသာ ပင်စည်ကြီးကို နှဲ့သည်။

ဤကမ္ဘာလောက၌ ယခင်အခါက မရှိခဲ့သော အရာသည် ယခု ဖြစ်ပေါ်လာသည်။ ယခု ဖြစ်ပေါ်လာသော အရာသည် တစ်ဖန် မရှိခြင်းသို့ ရောက်ရပေလိမ့်မည်။ အရာဝတ္ထု အားလုံးသည် အကြောင်းနှင့် မကင်းပေ။ ယင်း အကြောင်းသည်လည်း ပျက်စီးရမည့်အရာ ဖြစ်သည်။ ထို့ကြောင့် နန္ဒသည် ကမ္ဘာလောကကြီးအား အနိစ္စဟု ရှုမြင်သည်။ မွေးဖွားလာသူသည် အနှောင်အဖွဲ့များ အကြား၌ အခါခပ်သိမ်း နေရသည်။ ထို့ကြောင့် နန္ဒသည် ဤကမ္ဘာလောကအား ဒုက္ခအတိ ပြီး၏ဟု ရှုမြင်သည်။ ပုဂ္ဂိုလ်သည် သင်္ခါတရားများ ဖန်တီးထားသောအရာ ဖြစ်၏။ ပုဂ္ဂိုလ်ကို ပြုလုပ် ဖန်ဆင်းသူ ဟူ၍ မည်သူမျှ မရှိ။ ထို့ကြောင့် နန္ဒသည် ဤကမ္ဘာလောကအား သုညဟူ၍ ရှုမြင်သည်။ ကမ္ဘာလောကသည် တသီးတခြား တည်ရှိမနေပေ။ အကျိုးတရားများကို ဖန်တီးပြုလုပ်သူ ကြ္တာသရလည်း မရှိပေ။ အကြောင်း၏ အကူအညီ အထောက်အပံ့ဖြင့်သာလျှင် အရာဝတ္ထုအားလုံး ဖြစ်ပေါ်လာသည်။ ထို့ကြောင့် နန္ဒသည် ဤကမ္ဘာလောကအား အနတ္တ ဟူ၍ ရှုမြင်သည်။

နွေဥတုအခါ၌ ယပ်ကိုခပ်ပြီး လေရအောင် ပြုလုပ်သကဲ့သို့ လည်းကောင်း၊ သစ်သားအတွင်း၌ ရှိသော မီးကို သစ်သားချင်း ပွတ်တိုက်ပြီး ထုတ်ယူသကဲ့သို့ လည်းကောင်း၊ မြေကြီးအတွင်းမှ ရေကို ထုတ်ယူသကဲ့သို့ လည်းကောင်း နန္ဒသည် ရတောင့်ရခဲသည့် မြင့်မြတ်သည့် လမ်းစဉ်ကို ရအောင် ကြိုးစားအားထုတ်သည်။

ဉာဏ်တည်းဟူသော လေးကို ကိုင်လျက်၊ သတိတည်းဟူသော ချပ်မိန်ညိုကို ဝတ်လျက်၊ သီလ တည်းဟူသော ယာဉ်ပေါ်မှာ စီးလျက်၊ စိတ်

တည်းဟူသော စစ်မြေပြင်၌ တည်ရှိနေသော ကိလေသာ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်သည်။

ဇောဖျှင် တည်းဟူသော ထက်မြက်သည့် လက်နက်ကို စွဲကိုင်လျက်၊ သမ္မပ္ပဓာန် တည်းဟူသော ယာဉ်ပေါ်မှာ စီးလျက်၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ဆင်တပ်ဖြင့် တစ်စတစ်စ ကိလေသာ စစ်တပ်ကို ထိုးဖောက်ချေမှုန်းပစ်သည်။

ထိုအခါ အတ္တဒိဋ္ဌိကို အမြစ်ပါမကျန် ပယ်ဖျောက်ပြီးလျှင်၊ သစ္စာလေးပါးနှင့် ပတ်သက်၍ သံသယ ကင်းရှင်းသွားပြီးလျှင်၊ စင်ကြယ်သော အကျင့်သီလဖြင့် တရားဓမ္မကို သိမြင်အောင် ပြုပြီးလျှင် နန္ဒသည် ဓမ္မ၏ ပထမအဆင့်ဖြစ်သော သောတာပန် အဆင့်သို့ ရောက်ရှိသွားသည်။ သူ၏ သဒ္ဓါသည် ခိုင်ခံ့သွားသည်။ သတိသည် မြဲမြံသွားသည်။ သစ္စာလေးပါးနှင့် စပ်လျဉ်း၍ သူ၏ အဝိဇ္ဇာသည် လွင့်ပါးသွားသည်။ သူ၏ မြင့်မြတ်သည့် အကျင့်သီလသည် အပြစ်အနာအဆာ ကင်းမဲ့သွားသည်။ ထို့ကြောင့် တရားဓမ္မ၌ သံသယ ကင်းရှင်းသွားသည်။

လွဲမှား ဖောက်ပြန်သော အမြင်တည်းဟူသော ပိုက်ကွန်မှ လွတ်မြောက်ပြီးလျှင်၊ လောကအား အခြေအနေမှန်အတိုင်း ရှုမြင်ပြီးလျှင် ဉာဏ်ကို အမှီပြု၍ ဖြစ်ပေါ်သော ပီတိကို ရရှိပြီးလျှင်၊ နန္ဒသည် ရှင်တော်ဗုဒ္ဓအား ကြည်ညိုသဒ္ဓါ ပွားလာသည်။ အကျိုးမဲ့ကို ပြုလုပ်တတ်သည့် အကြံအစည် အတွေးအခေါ်များမှ ကင်းလွတ်သည်ဖြစ်၍၊ တစ်ဖန် မွေးဖွားရမှု၏ နိဂုံးကို တွေ့မြင်ရသည်ဖြစ်၍၊ ကိလေသာတို့ကို ရွံရှာ မုန်းတီးသည်ဖြစ်၍ သေခြင်းကို

ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိတော့ပေ။ အရေ၊ အကြော၊ အဆီ၊ အသွေး၊ အသား၊ အရိုး၊ ဆံပင် အစရှိသော မသန့်ရှင်းသည့် အရာများနှင့် ပြည့်နေသည့် ကိုယ်ခန္ဓာကို သေချာစွာ ရှုမြင်သည်။ စေ့စေ့ တွေးကြည့်လိုက်သည့်အခါ ယင်းခန္ဓာ၌ အနှစ်သာရဟူ၍ စိုးစဉ်းမျှပင် မတွေ့ရပေ။

ဘာဝနာအကျင့်ဖြင့် ကာမ ရာဂနှင့် ဗျာပါဒကို အားနည်းအောင် ပြုလုပ်ပြီးလျှင် နန္ဒသည် ဒုတိယ အဆင့်ဖြစ်သည့် သကဒါဂါမ် အဆင့်သို့ ရောက်ရှိသွားသည်။ ထို့နောက် လောဘ၊ ဒေါသ၊ မောဟ တို့ကို နှိမ်နင်းချေမှုန်းလျက် တတိယအဆင့် ဖြစ်သော အနာဂါမ် အဆင့်သို့ ရောက်သွားပြီးလျှင် နိဗ္ဗာန်ရွှေပြည်၏ တံခါးဝ၌ သွားရပ်လေသည်။

ထိုအခါ နန္ဒသည် ကာမ ရာဂ ကင်းသော၊ အကုသိုလ်တရား မရှိသော၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခနှင့် ယှဉ်သော ပထမဈာန်ကို ရရှိသွားသည်။ ကာမမီး၏ အပူမှ ကင်းလွတ်ပြီးလျှင် သုခဖြင့် ရရှိအပ်သော မြင့်မြတ်သည့် ရွှင်လန်းဝမ်းမြောက်မှုကို ရရှိခံစားရသည်။ နေပူ နှိပ်စက်ခြင်း ခံရသူ ရေချိုးသောအခါ ရွှင်လန်းဝမ်းမြောက်မှု ဖြစ်သကဲ့သို့ လည်းကောင်း၊ ဆင်းရဲသူသည် များပြားသော ဥစ္စာနေကို ရသောအခါ ရွှင်လန်းဝမ်းမြောက်မှု ဖြစ်သကဲ့သို့ လည်းကောင်း ထိုနည်းအတိုင်းပင် ဖြစ်လေသည်။

ထိုအဆင့်၌လည်း ဓမ္မနှင့် ပတ်သက်သည့် ဝိတက်နှင့် ဝိစာရတို့သည် စိတ်နှလုံးကို လှုပ်ရှားစေပြီးလျှင် မငြိမ်ချမ်းအောင် ပြုမူနေကြသည်။ ထို့ကြောင့်

နန္ဒသည် ဝိတက်နှင့် ဝိစာရတို့ကို ပယ်ဖျောက်ပစ်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ ငြိမ်းအေးပြီး သန့်ရှင်းစင်ကြယ်သည့် ရေရှိသော မြစ်သည် လှိုင်းတံပိုး ထသည့်အခါ လှုပ်ရှားသွားသကဲ့သို့ ထိုနည်းတူစွာ ဓေဂ္ဂတာ ဖြစ်နေသော (ငြိမ်းအေးနေသော) စိတ်တည်းဟူသော ရေသည် ဝိတက် တည်းဟူသော လှိုင်းတံပိုး ထကြွသည့်အခါ လှုပ်ရှားသွားသကဲ့သို့ ဖြစ်လေသည်။

ထိုနောက် တစ်ဖန် နန္ဒသည် အစဉ်အတိုင်း ဝိတက် ဝိစာရ ကင်းသော၊ စိတ်နှလုံး တည်ငြိမ်မှုကြောင့် ငြိမ်းချမ်းသော၊ ပီတိနှင့် သုခနှင့် ယှဉ်သော ဒုတိယဈာန် အဆင့်သို့ ရောက်သောအခါ နန္ဒသည် မကြုံစဖူး ထူးကဲမြင့်မြတ်သည့် ပီတိကို ရရှိလေသည်။

သို့ရာတွင် ယင်းပီတိတွင်လည်း ဝိတက်တို့၌ကဲ့သို့ အပြစ်ဒေါသကို တွေ့ရှိပြန်သည်။ အကြောင်းမူကား တစ်စုံတစ်ခုသော အရာဝတ္ထုအပေါ်၌ ပီတိ လွန်စွာ ဖြစ်နေလျှင် ထို အရာဝတ္ထု ဖောက်ပြန် ပျက်စီးသွားသည့်အခါ ဒုက္ခ ဖြစ်ရတတ်သည်။ ထို့ကြောင့် ပီတိတွင်လည်း အပြစ်ဒေါသကို တွေ့မြင်ရသည် ဖြစ်၍ နန္ဒသည် ကမ္မဋ္ဌာန်း ဘာဝနာကို ကျင့်ကြံ အားထုတ်ပြန်သည်။

ပီတိ ကင်းကွာသွားသည့် အခါ၌ အရိယာတို့နှင့် ထိုက်သည့် သုခကို ထိတွေ့ပြီးလျှင် ဥပေက္ခာ၊ သတိတို့နှင့် ယှဉ်သည့် တတိယဈာန်ကို ရရှိသည်။ ထိုအဆင့်၌ ဖြစ်ပေါ်သည့် သုခသည် သုခ ဟူသမျှတို့ထက် မြင့်မြတ်သည်။

နန္ဒသည် ထိုဈာန်၌လည်း အပြစ်ဒေါသကို မြင်လာပြန်သည်။ ရရှိထားသော သုခသည် သူ၏ စိတ်နှလုံးတွင် မငြိမ်သက်မှုကို ဖြစ်ပေါ်စေသည်။ အကြင်နေရာ၌ မငြိမ်သက်မှု ရှိ၏။ ထိုနေရာ၌ တုန်လှုပ်မှု ရှိသည်။ အကြင်နေရာ၌ တုန်လှုပ်မှု ရှိ၏။ ထိုနေရာ၌ ဒုက္ခရှိသည်။ ထို့ကြောင့် ငြိမ်းချမ်းမှုကို လိုလားသော နန္ဒရဟန်းသည် ယင်းသုခကို ငြိမ်သက်မှု မရှိသော သုခဟူ၍ ဆင်ခြင်ပြီး စွန့်ပယ်လေသည်။

ထိုအခါ သောမနဿနှင့် ဒေါမနဿကို ယခင်ကပင် စွန့်ပယ်ထားသော နန္ဒသည် သုခနှင့် ဒုက္ခကို ပယ်ပြီး သုခနှင့် ဒုက္ခ ကင်းသည့် ဥပေက္ခာ သတိနှင့် ယှဉ်သော စတုတ္ထဈာန်ကို ရရှိသည်။

ယင်းဈာန်၌ သုခလည်း မရှိပေ။ ဒုက္ခလည်း မရှိပေ။ ထို့နောက် စတုတ္ထဈာန်၏ အကူအညီဖြင့် ရဟန္တာအဖြစ်ကို ရအောင် ကြိုးပမ်းအားထုတ်သည်။ ရဟန္တာအဖြစ် ရရှိသွားသောအခါ၌ နန္ဒသည် ဘယ၊ အာသာ၊ သောက၊ မာန၊ ရာဂတို့ ကင်းရှင်းသွားပြီးလျှင် အသွင်အပြင် ပြောင်းလဲသွားသည်။

ဗုဒ္ဓ၏ တရား အဆုံးအမအားဖြင့် လည်းကောင်း၊ မိမိကိုယ်တိုက်၏ လုံ့လဥဿာဟအားဖြင့် လည်းကောင်း၊ စိတ်နှလုံး ငြိမ်းချမ်းပြီး ပြဲ့ဖွယ်ကိစ္စများ ပြည့်ဝအောင်မြင် သွားသောအခါ၌ နန္ဒသည် တစ်ကိုယ်တည်း တွေးတော စိတ်ကူးကြည့်သည်။

'ငါ၏ ဒုက္ခများကို ဖယ်ရှားပေးပြီးလျှင် ငါ့အား သုခကို ပေးသည့် ရှင်တော်ဗုဒ္ဓအား ရှိခိုးကန်တော့လိုက်ပါသည်။ ကာမဂုဏ် တရားများသည် ငါ့အား ဒုက္ခ အပြည့်ရှိသည့် လမ်းမသို့ ဆွဲခေါ်သွားခဲ့သည်။ သို့ရာတွင် ဗုဒ္ဓ၏ အဆုံးအမ

တည်းဟူသော ချွန်းက ငါ့အား လမ်းမှန်သို့ ပြန်ဆွဲခေါ်ခဲ့သည်။ အမှန်ယစ်သော ဆင်အား ချွန်းဖြင့် လမ်းမှန်သို့ ပြန်ရောက်စေသကဲ့သို့ ဖြစ်သည်။

'မဟာကရုဏာရှင် ဗုဒ္ဓ၏ အမိန့်ဖြင့် နှလုံးထဲတွင် စူးဝင်နေသော ရာဂများကို နုတ်ပြီးလျှင် ငါသည် မြင့်မြတ်ကြီးကျယ်သည့် မဟာသုခကို ရရှိခံစား ရလေပြီ။ ရေဖြင့် မီးကို ငြိမ်းစေသကဲ့သို့ သမာဓိရေဖြင့် ကာမမီးကို ငြိမ်းအောင် ပြုလုပ်ပြီးလျှင် ယခုအခါ၌ ငါသည် နွေဉတုကာလ၌ အေးမြသည့် ရေအိုင်တွင် ရေဆင်းချိုးသကဲ့သို့ နစ်သက် ဝမ်းမြောက်ခြင်း ဖြစ်မိသည်။

'ငါ့တွင် ချစ်သည့် အရာလည်း မရှိတော့။ မချစ်သည့် အရာလည်း မရှိတော့။ ယင်းနှစ်မျိုး မရှိသည်ဖြစ်၍ ငါသည် ယခုအခါတွင် အအေး အပူမှ ကင်းလွတ်သူကဲ့သို့ ချမ်းသာသုခ ရှိလှပေသည်။

'ဘေးရန် အန္တရာယ်က ကင်းလွတ်သွားသူကဲ့သို့ လည်းကောင်း၊ အချုပ်အနှောင်က လွတ်မြောက်သွားသူ ကဲ့သို့ လည်းကောင်း၊ လှေ မပါဘဲ မဟာသမုဒ္ဒရာကို ကူးမြောက်သွားသူကဲ့သို့ လည်းကောင်း၊ ကြောက်မက်ဖွယ် အမိုက်တိုက်ကြီးထဲက ထွက်ပြီး အလင်းရောင်ထဲ ရောက်လာသူကဲ့သို့ လည်းကောင်း၊ မခံမရပ်နိုင်သည့် ရောဂါ ဝေဒနာကြီး ပျောက်ကင်းသွားသူ ကဲ့သို့ လည်းကောင်း၊ မရေ မတွက်နိုင်သော ကြွေးမြီ ကင်းရှင်းသွားသူ ကဲ့သို့ လည်းကောင်း၊ ရန်သူ၏ အနီးမှ ထွက်ပြေးလွတ်မြောက် သွားသူကဲ့သို့ လည်းကောင်း၊ ကပ်ဆိုး အခါဆိုးမှ ကျော်လွန်ပြီး ခေတ်ကောင်း အခါကောင်းသို့ ရောက်ရှိလာသူကဲ့သို့ လည်းကောင်း ငါသည် အကြင် ဆရာသခင်၏ ကျေးဇူးဖြင့် အလွန်တရာ မြင့်မြတ်သည့် ငြိမ်းချမ်းမှုကို ရရှိ၏။ ထိုဆရာသခင် ရှင်တော်ဗုဒ္ဓအား အကြိမ်ကြိမ် အဖန်ဖန် ရှိခိုးကန်တော့လိုက်ပါသည်။

'အကြင် ဆရာသခင်သည် ကာမဂုဏ် အတွင်းတွင် မြုပ်နစ်နေသည့် ငါ့အား ရွှေတောင်ထိပ်သို့ လည်းကောင်း၊ နတ်လောကသို့ လည်းကောင်း ခေါ်ဆောင်သွားပြီးလျှင် မျောက်မကို ဥပမာပေး၍ လည်းကောင်း၊ နတ်ကညာများကို ပြ၍လည်းကောင်း ထုတ်ဆယ် ကယ်တင်၏။ အကြင်ဆရာသခင်သည် အကျိုးမဲ့ ဖြစ်စေသည့် ကာမဂုဏ် ညွှန်အတွင်းမှ ငါ့ကို အမောဆို့နေသည့် ဆင်အား ရွှံ့ညွှန်ထဲမှ ထုတ်ဆယ် ကယ်တင်သကဲ့သို့ ထုတ်ဆယ် ကယ်တင်ပြီး ငြိမ်းချမ်းသော၊ စင်ကြယ်သော၊ အပူကင်းသော၊ သောကကင်းသော၊ အမိုက်မှောင်ကင်းသော၊ မြင့်မြတ်သော ဓမ္မအတွင်းသို့ ပို့ပေး၏။ ထို မဟာကရုဏာရှင် ရှင်တော်ဗုဒ္ဓအား ဦးညွှတ်ပြီး တစ်ဖန် ထပ်၍ ရှိခိုးကန်တော့လိုက်ပါသည်'

## တရားဟောသူ နန္ဒ

ထို့နောက် ပြာဟ္မဏ လုလင်သည် ဝေဒကျမ်းဂန်များ သင်ကြားတတ်မြောက်သွားသော အခါ၌ လည်းကောင်း၊ ခတ္တိယမျိုးနွယ် ဘုရင်သည် ရန်သူစစ်တပ်ကို နှိမ်နင်း အောင်မြင်ပြီးသောအခါ၌ လည်းကောင်း၊ မိမိတို့၏ လမ်းညွှန် လမ်းပြထံသို့ သွားသကဲ့သို့ ထိုနည်းတူစွာ နန္ဒသည် ကျေးဇူးတင်ရှိစွာဖြင့် မိမိ၏ ဆရာသခင် ရှင်တော်ဗုဒ္ဓထံသို့ သွားလေသည်။

ပညာသင်ခြင်းကိစ္စ ပြီးမြောက်သောအခါ၌ တပည့်အဖို့ ဆရာအား တွေ့ဆုံခြင်းသည် လည်းကောင်း၊ ဆရာအဖို့ တပည့်အား တွေ့ဆုံခြင်းသည် လည်းကောင်း ဝမ်းမြောက် ရွှင်လန်းဖွယ်ရာပင် ဖြစ်လေသည်။ 'တပည့်တော်အတွက် ဆောင်ရွက်ခဲ့သော အရှင်ဘုရား၏ ကြိုးပမ်းချက်မှာ အောင်မြင်သွားပါပြီ' ဟု စဉ်းစားပြီးလျှင် နန္ဒသည် ဗုဒ္ဓအား ဖူးတွေ့လိုသည့်ဆန္ဒ ပြင်းပြနေသည်။

အကြောင်းမူကား အကြင်သူသည် အကြင်ပုဂ္ဂိုလ်ထံမှ ထူးခြားသည့် အကျိုးတရားကို ရရှိ၏။ ထိုသူသည် ထိုပုဂ္ဂိုလ်အား ပူဇော်ကန်တော့ ထိုက်သောကြောင့် ဖြစ်သည်။ ရာဂနှင့် ယှဉ်သည့် ပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား ကျေးဇူးဥပကာရ တင်ရှိစွာဖြင့် မိမိ၏ ဆရာသမားအား ပူဇော်ကန်တော့သည်။ မာနနှင့် ရာဂ ကင်းကွာနေသည့် ပုဂ္ဂိုလ်အဖို့မှာမူ အဘယ် ဆိုဖွယ်ရာ ရှိတော့မည်နည်း။

ရွှေရောင် တောက်နေသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံထားသော နန္ဒသည် ဗုဒ္ဓ၏ အထံသို့ ရောက်သောအခါ ဗုဒ္ဓအား ရှိခိုး ဦးညွှတ်ပြီး လျှောက်ထား ပြောပြသည်။

"တပည့်တော်၏ နှလုံးသားထဲမှာ စူးဝင်ပြီး တပည့်တော်အား ဒုက္ခပေးနေတဲ့ အမြင်မှား အထင်မှား တည်းဟူသော သံနှတ်ကြောင့် ကျွတ်ထွက်သွားပါပြီ။

“သံသယ ကင်းရှင်းတော်မူသော အရှင်ဘုရား၊ တပည့်တော်၏ ယုံမှားသံသယများသည်လည်း လုံးဝ ပျောက်ကွယ် ကင်းရှင်းသွားပါပြီ။ အရှင်ဘုရား၏ တရား အဆုံးအမများကြောင့် တပည့်တော်ဟာ လမ်းကောင်း လမ်းမှန်ပေါ်သို့ ရောက်ရှိလာပါပြီ။ လမ်းမှားနေသူတစ်ယောက် လမ်းညွှန်လမ်းပြ၏ ပြောပြချက်ကြောင့် လမ်းမှန်သို့ ရောက်ရှိလာသကဲ့သို့ ဖြစ်ပါတယ်။

“တပည့်တော် သောက်ခဲ့သော ကာမ အဆိပ်သည် အရှင်ဘုရား၏ တရားအဆုံးအမ တည်းဟူသော ဆေးကြောင့် ပြေပျောက်သွားပါပြီ။ အသက်ကို သေစေတတ်သည့် အဆိပ်သည် အဆိပ်ပြေဆေး၏ တန်ခိုး အာနိသင်ကြောင့် ပြေပျောက်သွားသကဲ့သို့ ဖြစ်ပါတယ်။

“ဇာတိမှ ကင်းလွတ်တော်မူသော အရှင်ဘုရား၊ တပည့်တော်သည် ဇာတိမှ ကင်းလွတ်သွားပါပြီ။ တပည့်တော်၏ ပြုဖွယ်ကိစ္စများ ပြီးစီးသွားပါပြီ။ တပည့်တော်သည် လောကအတွင်းမှာ ရှိနေသော်လည်း လောကီတရားတို့ဖြင့် လိမ်းကပ် ငြိတွယ်ခြင်း မရှိတော့ပါ။

“နို့ဆာနေသော နွားငယ်သည် မိခင်နွားမ၏ နို့ကို စို့ရသည့်အခါ အားရတင်းတိမ်ခြင်း ဖြစ်သကဲ့သို့ တပည့်တော်သည် အရှင်ဘုရား၏ တရားနို့ချိုကို သောက်သုံးရသဖြင့် အားရတင်းတိမ်ခြင်း ဖြစ်မိပါတယ်။

“လွတ်ငြိမ်းမှုကို လိုလားသည့် အခြား ပုဂ္ဂိုလ်များ နည်းယူလိုက ယူနိုင်ရန်အတွက် တပည့်တော်ကို ဒီ ရဟန္တာ အဆင့်သို့ ပို့ပေးသည့် အမြင်အတွေးများ အကြောင်းကို အနည်းငယ် လျှောက်ထားပါရစေ။

“ဇာတိဒ္ဒ ပထဝီ စသော ဓာတ်များ ရှိသည် ဟူ၍ လည်းကောင်း၊ ယင်း ပထဝီ စသော ဓာတ်များတွင် ဘယ်လို အတ္တသဘောမှ မရှိဟူ၍ လည်းကောင်း တပည့်တော် သိပါတယ်။ သို့ဖြစ်၍ ယင်းသဘောတရားများ၌ တပည့်တော် တွယ်တာကပ်ငြိမှု မရှိတော့ပါ။ ကိုယ်ကာယနှင့် ကိုယ်ကာယ၏ အပြင်အပမှ အရာဝတ္ထုများကို တပည့်တော် တစ်မျိုးတည်းဟုပင် ထင်မှတ်ပါတယ်။

“တပည့်တော်သည် ခန္ဓာငါးပါးကို အနစ်သာရမရှိ ဟူ၍ လည်းကောင်း၊ အနတ္တ ဟူ၍ လည်းကောင်း၊ ဖောက်ပြန် ပျက်စီးတတ်သော သဘောရှိ၏ ဟူ၍ လည်းကောင်း မြင်ပါတယ်။ သို့ဖြစ်၍ ယင်း အမင်္ဂလာ သဘောတရားတို့မှ တပည့်တော် တသီးတခြား ဖြစ်နေပါပြီ။

“ကမ္ဘာလောကအား ဖြစ်တတ် ပျက်တတ်၏ ဟူ၍ လည်းကောင်း၊ အရာဝတ္ထု ဟူသမျှအား အနစ်သာရ မရှိဟူ၍ လည်းကောင်း မြင်ပါတယ်။ သို့ဖြစ်၍ တပည့်တော်၏ သန္တာန်တွင် ငါဆိုသည့် သက္ကာယစွဲ မရှိတော့ပါ။ တပည့်တော်သည် ဘဝသုံးပါးမှ လွတ်မြောက်သူ ဖြစ်သွားပါပြီ”

ယင်းသို့ ပြောပြီးလျှင် ရှင်တော်ဗုဒ္ဓအား ကြည်ညို ကိုင်းရှိုင်းလွန်းလှသည် ဖြစ်၍ နန္ဒသည် ကိုယ်ကာယ တစ်ခုလုံးဖြင့် မြေပြင်သို့ ထိလိုက်လေသည်။ ရွှေတိုင်ကြီးတစ်ခု မြေကြီးပေါ် ယိုင်လဲသွားသကဲ့သို့ ထင်ရလေသည်။ ထိုအခါ ဗုဒ္ဓသည် တည်ကြည်နက်နဲသော အသံတော်ဖြင့် မိန့်ကြားတော်မူသည်။

"နန္ဒ၊ ထလော့၊ ငါ၏ ခြေပေါ်တွင် အဘယ်ကြောင့် ဦးခေါင်းညွှတ်နေရသနည်း။ ငါ့အား ရှိခိုးဦးညွှတ်ခြင်းသည် တရားအကျင့်ကို ကျင့်ခြင်းလောက် ငါ့အား လေးစားဂုဏ်ပြုသည် မမည်။

"ယနေ့ သင် ရဟန်းပြုခြင်းသည် အောင်မြင် ထမြောက် သွားလေပြီ။ မိမိကိုယ်ကို အနိုင်ရသူ ရဟန်းပြုခြင်း သည်သာလျှင် သင့်လျော် လျောက်ပတ်တယ်။ ဣန္ဒြေကို အစိုးမရသည့် လျှပ်ပေါ် လော်လည်တဲ့စိတ် ရှိသူ ရဟန်းပြုခြင်းသည် မသင့်လျော် မလျောက်ပတ်။

"ယနေ့ သင်သည် စင်ကြယ်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားပေပြီ။ အကြောင်းမူကား သင်၏ ကိုယ်နှုတ်နှလုံးသည် လုံးဝ စင်ကြယ်သွားပေပြီ။ မစင်ကြယ် မသန့်ပြန့်သည့် ဝမ်းပိုက်ထဲတွင် သင်သည် တစ်ဖန် ဝင်ရတော့မည် မဟုတ်။

"ယနေ့ သင်၏ ကျမ်းဂန်အသိဉာဏ်သည် အကျိုးဖြစ်ထွန်း သွားလေပြီ။ သင်သည် ကျမ်းဂန်နှင့်အညီ တရားအကျင့်ကို ကျင့်ကြံ အားထုတ်ခဲ့တယ်။ ကျမ်းဂန်ကို သင်ကြားပြီး ကျမ်းဂန်နှင့် လျော်ညီစွာ ကျင့်ကြံအားထုတ်ခြင်း မပြုလုပ်သည့် ပုဂ္ဂိုလ်ဟာ ကဲ့ရဲ့ ရှုတ်ချထိုက်သူ ဖြစ်တယ်။ လက်နက်ကိုင်ပြီး မတိုက်တဲ့ ပုဂ္ဂိုလ်ဟာ ကဲ့ရဲ့ ရှုတ်ချထိုက်သကဲ့သို့ ဖြစ်ပေတယ်။

"ကာမဂုဏ် အာရုံတို့ကို မျက်နှာလွှဲပြီးလျှင် သင်သည် လွတ်ငြိမ်းမှု ရရှိရေး နည်းလမ်းအပေါ်မှာ အာရုံ စူးစိုက်ခဲ့တယ်။ ဒီ လူ့ဘဝဟာ အလွန်တရာ ရခဲလှသည့် ဒုလ္လဘတစ်ခု ဖြစ်ပေတယ်။ သင်ဟာ ဒီလူ့ဘဝကို အချည်းနှီး အလဟဿ မကုန်ဆုံးစေခဲ့ဘူး။

"ယနေ့ သင်သည် တောက်လောင်သည့် ရာဂမီးကို ငြိမ်းအေးစေခဲ့တယ်။ သင် ယခု ပူလောင်မှု အလျှင်းမရှိတော့ဘဲ ချမ်းသာစွာ အိပ်ရပေတော့မယ်။ ကိလေသာမီးလောင်နေတဲ့ ပုဂ္ဂိုလ်ဟာ ကောင်းမွန်တဲ့ အိပ်ရာပေါ်၌ပင် ဖြစ်စေကာမူ ချမ်းချမ်းသာသာ မအိပ်စက်ရဘူး။

"ယခင်အခါက သင်ဟာ ဥစ္စာ ပစ္စည်းမာန် တက်ခဲ့တယ်။ ယနေ့ တဏှာချုပ်ပျောက် ကုန်ဆုံးသွားပြီဖြစ်၍ သင်ဟာ ကြွယ်ဝ ချမ်းသာသူတစ်ဦး ဖြစ်လာလေပြီ။ အကြောင်းမူကား ကမ္ဘာလောကမှာ လူဟာ တဏှာ ရှိနေသေးသရွေ့ ကြွယ်ဝချမ်းသာသူ ဖြစ်သော်လည်း ဆင်းရဲနေသူသာလျှင် ဖြစ်ပေတယ်။

"သဲကန္တာရကို ဖြတ်ကျော်ပြီး စည်းစိမ်ကို ရရှိသွားတဲ့ လူကဲ့သို့ သင်ဟာ မြင့်မြတ်တဲ့ ငြိမ်းချမ်းမှုကို ရရှိသွားပြီ။ သံသရာစက်ထဲတွင် လည်နေရတဲ့ ပုဂ္ဂိုလ်များဟာ သဲကန္တာရထဲ သွားတဲ့ ပုဂ္ဂိုလ်များကဲ့သို့ အတိဒုက္ခ ရောက်နေကြသူများ ဖြစ်ကြတယ်။

"နန္ဒတစ်ယောက် ဘယ်တော့မှ တောမှီတဲ့ ယောဂီပုဂ္ဂိုလ် ဖြစ်ပါ့မလဲဟု ငါ မျှော်မှန်းခဲ့တယ်။ ယနေ့ ငါ၏ မျှော်မှန်းချက်အတိုင်း သင့်ကို တွေ့ရပြီ။

"မြင့်မြတ်တဲ့ ဂုဏ်အရည်အချင်းများဖြင့် တန်ဆာဆင်ထားလျှင် အရုပ်ဆိုးတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ ကြည့်ရှုချင်စဖွယ် ဖြစ်လာတယ်။

ညစ်ညမ်းတဲ့ အပြစ်ဒေါသများ ရှိနေလျှင်မူ ရုပ်ရည်လှပတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ အရုပ်ဆိုး အကျည်းတန် ဖြစ်သွားရတတ်တယ်။

"သင်၏ ပညာဉာဏ်ဟာ ထူးခြား မြင့်မြတ်လှပေတယ်။ ယင်း ပညာဉာဏ်ဖြင့် သင်ဟာ မိမိ၏ ပြဿနာကိစ္စများကို ပြည့်ဝ အောင်မြင်စေခဲ့တယ်။ ပညာရှိသော်လည်း မိမိ၏ ပညာဉာဏ်ကို ကောင်းမြတ်တဲ့ အလုပ်ကိစ္စအတွက် အသုံးမချလျှင် ပညာရှိ မမည်ပေဘူး။ ပညာမျက်စိ မရှိတဲ့ ပုဂ္ဂိုလ်ဟာ မျက်စိရှိသော်လည်း တကယ့်မျက်စိရှိသည် မမည်ပေဘူး။

"ဒုက္ခဖြစ်နေတဲ့ ကမ္ဘာလောကဟာ ဒုက္ခမဖြစ်စေရန် လယ်ယာ စသည်ကို လုပ်ပြီး ဒုက္ခကို ငြိမ်းစေခဲ့တယ်။ သို့သော်လည်း ယနေ့ သင် အသိဉာဏ် ပညာဖြင့် ကုန်ဆုံးသွားအောင် လုပ်ပစ်လိုက်တဲ့ ဒုက္ခကမူ ကမ္ဘာလောကမှာ ရှိမြဲ ရှိနေတယ်။

"ကမ္ဘာလောကဟာ ဒုက္ခ မဖြစ်စေရန်အတွက် လည်းကောင်း၊ သုခ ဖြစ်စေရန်အတွက် လည်းကောင်း အခါခပ်သိမ်း ကြိုးပမ်းအားထုတ်နေတယ်။ သို့သော်လည်း သုခကို ဘယ်ပုံဘယ်နည်းဖြင့် ရရှိနိုင်တယ် ဆိုသည်ကိုမူ သူတို့ မသိကြဘူး။ သင်ဟာ ယနေ့ ရတောင့်ရခဲ အဲဒီသုခကို ရရှိခဲ့ပေပြီ"

ဗုဒ္ဓသည် နိုင်မြဲသော အသိပညာဉာဏ်ဖြင့် ခိုင်မြဲသော စိတ်ဓာတ်ရှိသူ နန္ဒအား ယင်းသို့ ပြောပြတော်မူ၏။ ထိုအခါ ချီးကျူးခြင်း၊ ကဲ့ရဲ့ခြင်း နှစ်မျိုးလုံးကို ညီတူညီမျှပင် သဘောထားနိုင်သည့် အဆင့်သို့ ရောက်ရှိလာပြီ ဖြစ်သော နန္ဒက လက်အုပ်ချီပြီးလျှင် ဗုဒ္ဓအား ဤသို့ ပြန်ကြားလျှောက်ထားသည်။

"အရှင်ဘုရားဟာ တပည့်တော်အပေါ်မှာ ထူးထူးခြားခြား ကရုဏာတရား ထားခဲ့ပါတယ်။ ကာမ ညွှန်ပျောင်းထဲမှာ နစ်မြုပ်နေတဲ့ တပည့်တော်ကို အရှင်ဘုရားဟာ ထုတ်ဆယ် ကယ်တင်ခဲ့ပါတယ်။ ယခု တပည့်တော် ကာမညွှန်ပျောင်းထဲက ထွက်လာခဲ့ပါပြီ။

"သစ္စာတရားကို အမှန်အတိုင်း သိရှိသည်ဖြစ်၍၊ အပြစ်ဒေါသတို့ကို ဖယ်ရှားပြီးသည်ဖြစ်၍၊ ငြိမ်းချမ်းမှုကို ရရှိသည်ဖြစ်၍ ယခု တပည့်တော်သည် လောကီ လူ့ဘဝကို လည်းကောင်း၊ သုဗ္ဗရီကို လည်းကောင်း၊ နတ်ကညာများကို လည်းကောင်း စွဲလမ်းမှု မရှိတော့ပါ။

"ဤမြင့်မြတ်စင်ကြယ်တဲ့ ငြိမ်းချမ်းမှုသုခ (သန္တိသုခ) ကို သုံးဆောင် ခံစားနေရပြီဖြစ်၍ တပည့်တော်၏ စိတ်နှလုံးဟာ ယခု ကာမသုခကို ခံစားလိုတဲ့ဆန္ဒ မရှိတော့ပါ။ အမြိုက်အရသာကို စားသုံးထားတဲ့ နတ်ဒေဝတာ၏ စိတ်ဟာ အခြား သတ္တဝါများ စားသုံးတဲ့ ထမင်းကို အဖိုး ဘယ်လောက်ပင် တန်သည် ဖြစ်စေကာမူ မလိုလား မတောင့်တတော့ သကဲ့သို့ ဖြစ်ပါတယ်။

"မျက်စိတွင် အဝိဇ္ဇာ အမိုက်မှောင် ဖုံးလွှမ်းခြင်း ခံနေရတဲ့ ကမ္ဘာလောကဟာ မြင့်မြတ်တဲ့ သုခကို မမြင်ရရှာဘူး။ အကြောင်းမှုကား ကမ္ဘာလောကဟာ ထာဝရသုခကို ပစ်ပြီ ကာမသုခ နောက်ကို လိုက်နေတယ်။ မိုက်မဲလှတဲ့ ပုဂ္ဂိုလ်ဟာ ရတနာတွင်းကို ရောက်သွားသော်လည်း အဖိုးတန်တဲ့

ရတနာတွေကို ပစ်ထားခဲ့ပြီး ကျောက်ခဲ မြေကြီးခဲကို ကောက်ယူလာသကဲ့သို့ ဖြစ်ပါတယ်။

"တပည့်တော်ဟာ ကရုဏာတော် ကြီးမားလှတဲ့ ဆရာသခင် အရှင်ဘုရားအား ဘယ်လိုလုပ် ကျေးဇူး တုံ့ပြန်နိုင်ပါမည်နည်း။ အရှင်ဘုရားဟာ ပင်လယ်သမုဒ္ဒရာထဲမှာ လှေနာဝါ နစ်မြုပ်သွားသူကို ဆယ်ယူကယ်တင် သကဲ့သို့ တပည့်တော်ကို ဘဝ ပင်လယ်ထဲက ထုတ်ဆယ် ကယ်တင်ခဲ့ပါတယ်"

နန္ဒ၏ စကားကို ကြားရသည့်အခါ ဗုဒ္ဓက မိန့်တော် မူပြန်လေသည်။

"နန္ဒ၊ သင်ဟာ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ပြီးသွားခဲ့လေပြီ။ မြင့်မြတ်တဲ့ အဆင့်ကို ရောက်ရှိသွားလေပြီ။ သင့်အတွက် ယခုပြုလုပ် ဆောင်ရွက်ဖွယ် မရှိတော့။

"ယခုအချိန်ကစပြီး သင်ဟာ အခြားပုဂ္ဂိုလ်များ လွတ်ငြိမ်းရေးအတွက် ကရုဏာတရားထားပြီး လှည့်လည်ပါလော့။

"ယုတ်နိမ့်တဲ့ ပုဂ္ဂိုလ်များဟာ ခုဘဝအတွက်သာလျှင် အလုပ် လုပ်ကြတယ်။ အလယ်အလတ် ပုဂ္ဂိုလ်များကတော့ ခုဘဝအတွက် လည်းကောင်း၊ နောက်ဘဝအတွက် လည်းကောင်း အလုပ် လုပ်ကြတယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များမှာမူ နောင်ဘဝတွင် အကျိုးရရှိရေး အတွက်သာလျှင် အလုပ် လုပ်ကြတယ်။ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်များကား တစ်ဖန် မွေးဖွားရခြင်းမှ ကင်းလွတ်ရေးအတွက် အလုပ် လုပ်ကြတယ်။

"မိမိ၏ ပင်ပန်းဆင်းရဲမှုကို ဂရုမထားဘဲ သူတစ်ပါးတို့အား ငြိမ်းချမ်းရေး တရားဥပဒေသကို ညွှန်ကြား ပြောပြလိုတဲ့ ပုဂ္ဂိုလ်သည်သာလျှင် ဤကမ္ဘာလောကမှာ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်ပေတယ်။

"သို့ဖြစ်၍ ဤကမ္ဘာလောကမှာ သင်ဟာ မိမိအလုပ်ကို ထားပြီး သူတစ်ပါးတို့၏ အလုပ်ကိုလည်း ပြုလုပ် ဆောင်ရွက်ပါလော့။ အဝိဇ္ဇာ အမိုက်မှောင်ထဲမှာ မျက်စိလည် လမ်းမှားနေကြတဲ့ သတ္တဝါများ၏ အလယ်မှာ ဤပညာဉာဏ် ဆီမီးကို ကိုင်ဆောင်သွားပါလော့။

"သင် မြို့အတွင်း၌ တရားဓမ္မ ဟောပြတဲ့အခါမှာ လူအပေါင်းတို့က အံ့အားသင့်ပြီး "တယ် အံ့ဩဖွယ်ကောင်းပါကလား။ နန္ဒတစ်ယောက်ဟာ ယခင်က ကာမဂုဏ် လိုက်စားသူဖြစ်ပြီး အခုတော့ လွတ်ငြိမ်းရေးတရားကို ဟောကြားနေပါကလား" ဟု ပြောကြလိမ့်မယ်။

"မိမိ၏ လင်ယောက်ျားဟာ အာရုံအမျိုးမျိုးကို တွယ်တာကပ်ငြိခြင်းမှ ကင်းလွတ်သွားပြီး မြဲမြံခိုင်ခံ့သွားပြီ ဆိုသည့် သတင်းကို ကြားလျှင် သင့် ကြင်ရာ ဇနီးကလည်း သင့်နည်းကို ယူပြီး မိန်းမများ၏ အလယ်၌ တရားဓမ္မအကြောင်းကို ပြောကြားပေလိမ့်မယ်"

ဗုဒ္ဓက ယင်းသို့ မိန့်တော်မူသည့်အခါ နန္ဒသည် ဗုဒ္ဓ၏ စကားနှင့် ဗုဒ္ဓခြေတော်မှ မြူမှုန်များကို ဦးထိပ်တွင် ရွက်ပြီးလျှင် မာန်ကျသွားပြီဖြစ်သော ဆင်ကဲ့သို့ ဗုဒ္ဓ၏ အပါးမှ ထွက်ခွာသွားလေ၏။ ထို့နောက် နန္ဒရဟန်းသည် အချိန်မီ မြို့အတွင်းသို့ ဆွမ်းခံကြွလေသည်။